
www.burmeseclassic.com

# ရွှေအရုဏ်



မေတ္တာမိုးတို့ရွာသွန်းစေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဓာပ္ပ ၄၃၁

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၇၀၅၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၇၃၀၂၀၇

ပုံနှိပ်ခြင်း – ၂၀၀၇ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ ကျပ်

အဖုံးဒီဇိုင်း – ဘိုဘိုထွန်း

ပုံနှိပ်သူ – ဦးမြင့်အောင်(မြ–၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ – ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ–၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com



လှိုင်း၏ရိုက်ခတ်သံက တိတ်ဆိတ်သောညမို့လားမသိ။ တဝုန်းဝုန်းဖြင့် လှိုင်းခေါင်းဖြူဖွေးဖွေးတို့က ကမ်းစပ်သို့ အရှိန်ပြင်းပြင်းဖြင့် ရိုက်ခတ်နေလေ၏။ နေမင်းအလင်းရောင်ရှိသော နေ့ခင်းအချိန်တုန်းကတော့ ဟောဒီပင်လယ်ကြီးထဲမှာ များပြားလှသည့်လူတွေ ပျော်ရွှင်စွာ ကူးခတ်ကစားလို့လေ။

သူတို့၏ ပျော်ရွှင်စွာရယ်မောသံ၊ အော်ဟစ်သံ၊ သီချင်းသံစသည်တို့က လှိုင်း၏ရိုက်ခတ်သံတို့ကိုပင် ဖုံးလွှမ်းခဲ့တာမဟုတ်လား။ ယခုလိုညမှာတော့ ပင်လယ်ထဲမှာ ဘယ်သူမှမရှိ။ လှိုင်းလုံးဖြူတွေချည်း လွတ်လပ်စွာ ရိုက်ခတ်နိုင်တော့၏။

တကယ်တော့ ဒီပင်လယ်ပြင်မှာ ဒီလှိုင်းလုံးတွေရှိနေတာ သဘာဝမဟုတ်လား။

သူမက ဖိနပ်မပါ၊ ခြေဗလာချည်းသက်သက်ဖြင့် သဲသောင်ပြင်မွမွထက်တွင် တစ်လှမ်းချင်း လျှောက်နေမိသည်။ ပင်လယ်ပြင်ကို ဖြတ်သန်း၍ ရိုက်ခတ်လာသော လေအေးအေးတို့



www.burmeseclassic.com

www.burmeseclassic.com



က သူမ၏ရှည်လျားသောဆံနွယ်တို့ကို လွတ်လပ်စွာ လွင့်မျောစေ၏။

တိတ်ဆိတ်သော ကမ်းခြေမှာ လူတချို့က အုပ်စုဖွဲ့၍ ဂစ်တာတီးကြ၊ တချို့က ပြန်ခါနီး မီးပုံပွဲဖြင့် နှုတ်ဆက်ကြ ကိုယ့်အုပ်စုလေးနှင့်ကိုယ် သီးခြားကမ္ဘာ ဖန်တီးနေကြချိန် သူမကတော့ တစ်ယောက်တည်း။

ကိုကိုရယ်…

အများသူငါတွေ ပျော်နေချိန်မှာ သူမရင်ထဲ မပျော်ရွှင်နိုင်ဖြစ်ကာ တစ်ယောက်တည်း အထီးကျန်နေရတဲ့အဖြစ်။

ယခုချိန်မှာ ကိုကိုသာ သူမအနားမှာရှိလျှင် ဘယ်လောက်ပျော်စရာကောင်းမလဲ။ သေချာတာကတော့ ကိုကိုသည် ယခုအချိန်မှာ ရန်ကုန်မြို့၏ နီယွန်မီးရောင်များအောက်ရှိ ရောင်စုံဆလိုက်မီးများ လှပစွာထွန်းညှိထားသော ဂစ်တာသံတို့ဖြင့် မြူးကြွနေသည့် စားသောက်ဆိုင်တစ်ခုခုမှာ ရှိနေမည်မလွဲပေ။

ဒေါက်တာ သော်ဇင်…

အသားဖြူဖြူ၊ ပိန်ပိန်ပါးပါးနှင့် လှိုင်းထဆံပင်တိုတိုကနဖူးတွင် အနည်းငယ်ဝဲလျက် ချောမောသောရုပ်သွင်နှင့် ကိုကိုလေ။





တကယ်တော့ သူမနှင့်ကိုကိုဆိုတာ ယခုမှ သိခဲ့တာလည်း မဟုတ်။ ဟိုးငယ်စဉ်ကတည်းက ခင်မင်ရင်းနှီး သိကျွမ်းခဲ့ကြတာပါ။

သည်တုန်းက သူမ၏ဖေဖေသည် အရာရှိအဖြစ်နှင့် ပုသိမ်သို့ပြောင်းခဲ့စဉ် ကိုကိုတို့မိသားစုနဲ့ ဆုံစည်းခဲ့ကြ၏။

ထိုအချိန်က သူမရှစ်တန်းကျောင်းသူလေး ဖြစ်သည်။ ကိုကို၏ ညီငယ်ဖြစ်သော ကျော်ဇင်က သူမနှင့်အတန်းတူ။

"ကျော်ဇင်က ဆရာဝန်ကြီးသားလေ"

အတန်းတူသူငယ်ချင်းတွေက ကျော်ဇင်အကြောင်းပြောလာ၏။ အသားအနည်းငယ်ညိုသော ကျော်ဇင်သည် သူငယ်ချင်းများနှင့် ပျော်ပျော်နေတတ်သူ။

"မီမီဦးတဲ့လား၊ တွေ့ရတာဝမ်းသာပါတယ် မီမီ၊ တို့အခန်းထဲ နင်လိုကျောင်းသူသစ်ရောက်လာတာ ဝမ်းသာစရာပဲ၊ ငါ့နာမည် ကျော်ဇင်တဲ့"

"သိပါတယ်"

"ဟင်…ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ငါ့နာမည် ကြိုသိထားတယ်ဆိုတော့ ကြည့်ရတာ ဒီကျောင်းမှာ ငါက စတားဖြစ်နေလို့နေမှာ ဟဲ…ဟဲ"

www.burmeseclassic.com



ကျော်ဇင်၏ စပ်ဖြဲဖြဲအပြောကြောင့် ချက်စောင်းလေးထိုး မိသူက သူမ။

"ဟင်း...ဟုတ်ပါလိမ့်မယ်၊ ဒီအတန်းထဲမှာ နင်က အဆော့သန်တာ အနောက်အပြောင်သန်တာ ကျောင်းပျက်များတာ တွေကြောင့် နာမည်ကြီးနေတာလေ"

"ဟာ...သွားပြီ"

သူမစကားကို နာကျင်ဟန်မပြဘဲ ကျော်ဇင်က နဖူးကို လက်နှင့် ဖျတ်ခနဲရိုက်ကာ တခွီးခွီးရယ်၏။ မှန်တာပြောရလျှင် ကျော်ဇင်သည် ပွင့်ပွင့်လင်းလင်းနှင့် ပျော်ပျော်နေတတ်သော ခင်စရာ ကောင်းသည့် လူငယ်လေးပါ။

"ကျော်ဇင်က စိတ်ပျက်စရာကောင်းသလောက် ကျော်ဇင့် အစ်ကိုကတော့ စိတ်ဝင်စားစရာကောင်းတယ် မိမိရဲ့"

"ဟင်...ဟုတ်လား၊ သူက ဘယ်လိုစိတ်ဝင်စားစရာ ကောင်းတာလဲဟင်"

အတန်းတူပေမယ့် တချို့ကျောင်းသူတွေက သူမထက် အသက်ကြီး၏။ ထို့ကြောင့် ရွယ်တန်းကျောင်းသူပေမယ့် သူတို့ဆိုက် ဝိုက်တွေက အမျိုးကြီးဟန်။

သူမမေးတော့ ပြုံးစေ့စေ့တွေဖြင့် မျက်နှာမှာ ပန်းနုရောင်





သန်းကာ...

"ကျော်ဇင်အစ်ကို သော်ဇင်က သိပ်ချောတာ၊ ပြီးတော့ ဆရာဝန်လောင်းလေ မိမိ"

"ဟင်...ကျော်ဇင်ကြတော့ စာမတော်ပါဘူး"

"အဲဒါကြောင့် ညီအစ်ကိုချင်းပေမယ့် ကွာတယ်ပြောတာ၊ ဟိုက စတိုင်လည်းမိတယ်၊ ကြည့်လိုက်တာနဲ့ ရင်ထဲကြည်နူးသွား တာမျိုး မိမိရဲ့"

သည်လောက်ဆို သူမသိပါပြီ။

ဒေါက်တာသော်ဇင်ကို ဒီမမတွေ စိတ်ဝင်စားနေကြတာ ပါလား။ အပျိုပေါက်လေးအရွယ် သူမပင် သူတို့စကားကြောင့် ဒေါက်တာသော်ဇင်ကို တွေ့ချင်လာရ၏။

"မမတို့ ဒီလောက်ညွှန်းတာ မိမိတောင် သူ့ကို တွေ့ချင် လာပြီ"

"အမယ်လေး တွေ့ရမယ်မပူနဲ့၊ သူက ဒီအချိန်တော့ မရှိဘူး၊ ကျောင်းပိတ်မှ မြို့ကိုပြန်လာတာ၊ ဒီမြို့မှာတော့ ဒေါက်တာ သော်ဇင်ကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေ အများကြီးပဲ မိမိ"

"ဪ"

ဆရာဝန်ကြီး၏သားလည်း ဖြစ်ကာ ကိုယ်တိုင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လောင်းဆိုတော့ မိန်းကလေးတွေအတွက် သူရဲကောင်းပင်။ ရုပ်ကလည်းချော စတိုင်ကလည်းကျတော့ ပြောစရာမရှိပေ။

ဆံချင်တော့ ထိုနေ့က မေမေ၏ ကြိုဆိုနှုတ်ဆက်ပွဲဖြစ်သည်။ မြို့ပေါ်က ဂုဏ်သရေရှိ အသိုင်းအဝိုင်းနှင့် ဘဝတူဝန်ထမ်းများကိုပါ ဖိတ်ကာ မိတ်ဆက်ပွဲ။

"ဟာ…ဆရာဝန်ကြီး ကြွပါခင်ဗျာ"

ဆရာဝန်ကြီးဆိုတဲ့ စကားကြောင့် သူမ လှည့်ကြည့်မိတော့ အသက်ငါးဆယ်ဝန်းကျင် အသားဖြူဖြူ အရပ်ထောင်ထောင် မောင်းမောင်းနှင့် ဥပဓိရုပ်ကောင်းသည့် အမျိုးသားကြီးတစ်ဦး၊ သူ့နောက်မှာ အသက်နှစ်ဆယ်ဝန်းကျင် အသားဖြူဖြူ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့် ချောမောသော လူငယ်တစ်ယောက်။

"ကျွန်တော် စောစောလာမလို့ပဲ၊ ကိုဘဦးရေ လာခါနီးမှ အရေးပေါ်ကေ့စ်ရှိလို့၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်သားကြီး ရန်ကုန်မှာကျောင်းတက်နေတဲ့ မောင်သော်ဇင်တဲ့၊ သားရေ ညီလေးကော"

"ဒီမှာဒက်ဒီ"

ဖြန်းခနဲ နောက်ကွယ်မှ ရယ်ကျဲကျဲမျက်နှာနှင့် ထွက်လာတဲ့ ကျော်ဇင်ကို တွေ့ရ၏။





"သားတွေက အချောတွေပဲ ဆရာကြီးရဲ့၊ ကျွန်တော့် သမီးတွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သမီး မိမိ ဒီကိုလာဦး"

"ဟုတ်ကဲ့ မေမေ"

ထိုနေ့က သူမသည် အဖြူရောင်ဂါဝန်ရှည်ရှည်လေး ဝတ်ထားကာ ကုတ်ဝဲရှိ နက်မှောင်သော ဆံပင်လေးတွေကို ဖြန့်ချထား၏။

"ဒါက ကျွန်တော့်သမီးကြီးပါဆရာ၊ မိမိဦးတဲ့၊ ရှစ်တန်းတက်နေတယ်"

"ဟင်…ဒါဆို သားငယ်ကျော်ဇင်နဲ့ အတူတူပေါ့"

"အဟီး…ဟုတ်တယ် ဒက်ဒီ၊ မိမိနဲ့ကျွန်တော်က တစ်တန်းတည်း"

ကျော်ဇင်က စပ်ဖြဲဖြဲလေး ဝင်ပြောသည်။ လူကြီးတွေက ပြုံးကာ…

"ဒါဆို စောစောကပြောရောပေါ့ သားငယ်၊ ကဲ ကိုဘဦး ရေ ကလေးတွေက အစကတည်းက သိနေကြတာဗျ"

"ကောင်းတာပေါ့ ဆရာကြီး သူတို့ချင်း စည့်ခံနိုင်းရမယ်၊ ကဲ…သမီးကိုကိုတွေကို မုန့်ကျွေးဖို့လုပ်၊ [illegible] လေးကော"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်ဖေဖေ၊ သူ့သူငယ်ချင်းတွေရောက်နေလို့"

"အေး…အေး နောက်မှခေါ်ပြီး ဆရာကြီးတို့နဲ့ မိတ်ဆက်ပေးရမယ်၊ ကဲ…ဆရာကြီး ကျွန်တော်တို့ လူကြီးဝိုင်းကြွပါ"

လူကြီး လူငယ် အုပ်စုကွဲသွားကြသည်။ လူကြီးလည်း မဟုတ်၊ ကလေးလည်းမဟုတ်သော ကိုကိုသော်ဇင်က ဘယ်လိုက်ရမှန်းမသိဖြစ်စဉ်…

"ကိုကို လာလေ"

ဟု သူမဘာကြောင့် ခပ်သွက်သွက်လေး ခေါ်လိုက်မိပါလိမ့်။ ထိုအချိန် ဖျတ်ခနဲမှာပဲ နီတွေးသော ကိုကို့နှုတ်ခမ်း ပြုံးသွားကာ…

"အဟွန်း …ကောင်းပါပြီဗျာ"

သူမနှင့်အတူ လိုက်ခဲ့၏။

ကျော်ဇင်က နောက်မှ

"ဟဲ့…မိမိ နင့်သူငယ်ချင်းက ငါပါဟ"

"အေးလေ…နင်က သူငယ်ချင်းဆိုတော့ အထူးဧည့်ခံစရာမလိုဘူး၊ ကိုကိုကဧည့်သည်"

"ဪ…ဪ အထူးဧည့်သည်ပေါ့ ဟုတ်လား မိမိ"

တဲ့ ကျော်ဇင်ဇင်၏ ခပ်ရွဲ့ရွဲ့အမေးကို သူမကလည်း ခပ်ရွဲ့ရွဲ့ပင်





ဖြေသည်။

"အေး…ဟုတ်တယ်"

ကိုကိုက သူမတို့နှစ်ယောက်၏ ပြောစကားများကို ရယ်မောနားထောင်၏။

"ညီညီနဲ့ မိမိက တွေ့တာနဲ့ ဒီလိုပဲရန်ဖြစ်နေကြလား"

"ကိုကိုညီက ကျောင်းမှာသိပ်အစသန်တာ"

သူမက ဦးအောင်တိုင်လိုက်၏။ ကိုကိုက မျက်နှာတည်တည်ဖြင့်…

"ဟုတ်လား ညီညီ"

"ဟာ…မဟုတ်ပါဘူး ကိုကို၊ မိမိ နင် လျှောက်မပြောနဲ့နော်"

"ငါ ဟုတ်တာပြောတယ်၊ မိမိပြောတာ အမှန်ပဲကိုကို"

ကိုကိုဆူတော့ ကျော်ဇင် မျက်နှာငယ်လေးနဲ့မို့ သူမ သဘောကျသွား၏။ တစ်သက်လုံး ဘယ်တော့မှ မျက်နှာပိုးမသေတဲ့လူ၊ ခုတော့ ဘယ်နှယ့်ရှိစဟု စိတ်ထဲတွေးကာ ပြုံးလိုက်မိသေးသည်။

"ညီညီနော်…မင်းသတိထား"

"ဟုတ်ကဲ့ပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင် ကိုကိုမမြင်အောင် သူမကို လက်ညှိုးဆုပ်ပြ၏။ ထိုစဉ် ဆူညံစွာဖြင့် ကိုကိုအနားသို့ ဖျတ်ခနဲ ရောက်လာကြသော အပျိုမမတို့အုပ်စု။

"ဟယ်…ကိုသော်ဇင်၊ ယူ ဘယ်တုန်းကပြန်ရောက်တာလဲ"

"ယူက ရက်စက်တယ်ကွာ၊ ပြန်ရောက်တာတောင် အိုင်တို့ကို အသိမပေးဘူး"

မျက်နှာတွင် ကာလာရောင်စုံနှင့် ခန္ဓာကိုယ်မှာ အဖုအထစ် ကောက်ကြောင်းတွေဖြင့် ရေမွှေးနံ့တသင်းသင်းနဲ့ အပျိုမတွေကြားမှာ သူမ ကလေးဖြစ်သွားရ၏။

ကိုကိုကတော့ အလိုက်သင့်ပြုံး၍ စကားပြန်သည်။

"ရောက်တာ မကြာသေးပါဘူးဗျာ၊ စာမေးပွဲပြီးလို့ ခဏအနားယူနေတာ"

"ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ ပင်စီတို့ဆီလာရမယ်"

"ဟော့…အိုင့်ဆီလည်း လာရမယ်နော်၊ မနက်ဖြန် ဒင်နာကို အိုင်ကျွေးမယ်"

ကိုကို့နားမှာ ကဲကဲလှုပ်နေကြသော အပျိုချောအုပ်စုကို ကြည့်ကာ သူမ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။





"ကဲ…ကဲ ခုတော့ အိုင်တို့နဲ့လိုက်ခဲ့"

"ဟုတ်တယ်…ဟုတ်တယ် ယူနဲ့တွေ့ခဲတယ်"

မမတွေ ဝိုင်းခေါ်တာကြောင့် ကိုကိုက သူမကို တစ်ချက်ပြုံးပြကြည့်ပြီး လိုက်ပါသွား၏။

"တွေ့လား…ငါ့အစ်ကို ဘယ်လောက်စွံတယ်ဆိုတာ"

အရေးထဲ ကျော်ဇင်က ဂုဏ်ယူစွာပြောနေတာမို့ သူမ မျက်စောင်းထိုးမိသည်။ ရင်ထဲမှာတော့ သူမကိုထားကာ ကိုကို လိုက်သွားတဲ့အတွက် အားငယ်လိုက်ရတာ။

ကိုကို့ဘဝထဲမှာ သူမ အရေးပါချင်ခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ်မှာ ရည်းစားရှိလား"

"အို…ဟင့်အင်း"

ကိုကိုက ခပ်ပြုံးပြုံးမေးပေမယ့် သူမမှာ မျက်နှာလေးရဲ့ကာ အရှက်သည်းမိရ၏။ ကိုကို့ကိုလည်း မကြည့်ရဲအောင်ပါပဲ။

"အေး…ကောင်းတယ်ကွ၊ တကယ်တော့ ချာတိတ်က ငယ်ငယ်ပဲရှိသေးတာ၊ ရည်းစားမထားနဲ့"

"ဟုတ်ကဲ့"

ကိုကို့စကားဆို နားထောင်ဖို့ အဆင်သင့်။ ခေါင်းလေးသွက်သွက်ညိတ်မိရ၏။ ဖေဖေက နားရက်တွေမှာ ဂေါက်ရိုက်တတ်သည်။ အိမ်မှကား ဖေဖေရှိရာ ဂေါက်ကွင်းသို့ သွားကြိုလျှင် သူမပါတတ်သွား၏။

ဂေါက်ကွင်းမှာ ကိုကိုနှင့် ဆုံသည်။ ကိုကိုက ဂေါက်ရိုက်ကောင်းတယ်ဟု ဖေဖေ မကြာခဏပြောသံတော့ သူမကြားဖူး





သည်။ ဖေဖေတို့လူကြီးတွေ ဂေါက်ရိုက်ပြီး အနားယူချိန်မှာ ကိုကိုက သူမနှင့် စကားလာပြောတတ်သည်။

"ကျော်ဇင်က ကျောင်းမှာ စာလိုက်နိုင်ရဲ့လား ချာတိတ်"

"ဟို…သိပ်မလိုက်နိုင်ပါဘူး ကိုကို"

အတန်းထဲမှာတော့ ကျော်ဇင်က ပုံမှန်လောက်ပဲရှိ၏။ ထိုကို စာတော်သလောက် ကျော်ဇင်က စာကို စိတ်မဝင်စားပါ။

"အင်း…ညီညီကို စာနဲ့ပတ်သက်ပြီး ကြပ်မတ်ရမယ်၊ ဒါနဲ့ ချာတိတ်ကော"

"ရှင်"

"ဩော်…ချာတိတ်လည်း စာမလိုက်နိုင်တာရှိလား၊ သင်္ချာ၊ အင်္ဂလိပ်ဆို ကိုကို ပြပေးနိုင်တယ်လေ"

ထိုစကားကြောင့် သူမ ဝမ်းသာချင်ပေမယ့် မျက်စိထဲမှာ ကိုကို့နားပိုင်းနေသည့် အမိုလှလှအုပ်စုမြင်ကာ ခေါင်းလေးခါမိမိ၏။

"အဲဒီဘာသာတွေကို အိမ်မှာ ဆရာခေါ်သင်နေပါတယ်"

"ဩော်…ကောင်းတာပေါ့၊ ဒါဆို ညီညီကိုပါ ချာတိတ်နဲ့အတူ သင်ခိုင်းရမယ်"

ကျော်ဇင် အများကလောင်းနဲ့တော့ အတူမသင်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုကိုပြောတာမို့ အလိုက်သင့် ခေါင်းညိတ်ရ၏။

"ကျော်ဇင်က သချ်ာနဲ့အင်္ဂလိပ် ရပါတယ် ကိုကို"

"ဟုတ်လား၊ ဒီကောင် ကျက်စာတွေအားနည်းတာ ဖြစ်မယ်"

"ဟုတ်တယ် ကိုကို၊ သူ ကျက်စာအမှတ်နည်းတယ်"

ဝမ်းသာအားရ သူမပြန်ပြောလိုက်၏။ ကိုကိုက သူမကို ကြည့်ကာ…

"ချာတိတ်က ထွားတယ်နော်"

"ရှင်"

"သြော်…ချာတိတ်က အသက်ကငယ်သေးပေမယ့် ခန္ဓာကိုယ်က ထွားတာပြောပါတယ်"

"ဟို…ဖေဖေက အားကစားလုပ်ခိုင်းတယ် ကိုကို"

"သြော်…သြော် ဒါကြောင့်ကိုး"

သဘောကျဟန်ဖြင့် ကိုကိုပြုံးလေ၏။ ကိုကိုကြည့်တော့ သူမ မနေတတ်သလို ရှက်ကာ ခေါင်းငုံ့နေမိသည်။

"ချာတိတ်"

သူမက မျက်လုံးဝိုင်းများဖြင့် မော့ကြည့်၏။ ထို့နောက်

"ဘာလို့ ချာတိတ်ခေါ်တာလဲ၊ နာမည်ရှိတယ် ကိုကို"





"ဗျာ…အဟွန်း…ဟွန်း ကိုကို ချာတိတ်လို့ခေါ်တာ မင်းမကြိုက်ဘူးကိုး၊ ကောင်းပါပြီဗျာ ဒါဆို မိမိလို့ခေါ်မယ် ဟုတ်လား"

သူမ ခေါင်းလေးညိတ်တော့ ကိုကိုရယ်လေ၏။ ထိုရယ်သံကို သူမရှက်သလိုလို။

"မိမိက အတန်းထဲမှာ 'စာတော်တယ်ဆို"

"ကျော်ဇင်ပြောတာလား ကိုကို"

"အဟွန်း…ဒါပေါ့ဗျာ"

သည်လိုဆိုတော့ သူမကောင်းကြောင်းတွေ ပြောနေတဲ့ ကျော်ဇင်ကို ကျေးဇူးကြီတ်ကာတင်မိပါ၏။

"မိမိ စာမတော်ပါဘူး ကိုကို"

"ကိုကိုကတော့ စာတော်စေချင်တယ်"

"ဘာဖြစ်လို့လဲ"

ကိုကို့မျက်လုံးတွေနှင့် သူမဆုံသွား၏။ ကိုကိုက သူမ တစ်ကိုယ်လုံးကို ဖျတ်ခနဲကြည့်သည်။

"မိမိကလှတယ်၊ စာတော်လို့ ဆေးကျောင်းရောက်ရင် ရည်းစားတွေ အများကြီးရမှာ"

"ဟာ…ကိုကိုကလည်း ဘာမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမမျက်နှာလေး နီမြန်းကာ ရှက်သွားလိုက်ပုံမှာ ကိုကို့ကို ပြန်မကြည့်ရဲအောင်ပါပဲ။

"မိမိ ဆေးကျောင်းမတက်ချင်ဘူးလား"

သူမ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း…ကိုကို၊ မိမိ ဝါသနာမပါဘူး"

"ဪ"

ထိုစဉ်က ကိုကို့မျက်နှာ မည်သို့ဖြစ်သွားမယ်ဆိုတာ သူမ ဘာကြောင့် တစ်ချက်မော့မကြည့်ခဲ့တာပါလိမ့်။

"မိမိက ဘာဝါသနာပါလဲ"

ကိုကိုမေးတော့ သူမ တစ်ချက်စဉ်းစား၏။

"စာရေးမယ်"

"ဗျာ"

"ဟုတ်တယ်၊ မိမိ စာရေးဆရာမဖြစ်ချင်တယ် ကိုကို"

သည်တစ်ခါ ကိုကို မရယ်နိုင်တော့ပေ။ သူမမျက်နှာလေးကို စိုက်ကြည့်ကာ…

"အဲဒီလိုအတွေးကို မိမိ ဘယ်ကရတာလဲ"

"အို…ဒီလိုပဲ အစကတည်းက စိတ်ထဲရှိတာကိုကို"

ကိုကို သက်ပြင်းချ၏။ ထို့နောက် သူမကို ဖျောင်း





သောလေသံနှင့် နူးညံ့စွာပြောလာသည်။

"စာရေးတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် ဘွဲ့တစ်ခုရအောင်လုပ်ပြီး ဂုဏ်ရှိမယ့်အလုပ်တစ်ခုခုတော့ လုပ်ရမယ် မိမိ၊ ဒါမှ ပတ်ဝန်းကျင်မှာ ဂုဏ်ရှိမယ်"

ထိုစဉ်က ကိုကို ဘာကိုဆိုလိုတယ်ဆိုတာ သူမ နားမလည်ခဲ့ပေ။

"စာရေးတာလည်း ဂုဏ်ရှိတယ်မဟုတ်လား ကိုကို"

သူမပြန်မေးတော့ ကိုကို ငြိမ်သက်စွာကြည့်၏။ ထို့နောက် ပြုံးကာ…

"မိမိက ငယ်သေးတော့ ဒါတွေနားမလည်ပါဘူး၊ ခုတော့ မိမိစာကြိုးစား ဟုတ်လား၊ ကိုကိုပြောတာတွေ မိမိကြီးရင် နားလည်လာလိမ့်မယ်"

"ကိုကိုက စာကြိုးစားစေချင်ရင်တော့ မိမိ ကြိုးစားပါ့မယ်"

"အဟွန်း…ဟွန်း ဒီလိုမှပေါ့ကွာ"

ကိုကို သဘောကျ၍ရယ်လိုက်တိုင်း သွားဖြူဖြူညီညီချက်လေးတွေပေါ်ကာ ကြည့်ကောင်းလှ၏။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ခေါ်ပြီးမှ သူမပြောသင့် မေးသင့်ရဲ့လားဟု စဉ်းစားမိသည်။

"ကောင်မလေး လူကိုခေါ်ပြီး ဘာကြောင့်တိတ်နေတာလဲ"

"ဟို…ကိုကို…ကိုကို့မှာ ရည်းစားတွေ အများကြီးလားဟင်"

"ဗျာ…ဗျာ အဟွန်း…ဟွန်း"

သူမမေးခွန်းက ကိုကို့အတွက် ရယ်စရာကောင်းသော ပြက်လုံးသဖွယ်။ သူမ မျက်နှာလေးငယ်သွားသည်။

"မိမိက ဘယ်လိုထင်လဲကွ၊ ဟင်"

"မိမိသိပါတယ်၊ ကိုကို့မှာ ရည်းစားတွေအများကြီးဆိုတာ၊ ဟိုတစ်နေ့က မမတွေပဲကြည့်လေ"

ဝမ်းနည်းအားငယ်သံဖြင့် သူမပြောတော့ ကိုကိုပြုံးရင်းမှ မျက်နှာတည်လျက် ခေါင်းခါယမ်း၏။

"စွတ်အထင်ကြီးမနေပါနဲ့ဗျာ၊ ကိုကို့မှာ စာတွေများလွန်းလို့ ရည်းစားမထားနိုင်ပါဘူး ကလေးရယ်"

"ဟင်…ဒါဆို ဟိုနေ့က မမတွေ"





"အော်…သူတို့က ကိုကို့မိတ်ဆွေတွေပါ၊ ဘာလဲ မိမိက သူတို့ကို ကိုကို့ရည်းစားတွေ ထင်နေတာလားဟင်"

"ဟုတ်"

မှလိမ်ညာစတမ်း သူမဝန်ခံလိုက်၏။ ကိုကို ကရယ်သည်။

"မဟုတ်ပါဘူးဗျာ"

ကိုကို့နှုတ်ဖျားမှ ထိုစကားကြားရတော့ သူမရင်ထဲအလိုလိုပျော်သွား၏။ ကိုကိုပြောသမျှ ယုံသည်။

"မိမိလည်း နောက်နှစ်နှစ်ဆို ဆယ်တန်းရောက်ပြီနော်"

"ဟုတ်ကဲ့"

"ဆယ်တန်းကို နှစ်ချင်းပေါက်အောင် ကြိုးစား မိမိ၊ ဒါမှ တက္ကသိုလ်ရောက်ရင် ကိုကိုနဲ့ ပြန်တွေ့နိုင်မှာ"

"မိမိ တက္ကသိုလ်ရောက်ရင် ကိုကို လာမှာလားဟင်"

မျှော်လင့်ချက်လေးဖြင့် သူမ မေးမိ၏။ ကိုကိုပြုံးကာ ခေါင်းညိတ်သည်။

"လာမှာပေါ့ဗျာ၊ မိမိက ကိုယ့်ညီမလေးပဲ"

"မဟုတ်ဘဲနဲ့"

"ညီမ"ဟူသောစကားကို သူမ မကြိုက်ခဲ့ပေ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုကိုနှင့်သူမ ဘာမှမတော်တာပဲ။

"ဒါဆို မီမီက ကိုကို့ညီမလေး မလုပ်ဘူးပေါ့"

"ဟင့်အင်း"

သူမ ခေါင်းခါယမ်းတာ သွက်လိုက်တဲ့အဖြစ်။ ငယ်ရွယ်သူမို့ သူမစကား ဘယ်ရောက်သွားမလဲဆိုတာ မစဉ်းစားနိုင်ခဲ့ပါ။ ကိုကိုကတော့ သဘောကျမဆုံးပေ။

ကိုကိုက စာကြိုးစားဆိုတာကြောင့် သူမ အရင်ထက်ပို ကြိုးစားလာ၏။ ဖေဖေတို့ကတော့ သဘောကျမဆုံးပေ။

ကိုကိုပြန်သွားတဲ့အချိန်မှာ သူမ ရင်ထဲ ကြိတ်ကာလွမ်းခဲ့ရသည်။

"နောက်တစ်ခါ ကိုကိုပြန်လာရင် မီမီ့အတွက် ဘာဝယ်ခဲ့ရမလဲ"

"ကိုကို ကြိုက်တာဝယ်ပါ"

"မီမီက ကလေးဆိုတော့ အရုပ်ဝယ်ခဲ့မယ်"

"ဟင်"

သူမမျက်နှာပျက်တော့ ကိုကိုရယ်၏။ ထို့နောက် သူမတစ်ကိုယ်လုံးကြည့်ကာ...

"ဟုတ်သားပဲ...မီမီက ကလေးမှမဟုတ်တာပဲ၊ ဒါဆို





မိတ်ကပ်ဗူး၊ ဆံညှပ် ဟုတ်လား မီမီ"

"မသိဘူး၊ မီမီ မပြောတတ်ဘူး ကိုကို"

စိတ်ထဲမှာ ကိုကိုပေးတဲ့ မိတ်ကပ်ဗူး လိုချင်မိ၏။ သို့သော် လက်တွေ့ယူဖို့တော့ ရှက်သလိုလိုပါပဲလေ။





www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်ပေမယ့် သူမက ဝါသနာပါသော မြန်မာစာကိုသာ ယူခဲ့သည်။ ထို့အတွက် ဖေဖေ မေမေတို့က သိပ်သဘောမကျပေ။ သို့သော် သူမဆန္ဒမို့ ဘာမှမကန့်ကွက်ခဲ့ပါ။ ဖေဖေကတော့ စကားတစ်ခွန်းပဲပြော၏။

"သမီးဝါသနာပါလို့ သမီးကြိုက်တဲ့ မေဂျာယူတာ ဖေဖေ ဘာမှမပြောလိုဘူး၊ အခုက ဖေဖေမှာချင်တာက ဘယ်နေရာပဲ ရောက်ရောက် ဘယ်လိုအနေအထားပဲဖြစ်ဖြစ် ကိုယ်လက်ရှိရောက် နေတဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင်လုပ်ပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူမ ရန်ကုန်တက္ကသိုလ် လာတက်ချိန်တွင် ဖေဖေတို့နယ်မှာ ကျန်ခဲ့၏။ ထိုနှစ်တွေအတွင်း ကိုကိုတို့မိသားစုက ရန်ကုန် ပြောင်းသွားခဲ့သည်။

"မိမိ…ရန်ကုန်မှာ တက္ကသိုလ်လာတက်ရင် ကိုကိုနဲ့ ပြန်ဆုံမှာပဲ"





ပြောင်းကာနီး မြေရခဲ့သော ကိုကို၏စကားပင်။ ယခု တော့ သူမ ရန်ကုန်မြေသို့ ရောက်ပြီ။ တက္ကသိုလ်မှာ ကျော်ဇင် နှင့် ပြန်ဆုံ၏။ ကျော်ဇင်က သချီာအဓိက။

"နင်က မြန်မာစာကျောင်းသူ ဖြစ်သွားတယ် မိမိ"

အနည်းငယ်ညိုသော အသားမှာ စိုလျက် အရင်ကထက် အရပ်များစွာမြင့်သွားသည့် ကျော်ဇင်ကို သူမပြုံးကြည့်မိ၏။

"ဘာလဲ ကျော်ဇင်၊ ငါ့ပုံစံက တောကိုက်ဖြစ်နေလို့လား"

တင်ပါးအောက်ထိ ရှည်သော ဆံပင်များကို အရင်းမှ ဆံကုပ်ဖြင့်ကုပ်ကာ လည်ထောင်ကြယ်သီးပွင့် ကွင်းတပ်ရင်ဖုံးအင်္ကျီ နှင့် လုံချည်ကို အနည်းငယ် ရှည်ဝတ်ထားသော သူမသည် နောက်ဆုံးပေါ် ခေတ်မီအသုံးအဆောင်များဖြင့် ရှေ့ပြေးကျောင်းသူ များအလယ် တစ်ဦးတည်း ထင်ရှားနေသလိုပါပဲ။

သူမမေးတော့ ကျော်ဇင် ဟက်ခနဲရယ်၏။ သည်ကောင် က ပွင့်ပွင့်လင်းလင်းသမား။

"အေး…ငါပဲ ရန်ကုန်မှာ အနေကြာလို့လားမသိဘူး၊ နင့်ပုံစံက ငါ့မျက်စိထဲမှာ နည်းနည်းဆန်းနေတယ် မိမိ"

"တောသူမလို့ ပြောလိုက်စမ်းပါ ကျော်ဇင်ရယ်၊ ငါ့ကို အားနာမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…နင်ကလဲ"

သည်တစ်ခါတော့ သူမကပဲ ကျော်ဇင်ထက် ပွင့်လင်းမိ၏။ ဒါကိုပဲ ကျော်ဇင် အားနာသွားဟန်။

"ငါပြောတာ မဟုတ်ဘူးလား ကျော်ဇင်"

"ဒီလိုတော့လည်း မဟုတ်ပါဘူးဟာ၊ တကယ်တော့ နင့်ပုံစံက မြန်မာဆန်ဆန်နဲ့ ကျက်သရေရှိတာပါ၊ မျက်မိတော့ အေးတယ်ဟ"

"မိမိနော်…ငါ့ကိုမရွဲ့နဲ့၊ ကိုကိုကတော့ နင့်ကိုတွေ့ရင် အံ့သြမှာပဲ"

ကိုကိုဆိုတဲ့အသံ ကြားမှ သူမရင်ထဲ နွေးထွေးသလိုပါပဲ။

"ကိုကို နေကောင်းတယ်နော် ကျော်ဇင်"

"အမယ်လေးဗျာ…သူက ဆရာဝန်ပါ၊ ငါ့ကို နေကောင်းလားမေးရင် တော်သေးတယ် မိမိရယ်"

"ဟဲ့…နင်က ကျားကိုးစီးစားမကုန်တဲ့ ကိုယ်ကြီးနဲ့"

အမှန်တော့ ကိုကို့အကြောင်း ဒီထက်ပိုသိချင်၊ ပြောချင်မိတာပါ။ ကိုကိုကော ရန်ကုန်သူချောချောတွေ ကြားထဲမှာ သူမကို မေ့နေပြီလား။





"အေးပါ…အေးပါ နင်ကြားချင်တာ ဖြေပါ့မယ်၊ ကိုကိုလည်း နေကောင်းပါတယ်၊ ဒက်ဒီနဲ့မာမီလည်း နေကောင်းပါတယ်ဟာ"

"အန်ကယ်နဲ့ အန်တီ နေကောင်းတယ်ဆိုတာ သိရလို့ ငါဝမ်းသာပါတယ် ကျော်ဇင်"

"ဒါဆို ကိုကိုအတွက်ဆော"

"ကျော်ဇင်နော်

သူမမျက်နှာလေး ပန်းနုရောင်သန်းကာ မျက်စောင်းထိုးမိ၏။ ကျော်ဇင်ရယ်ကာ…

"အကောင်းပြောတာ မိမိ၊ နင့်ကို ငါ အစ်မတော်မယ်"

"ဟယ်…ဒီခွေးကောင်"

သူမလိုက်ထုတော့ ကျော်ဇင်ရယ်လျက် ပြေးထွက်သွားသည်။ အစ်မတော်မယ်တဲ့။ ကိုကိုရယ်…ရင်တွေခုန်လိုက်တာ။

နောက်နေ့ ကျော်ဇင်နှင့်အတူ ကိုကို ရောက်လာ၏။

"မိမိ"

"ကိုကို"

ကြည့်စမ်းပါ…နှစ်နှစ်ဆိုတဲ့အတွင်းမှာ ကိုကိုဟာ ပိုပြီး ချောမောလာကာ ကိုယ်ခန္ဓာလည်း အနည်းငယ်ပြည့်တင်းလာတာ

www.burmeseclassic.com



ကြောင့် ကြည့်ကောင်းနေ၏။

ကိုကိုအသားတွေက ကျော်ဇင်နှင့် ဆန့်ကျင်ဘက် ဝင်းဝင်းဝါဝါ။

"ကဲ မိမိ ကိုကို့ကို နင့်ဆီအရောက် ခေါ်ခဲ့ပြီနော်၊ ငါ့တာဝန်ကျေပြီ၊ သွားတော့မယ်"

"ကျော်ဇင်"

သို့သော် ကျော်ဇင်က ရယ်မောကာ ထွက်သွားလေပြီ။ ကိုကိုနှင့် သူမ နှစ်ယောက်တည်းကျန်ခဲ့၏။

ကိုကိုက သူမကို ပြုံးကြည့်သည်။

"မိမိက ပိုလှလာတယ်"

"ကိုကိုရောပဲ"

သူရယ်၏။ သူမတို့နှစ်ယောက် အအေးဆိုင်မှာထိုင်သည်။

"မိမိက ရန်ကုန်ရောက်တာ ဘာကြောင့် ကိုကို့ဆီ ဖုန်းမဆက်တာလဲ"

သူမကို အပြစ်တင်နေ၏။ သူမ ဖျော့ဖျော့လေးပြုံးမိသည်။

"ဆက်ပါတယ်၊ ဖုန်းဆက်တိုင်း ကိုကိုမအားဘူး"

"ဟင်..ဟုတ်လား၊ အမှန်တော့ ကိုကို့ဖုန်းက အားပါတယ်၊ မိမိဆက်တဲ့အချိန် မအားတာနဲ့တွေ့သွားလို့ပါ"





"တစ်ချိန်လုံးပဲလား ကိုကို"ဟု သူမ မေးချင်စိတ်ကို မျိုသိပ်လိုက်သည်။

"မိက..ကိုကို မိမိကို မေ့နေပြီထင်နေတာ"

"ဟောဗျာ...ဘာကြောင့် ဒီလိုထင်ရတာလဲ၊ မိမိက ကိုကို့အတွက် မေ့စရာလား"

"မသိဘူးလေ"

ထိုအပြောကြောင့် ကိုကို မျက်မှောင်တွန့်၏။

"ကောင်မလေးနော်"

"ကိုကိုလည်း ကျောင်းပြီးတော့မယ်နော်"

"အင်း...တစ်နှစ်ပဲကျန်တော့တယ် မိမိ"

"ကိုကိုကျောင်းပြီးရင် မိမိနဲ့ ခုလိုတွေ့ရမှာ မဟုတ်ဘူးနော်"

"ဘာကြောင့် မတွေ့ရမှာလဲ"

မကြိုက်သလိုဟန်ဖြင့် ကိုကိုပြောတော့ သူမ မချိသလိုပြုံး၏။

"ကိုကိုက အလုပ်ဝင်ရမှာမဟုတ်လား"

"အလုပ်ဝင်လည်း ဘာဖြစ်လဲ၊ ဒီလိုပဲ မိမိကို ကိုကို လာတွေ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ်...

သည်စကားတစ်ခွန်းနဲ့တင် သူမ ကြိတ်လွမ်းခဲ့ရတာတွေ အတွက် ကျေနပ်စရာပါ။

"ဒါနဲ့ မိမိ အဆောင်မှာနေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် ကိုကို"

"အဆင်မပြေတာရှိရင် ကိုကို့ကိုပြောနော် မိမိ၊ တကယ်ဆို မိမိသာ နေချင်တယ်ဆိုရင် ကိုကိုတို့တိုက်က အကျယ်ကြီးပဲကွ"

သူမပြုံးလိုက်ရင်း အသာခေါင်းခါယမ်းလိုက်၏။

"ဒီမှာ မိမိတို့ဆွေမျိုးတွေ ရှိပါတယ် ကိုကို၊ မိမိ ကိုယ့်ဘာသာနေချင်လို့ပါ"

တကယ်လည်း ဖေဖေ မေမေတို့ဘက်က ဆွေမျိုးရင်းချာတွေ ရှိပါသည်။ သို့သော် သူမက လွတ်လပ်စွာနေချင်၏။

"အေးကွာ...မိမိ အဆင်ပြေဖို့အဓိကပါ၊ ဒါနဲ့ အန်ကယ်တို့ကော နေကောင်းလား မိမိ"

"ကောင်းပါတယ် ကိုကို၊ ဖေဖေလည်း နယ်မှာပဲရှိသေးတယ်"

"အန်ကယ်...ရန်ကုန်ပြန်ရောက်လာရင် မိမိအတွက် အဆင်ပြေတာပေါ့"





"ဖေဖေက ရာထူးတိုးပြီး ပြောင်းထားတာဆိုတော့ ဟိုမှာ နည်းနည်းကြာမယ်ထင်တယ် ကိုကို"

"ဘာပဲဖြစ်ဖြစ် မိမိမှာ အခက်အခဲရှိရင် ကိုကိုရှိတယ်ဆိုတာ မမေ့နဲ့ ဟုတ်လား"

"ကျေးဇူးပါပဲ ကိုကို"

ကိုကို၏ အားပေးနှစ်သိမ့်မှုကြောင့် သူမရင်ထဲ နွေးထွေးလုံခြုံသွားသလိုပါပဲ။ သည်လိုကျတော့လည်း ကိုကိုက သူမအပေါ် ဂရုစိုက်သားပဲ။

"ကိုကို"

"ဟင်"

"ကျော်ဇင်ကတော့ မိမိကို တောသူမတဲ့"

"ဘာ...ဒီကောင်"

ရုတ်တရက် ကိုကို မျက်မှောင်တွန့်သွားပြီးမှ သူမကို စိုက်ကြည့်၏။ သည်တစ်ခါ ကိုကို့အကြည့်တွေကြောင့် သူမစိတ်ထဲ မတည်ငြိမ်ချင်သလိုပါပဲ။

"မဟုတ်ဘူး"

"ရှင်"

"မိမိက မြန်မာဆန်ဆန်လေးနဲ့ ကျက်သရေရှိရှိလှတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုကွာ မဟာဆန်သူ’’

‘‘အဟင်း…ကိုကိုရယ် မီမီ မိုးပေါ်ရောက်သွားပါဦးမယ်’’

ဘာပဲဖြစ်ဖြစ် ကိုကို့နှုတ်ဖျားမှ ဒီလိုပြောတာ သူမကျေနပ်သည်။ တစ်လောကလုံးက သူမကို မလှဘူးပြောပါစေ ကိုကိုမျက်စိထဲ လှဖို့အရေးကြီး၏။

‘‘တကယ်ပြောတာ မီမီ၊ မီမီအလှက ခုမှပိုပြီးပြည့်စုံတာ မျက်စိအေးတဲ့အလှမျိုးပဲ’’

‘‘ကဲ…ကိုကို မီမီ ဘာကျွေးရမလဲ’’

‘‘နိုး…မီမီက ကျွေးရမှာမဟုတ်ဘူး၊ ရန်ကုန်ကိုရောက်လာတဲ့ ကောင်မလေးကို ကိုကိုကပဲ မုန့်တွေကျွေးမယ်၊ ရုပ်ရှင်တွေလိုက်ပြမယ်၊ ရန်ကုန်မြို့အနှံ့ လိုက်ပို့မယ်ဗျာ’’

သူမမျက်နှာကို ခပ်ပြုံးပြုံးကြည့်ကာ ကိုကိုပြောသည်။ ကိုကိုလို စာတော်ကာ ချောမောသူတစ်ယောက်နှင့် တွဲသွားရမှာ သူမ ဂုဏ်ယူမိပါ၏။





ပေးထားသောကတိအတိုင်း ကိုကိုက သူမကို ရန်ကုန်မြို့အနှံ့ လိုက်ပို့၏။ ရန်ကုန်မြို့နှင့် ဝေးကွာနေသော သူမက တောသူမတစ်ယောက်လိုပါပဲ။ ကိုကိုက သူမကို ကလေးတစ်ယောက်လို ဂရုစိုက်၏။

‘‘ရွှေတိဂုံဘုရားကြီးဖူးရတာ သိပ်ကြည်ညိုစရာကောင်းတာပဲနော် ကိုကို’’

‘‘ဟုတ်တယ် မီ၊ ကိုကို့ရွေးနေ့တိုင်း ဘုရားလာတယ်’’

‘‘ဟင်…ကိုကိုတစ်ယောက်တည်း လာတာလား’’

‘‘ဟာဗျာ…တစ်ယောက်တည်းပေါ့၊ မင်းလေးက ကိုကိုနဲ့ ဘယ်သူပါမယ်ထင်နေလဲ’’

ထိုအမေးကြောင့် သူမပခုံးလေးတွန့်မိ၏။ ကိုကို့ကိုလည်း သံသယနဲ့ ကြည့်မိသည်။

‘‘အနည်းဆုံး ကိုကို့ဘေးနားမှာ အဖော်တစ်ယောက်ယောက်ပေါ့’’

www.burmeseclassic.com



"အဟွန်း...ဟွန်း မပါပါဘူးဗျာ၊ ဘုရားလာဖူးတဲ့နေရာမှာ စိတ်အနှောင့်အယှက်ဖြစ်မှာမို့ ကိုကို ဘယ်တော့မှ မလုပ်ဘူး မိမိ"

"သြော်...ကျန်တဲ့အချိန်တွေတော့ လုပ်တယ်ပေါ့၊ ဟုတ်လား ကိုကို"

ဝန်တိုဟန်လေးဖြင့် သူမမေးတော့ ကိုကိုရယ်၏။ သူမ ခေါင်းလေးကို ဖွဖွပုတ်ကာ...

"ထမင်းစားရင်တော့ အဖော်လိုတယ်လေကွာ၊ တစ်ယောက်တည်းစားရင် ပျင်းစရာမဟုတ်လား"

"ကိုကိုက ဒီလိုလား"

သူမမျက်နှာလေးတည်ကာ ကိုကို့အနားမှ ထွက်ခဲ့သည်၊ ကိုကိုနောက်မှ ရယ်လျက် လိုက်လာ၏။

"ဟော့...ကောင်မလေး ကိုကို စတာပါဗျာ"

"ကိုကို စွတယ်ဆိုတာ ယုံပါတယ်နော်"

"ဟောဗျာ...တကယ်ကို အထင်ကြီးနေပါလား"

ကိုကို ဘယ်လိုပဲပြောပါစေ သူမရင်ထဲ အလိုလိုအားငယ် ဝမ်းနည်းမိရ၏။

"ကဲ..,ကဲ စိတ်ကောက်တဲ့ကောင်မလေးကို ရုပ်ရှင်လိုက်





ပြီး မုန့်ကျွေးမယ်ဗျာ"

ကိုကိုက အချော့ကောင်းသူဖြစ်ပါ၏။ တကယ်တမ်းမှာ သူမကလည်း ကိုကို့ကို ကြာကြာစိတ်မကောက်နိုင်ပါ။

"ကိုကို ကောင်မလေးတွေကို ဒီလိုပဲ ချော့တာလား ဟင်"

"အဲဟွန်း...ဘယ်သူ့ကိုမှ မချော့ဖူးပါဘူးဗျာ၊ ဟောဒီ ကောင်မလေးတစ်ယောက်ပဲ ပထမဆုံးချော့တာ"

သည်လိုပြောတော့ သူမစိတ်ထဲ ကျေနပ်ရသည်။ ဘာပဲ ဖြစ်ဖြစ် ကိုကိုနှင့် ယခုလိုသွားရတာ သူမပျော်၏။ မိန်းကလေး တိုင်း စိတ်ဝင်စားတဲ့ ကိုကိုဟာ သူမအနားမှာလေ။

ဖရက်ရှာပါတီကမ်းမှာ သူမကို 'ကွင်း' ဘွဲ့ပေးကြသည်။ ဟာသဆန်သူတဲ့။ ယောကျ်ားလေးတွေ နှုတ်ဖျားမှ စကားတို့ သူမ က မသိချင်ယောင်ဆောင်ခဲ့ပေမယ့် ကိုကိုက ဘယ်လိုကြားသွား တယ်မသိ။

"မိမိ ကွင်းဘွဲ့ရတယ်ဆို"

"ကိုကို ဘယ်လိုသိလဲ"

"ဒီလိုပဲကြားတာပေါ့ဗျာ၊ အဲဒါ မိမိကို လာသတိပေး တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ကိုကို"

ကိုကိုက သူမကို တစ်ချက်ကြည့်ပြီး…

"ရှည်းစားတွေမထားဖို့ပေါ့ဗျ"

"အို…ကိုကိုကလဲ"

ဖြူနုသော သူမမျက်နှာလေး နီမြန်းသွားရ၏။ ယခုချိန်ထိ ရင်ထဲမှာ ကိုကိုကလွဲ၍ ဘယ်သူမှမရှိပါ။

"တကယ်ပြောတာ မီမီ၊ ဒီခေတ်ကောင်လေးတွေက လွယ်တာမဟုတ်ဘူးကွ"

"ကိုကိုရောကောလား"

"ကြည့်စမ်း…မီမီနော်"

သူ့အလှည့်ကျတော့ ကိုကို့မျက်နှာနီမြန်းလို့။ သူမပြုံးလိုက်ရင်း…

"မီ စတာပါ ကိုကိုရယ်၊ အဲဒါမျိုးတွေ မီ စိတ်မဝင်စားပါဘူး"

သည်တော့မှ ကိုကို ပြုံးသွား၏။ သူမကို တောက်ပသောမျက်လုံးများဖြင့် ကြည့်ကာ…

"မီမီက စိတ်မဝင်စားပေမယ့် ကွင်းဘွဲ့ရထားတဲ့ မီမီကို သူတို့က စိတ်ဝင်စားမှာကွ"





"သြော်…ဒါကတော့ ကိုကိုရယ်၊ 'ကွင်း'ဘွဲ့ဆိုတာက ည်း သူတို့ဘာသာပေးတာပါ၊ မီဖြင့် ကိုယ့်ကိုယ်ကို လှမှန်း တောင် မသိပါဘူး"

တကယ်တမ်းကျတော့ သူမက အလှအပဆိုတာကိုလည်း ထူးထူးခြားခြား စိတ်ဝင်စားခြင်းမရှိပါ။ ကိုကိုက သူမကို ခြေဆုံးခေါင်းဆုံးကြည့်၏။

"မီမီက ကိုယ့်ဘာသာ အလှအပ စိတ်မဝင်စားလို့ပါ၊ ဆို မီမီရဲ့အလှကပဲ အထူးစိတ်ဝင်စားစရာကောင်းနေတာမျိုးလေ"

"ကိုကိုကလဲ ပြောတော့မယ်"

"တကယ်ပြောတာ မီမီ့အသားက ဖြူနုနေတာ၊ ဆံပင်တွေက နက်မှောင်နေပြီး အရပ်ကလည်း မိန်းကလေးတစ်ယောက်အတွက် အနေတော်ပဲ၊ ခန္ဓာကိုယ်ကအစ သူ့ဘာသာ အချိုးပြေနေတာ"

ချောမောသော ကိုကိုက ဒီလိုချီးကျူးတော့ သူမ မနေတတ်ချင်ပေ။ သို့သော် စိတ်ထဲက ကျေနပ်တာလည်းအမှန်။

"တော်တော့…ကိုကိုရာ မီမီ မနေတတ်တော့ဘူး"

"အဟွန်း…ဟုတ်မယ်၊ မီမီ မျက်နှာလေးကို နီနေတာပဲ၊ ရည်းစားမထားဖူးတာ သေချာသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်"

နောက်ပိုင်း ကိုကိုက သူမထံ မကြာခဏ ရောက်လာတတ်၏။ လာတိုင်းလည်း သူမအတွက် စားစရာတစ်မျိုးမျိုး ဝယ်လာတတ်သည်။

"မိမိ အဆောင်မှာနေတော့ စားသောက်ရတာ ဘယ်အဆင်ပြေမလဲ"

"ရပါတယ် ကိုကို"

အိမ်မှာလိုမဟုတ်ပေမယ့် ရှိတာလေးနှင့် ရောင့်ရဲဖို့ သူမက ကြိုးစားသည်။

"စာတွေကော လိုက်နိုင်ရဲ့လား မိမိ"

"တစ်နှစ်တစ်တန်းအောင်ဖို့တော့ သေချာပါတယ် ကိုကို"

"မဟုတ်ဘူးလေ ဂုဏ်ထူးတန်းတက်ခွင့်ရအောင် မိမိ ကြိုးစားရမယ်"

သည်နေရာမှာ ကိုကိုနှင့် သူမ၏ မိဘတွေ သဘောထားတူညီကြတာ သိရသည်။ သူတို့က ရောက်သည့်နေရာမှာပဲ အမြင့်မားဆုံးဘွဲ့ကို ပိုင်ဆိုင်စေချင်ကြ၏။

"ကြိုးတော့ ကြိုးစားတာပဲ ကိုကို၊ ဒါပေမယ့် မိမိမှာ





အချိန်အားသိပ်မရှိဘူး"

"ဘာဖြစ်လို့လဲ"

"စာတွေရေးနိုင်ဖို့ စာအုပ်တွေဖတ်နေရလို့လေ ကိုကို"

"ဟင်…ဘာလဲ မိမိက စာရေးမလို့လား"

မျက်မှောင်တွန့်လျက် ကိုကို့အမေးကို သူမ တည်ငြိမ်စွာပဲ ခေါင်းညိတ်ပြခဲ့သည်။

"ဟုတ်တယ် ကိုကို၊ အဲဒါ မိမိ့ရည်ရွယ်ချက်ပဲ"

"စာရေးတာ ဘယ်အချိန်ရေးရေး ရပါတယ်ကွာ၊ ခုတော့ ကျောင်းတက်ချိန်မှာ စာကြိုးစား၊ မာစတာတက်ခွင့်ရအောင် လုပ်ရမယ် မိမိ၊ ဒါမှ အနည်းဆုံး မိမိ တက္ကသိုလ်မှာ ဆရာမပြန်လုပ်နိုင်မှာပေါ့"

ကိုကို့ရည်ရွယ်ချက်က ကြီးမားပါသည်။ ဒါပေမယ့် သူမ ထိုသို့ တစ်ခါမှမတွေးဖူးခဲ့ပေ။

"စာရေးတာကော အလုပ်မဟုတ်ဘူးလား ကိုကို"

"ဒါက"

"မိမိသိပါတယ်၊ ဖေဖေတို့လည်း မိမိ စာရေးမှာကို ကိုကို့လိုပဲ မကြိုက်ဘူး"

"အန်ကယ်တို့က အရာရှိဘဝကလာတာဆိုတော့ အနည်း



www.burmeseclassic.com

ဆုံး မီမီကိုလည်း ရာထူးရာခံရှိစေချင်တာမျိုးပါ''

''မီမီမှ ဝါသနာမပါဘဲ''

ကိုကိုက ခေါင်းခါယမ်းသည်။ သူမကို ဘာမှမသိနားမလည်သော ကလေးတစ်ယောက်လို ကြည့်၏။

''လူတိုင်းဟာ ဝါသနာနဲ့ဆန္ဒ တစ်ထပ်တည်းဖြစ်တာ ရှားပါတယ် မီမီ၊ လူဆိုတာ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ပိုပြီးဦးစားပေးရမယ်မဟုတ်လား''

''ဒါဖြင့် ကိုကို ဆရာဝန်ဖြစ်ဖို့ ကြိုးစားတာ ဂုဏ်ရှိဖို့လားဟင်''

သူမအမေးကို ကိုကို ရုတ်တရက် မဖြေပေ။ နူတ်သွက်သော ကိုကိုတစ်ယောက် ဒီလိုငြိမ်သွားတာ သူမသိသောပေါက်ပါ၏။

''ကိုကိုကတော့ ဘဝမှာ အမြင့်ဆုံးဖြစ်ချင်တယ် မီမီ၊ ဆရာဝန်ဘဝကိုလည်း ကိုကို ဝါသနာပါလို့ပါ''

''ဒါဆို ကိုကိုက ကံကောင်းတာပေါ့နော်''

''ဘာကြောင့်လဲ မီမီ''

''ဩော်···ကိုကို့ရင်ထဲက ဆန္ဒနဲ့ ဝါသနာ တစ်ထပ်တည်းဖြစ်လို့လေ''



''အဟွန်း···အဲဒီလိုလား၊ ကိုကိုဖြင့် မီမီပြောမှ သတိထားမိတယ်''

ကိုကို့ကိုတော့ ဘဝမှာ ကံကောင်းသူအဖြစ် သူမမြင်၏။ ဘယ်လိုနေရာမှာပဲ ရောက်ပါစေ ကိုကိုဟာ အမြဲတမ်း ဝင့်ကြွားခေါင်းမော့နိုင်တယ်မဟုတ်လား။

www.burmeseclassic.com



သူမနှင့် ကိုကို ဒုတိယနှစ်တွင် ချစ်သူဖြစ်သွား၏။ ချောမောကာ ဂုဏ်ယူစရာကောင်းသော ကိုကို၏ ချစ်သူဖြစ်ရတဲ့အတွက် သူမကျေနပ်သည်။

ကိုကိုနှင့်သူမ တစ်ပတ်တစ်ခါ ရုပ်ရှင်ပုံမှန်ကြည့်၏။ ကိုကိုလာသော ညနေခင်းများမှာ သူမတို့ အင်းယားဘက် လမ်းလျှောက်ရင်း စကားပြောသည်။

အင်းယားကန်ဘောင်ပေါ်မှာ သူမတို့လို စုံတွဲချစ်သူတွေ လေ။ ညနေဆည်းဆာချိန်မှာ အင်းလျားက အလှဆုံးပင်။ ရေပြင်ကို ရှပ်၍ တိုက်ခတ်လာသော လေနုအေးတို့က နက်မှောင်ရှည်လျားသော သူမ၏ဆံနွယ်တို့ကို ကလူကျီစယ်၏။

"ကျောင်းပိတ်တော့မယ်နော် မိ"

"ဟုတ်တယ် ကိုကို၊ ကျောင်းပိတ်ရင် အိမ်ပြန်ရမယ်"

"အန်တီလာခေါ်မှာလား"

"ဒီနှစ်တော့ လာခေါ်နိုင်မှာမဟုတ်ဘူး ကိုကို၊ မိဘာသာ





ပြန်ရမှာ"

"ဒါဆို ကိုကို လိုက်ပို့မယ်"

ဖြူနုသော သူမလက်လေးကို ဆုပ်ကိုင်ကာ ကိုကိုပြောသည်။

"အဟင်း…ကိုကို တကယ်လိုက်ပို့နိုင်လို့လားဟင်"

"ဘာဖြစ်လို့လဲ"

"ဟော်…ကိုကိုက အလုပ်များတယ်မဟုတ်လား"

သည်နှစ် ကိုကိုက ဟောက်စ်ဆင်းတာမို့ ခါတိုင်းထက် အလုပ်ရှုပ်၏။ သူမထံသို့ ပုံမှန်အချိန် မရောက်တတ်ပေ။

"အေးကွာ…ဒီနှစ်က တကယ်အလုပ်ရှုပ်တယ်၊ ဒါပေမယ့် မိရဲ့ကျောင်းပိတ်ရက်မှာတော့ ကိုကိုအားမှာပါကွာ"

"မအားလည်း ရပါတယ် ကိုကို၊ မိ ပြန်နေကျပါ"

"ဒါပေမယ့် ကိုကိုက မိကို စိတ်မချဘူးလေ"

သူမမျက်နှာလေးကို ရွှန်းရွှန်းစားစားစိုက်ကြည့်ကာ ကိုကို ပြောတော့ ပြုံးမိရ၏။

သည်လိုအပြောမျိုးတွေကြောင့် ကိုကို့ကို ချစ်မိတာထင်ပါရဲ့။

"မိ့ကို စိတ်မချစရာမရှိပါဘူး ကိုကို၊ မိက သစ္စာစောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ မိန်းကလေးမှမဟုတ်တာ''

''အဲဒါတော့ ဟုတ်ပါတယ် မီ၊ ကိုကို့ရင်ထဲက ခံစားချက်ကိုပြောတာပါ၊ ဖြစ်နိုင်ရင် ကိုကိုက မီကို မပြန်စေချင်ဘူး''

မီသားစုနှင့်တွေ့ရတာ ကျောင်းပိတ်ရက်လေးသာမို့ မပြန်၍မဖြစ်ပါ။ သူမလာမှာကို မေမေတို့ကလည်း မျှော်နေတာမဟုတ်လား။

''မပြန်လို့တော့ မဖြစ်ဘူး ကိုကို၊ မေမေတို့ မျှော်နေလိမ့်မယ်''

''ကိုကို့ကို တစ်ယောက်တည်း ထားခဲ့မယ်ပေါ့''

မကျေနပ်သလို ကိုကို့အမေးကြောင့် သူမပခုံးလေးတွန့်မိ၏။

''မီ မရှိမေမယ့် ကိုကို့မှာ အဖော်တွေပေါ်ပါတယ်''

''ကြည့်စမ်း…ဒါဘာပြောတာလဲ မီ''

မကြိုက်ဟန်ဖြင့် ကိုကိုမေးသည်။ သူမ ခပ်ဖျော့ဖျော့လေး ပြုံးပြလိုက်မိ၏။

''ကိုကို့မှာ သူငယ်ချင်းအပေါင်းအသင်း ပေါတာကို ပြောတာပါ''

''သူတို့က ကိုကို့ချစ်သူမဟုတ်ဘူး မီ၊ ကိုကိုက ဒီနှစ်





အကြိမ်မှာ မီနဲ့အတူ ပျော်ချင်တာ''

ချစ်သူတစ်ယောက်အနေနှင့် ကိုကို တောင်းဆိုတာ သဘာဝကျပါ၏။ သို့သော် မလိုက်လျောနိုင်တာက သူမ။

''နောက်တော့ အတူရှိမှာပေါ့ ကိုကို''

''မီက ကိုကို့ကို တကယ်မချစ်ပါဘူး''

''ဟင်''

''ဟုတ်တယ်လေ၊ ကိုကိုတစ်ယောက်တည်း ထားခဲ့လို့လည်း မီ စိတ်မချတာရှိလား''

''ဩော်…ဒါကတော့ ကိုကို ကလေးမှမဟုတ်ဘဲ''

တကယ်ပဲ သူမသည် ကိုကို့အပေါ် စိတ်မချဝန်တိုတာမျိုး မရှိခဲ့ပါ။ ဒါကြောင့်လည်း ကိုကို့ကို သူမ အလွယ်တကူ ထားခဲ့တာဖြစ်မည်။

''ဒါနဲ့ပဲ စိတ်ချရောလား''

''မီကတော့ မီ့ကိုယ်မီလည်း စိတ်ချတယ်၊ ကိုကို့လည်း စိတ်ချတယ်''

အချစ်ဆိုတာကလည်း အမြဲတမ်းတွေ့နေရမှ မဟုတ်ဘဲ၊ အဝေးရောက်နေရမှာလည်း တစ်ယောက်နဲ့တစ်ယောက် ချစ်နိုင်တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမကျောင်းပိတ်ရက် ပြန်တဲ့အခါ ကိုကို လိုက်မပို့နိုင်ပါ။ ဘူတာအထိသာ လိုက်ပို့နိုင်ခဲ့၏။

"မိပြောသလို ကိုကို တကယ်ပဲ မအားဘူးကွာ"

"ရပါတယ် ကိုကို၊ မိ အစကတည်းက ပြောသားပဲ။ သကြ်န်မှာ မိရှိသလိုပဲ ကိုကို ပျော်ပါ"

"မိနော်"

"မိပြန်လာရင် ကိုကို့အတွက် လက်ဆောင်ဝယ်ခဲ့မယ် ဟုတ်လား"

သူမက ကိုကို့ကို ကလေးတစ်ယောက်လို စ၏။ ကိုကိုက မကြိုက်ဟန်ဖြင့် မျက်မှောင်တွန့်သည်။

"ဘာလက်ဆောင်မှ မလိုချင်ဘူး၊ မိအချစ်တွေသာ များများယူခဲ့"

"အို"

"တကယ်ပြောတာ ကိုကို မိကိုလွမ်းနေမှာ"

"ကိုကိုရယ်"

အပြန်ခရီးမှာ ကိုကို၏ ထိုစကားတစ်ခွန်းသာ ရင်ထဲမှာ ပါလာသည်။ မိသားစုကတော့ သူမပြန်လာ၍ ဝမ်းသာနေ၏။

ကိုကို့ကို ခွဲလာရ၍ သူမရင်ထဲ မပျော်နိုင်သလိုပါပဲ။





မေမေက သူမကို အကဲခတ်မိလျက်...

"ကျောင်းမှာ ရည်းစားများရနေပြီလား မိမိ"

မေမေ့ကိုတော့ သူမ မညာချင်ပါ။ မေမေနှင့်သူမ တိုင်ပင် ရသာရှိ၏။

"မေမေ ဘယ်လိုရိပ်မိလဲဟင်"

"အမယ်လေးကွယ်...ငါ့သမီးမျက်နှာကို ကြည့်ရင် သိတာပေါ့၊ အရင်လို မိသားစုစကားဝိုင်းထဲလည်း ပျော်ပျော်ရွှင် ရွှင် ဝင်မပါဘူး၊ တစ်ယောက်တည်း အမြဲနေတယ်"

အိမ်မှာက ဖေဖေ၊ မေမေနှင့် ညီမလေးအပါအဝင် သူမနဲ့ လေးယောက်သာရှိ၏။

ထမင်းချက်၊ အဝတ်လျှော်အတွက် အကူလူတွေရှိပေမယ့် အိမ်ရှင်မပီသသော မေမေက တစ်နေကုန်အလုပ်များ၏။ ဖေဖေက ရုံးသွား၊ ညီမငယ်က ကျောင်းသွားနှင့် သူမ မရှိတဲ့အချိန်တွေမှာ မေမေတစ်ယောက်တည်း အလုပ်သမားတွေနှင့် ကျန်ရှိ၏။

"ဟုတ်တယ် မေမေ၊ မိမှာ ချစ်သူရှိနေပြီ"

ပွင့်လင်းစွာပဲ သူမ ဝန်ခံ၏။ မေမေက မအံ့ဩဟန်ဖြင့်

"ဘယ်သူလဲ မိမိ၊ မောင်သော်ဇင်လား"

"ဟင်...ဒါလည်း မေမေသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမအံ့ဩသလိုမေးတော့ မေမေပြုံးသည်။

"ဘာမသိစရာရှိလဲကွယ်၊ တက္ကသိုလ်ရောက်ကတည်
က သမီးနှုတ်ဖျားက စပြောတဲ့ ယောကျာ်းလေးမကြောင်းဟ
မောင်သော်ဇင်ပဲ မဟုတ်လား"

သူမပြုံးလိုက်ကာ ...

"ဟုတ်ပါတယ် မေမေ"

"အေး...သမီးနဲ့ မောင်သော်ဇင် ပြန်တွေ့တယ်ဆို
တည်းက တစ်နေ့ ဒီလိုဖြစ်လာမယ်လို့ မေမေ မျှော်လင့်ပြီးသားပေ

"ဒါဆို မေမေ့သဘောက"

"အင်း...မောင်သော်ဇင်က လူတော်လူကောင်းလေး
မိဘမျိုးရိုးကလည်း ပြောစရာမရှိတော့ မေမေ လက်ခံနိုင်ပါတ
ကွယ်"

"ဟင်...တကယ်"

ကိုကိုနဲ့ သဘောတူတယ်ဆို၍ သူမ ဝမ်းသာသွား
သည်အကြောင်း ကိုကိုသိလျှင်လည်း ပျော်မှာပဲ။

"ဒါပေမယ့် စာတော့ကြိုးစားရမယ်နော် မီမီ၊ မောင်
ဇင်တို့ အသိုင်းအဝိုင်းကမြင့်တော့ သမီးဘက်ကလည်း အ
နိုင်ဆုံး မြင့်မြင့်မားမားဖြစ်ရမယ်"





ထိုစကားကို သူမ သဘောမကျချင်ပါ။ အချစ်ဆိုတာ
ဘာသာဖြူစင်စွာ သီးသန့်ရပ်တည်နေတဲ့ အရာမဟုတ်ဘူးလား။

"ခုကော သမီးက ညံ့နေလို့လားမေမေ"

"မညံ့ပါဘူး၊ ဒါပေမယ့် ကိုယ့်ဘက်က အကောင်းဆုံး
တော့ ပိုမကောင်းဘူးလား၊ သူတို့အတွက်ဆိုတာထက် ကာယ
င်ဖြစ်တဲ့ သမီးအတွက်က အဓိကပါ"

"စာမေးပွဲကတော့ အောင်မှာပါမေမေ"

တစ်နှစ်၏ကျောင်းစားရိတ်သည် နည်းတာမဟုတ်။
ကြောင့် သူမဘက်ကလည်း တစ်နှစ်တစ်တန်း စာမေးပွဲအောင
ဖြင့် ကျေးဇူးဆပ်ရမည်မဟုတ်လား။

"သမီးဖေဖေကတော့ သမီးကို စာမေးပွဲ ၂၇ ဂုဏ်ထူးတွေ
ကြီး မျှော်လင့်ထားတယ်"

"မီ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ် မေမေ၊ ဒါနဲ့
ကကော ကိုကိုနဲ့မီကို သဘောတူပါ့မလား"

စိုးရိမ်ဟန်ဖြင့် သူမမေးတော့ မေမေပြုံး၏။

"မောင်သော်ဇင်တို့ အသိုင်းအဝိုင်းကို ဖေဖေလည်းသိတာ
သဘောမတူစရာမရှိပါဘူး"

"မေမေပြောပြီးပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့အကြောင်း အတိအကျမသိသေးတော့ တ
ဝင့် မပြောရသေးပါဘူး၊ သမီးပြန်မှပဲ ပြောတော့မယ်"

"အဲဒါကောင်းတယ် မေမေ"

ကိုကိုလို လူတော်တစ်ယောက်ကို ရွေးချယ်နိုင်တဲ့ အ
အတွက် မေမေ ဂုဏ်ယူနေပုံပါပဲ။ ကိုကိုသာမက ကိုကို့မိဘမျိုး
အသိုင်းအဝိုင်းကလည်း ကောင်းတယ်မဟုတ်လား။

××××

"သကြိန်ရက်မှာ ကိုကို ဘယ်သူနဲ့ရှိနေခဲ့တာလဲ"

ထိုသို့ သူမမေးလိုက်တော့ ကိုကို့မျက်နှာ ကွက်ခနဲ
၏။ သို့သော် ချက်ချင်းပြုံးကာ…

"အဲဒီရက်တွေက ကိုကိုမအားလို့ လည်ချိန်တောင်
ခဲ့ပါဘူး မီမီ"

"သြော်"

နက်မှောင်သောဆံပင်၊ စိုပြေဝင်းဝါသော အသားအ
အရပ်မြင့်မြင့်နှင့် ချောမောလှန်းသည့် ကိုကို့ကို သူမ မမြင်ဘူးသ
ကြည့်မိ၏။

"ကိုကို လိမ်တယ်"

သူမရင်ထဲကစကား။





ကျောင်းဖွင့်၍ သူမပြန်ရောက်လာချိန်မှာ ကိုကို၏သတင်း
ကြားရသည်။

"မီမီနော် ဒေါက်တာသော်ဇင်ကို လွှတ်မထားနဲ့၊ သကြိန်
ယ်တစ်ယောက်နဲ့ အရမ်းကဲနေတာ"

ကိုကိုနှင့် သူမတို့အကြောင်း သိထားသော သူငယ်ချင်း
ပြန်ပြောပြခဲ့၏။

ထိုသတင်းကြားရတော့ သူမရင်ထဲ မကောင်းဖြစ်သွားရ
သူမကွယ်ရာမှာ ကိုကို သစ္စာဖောက်သလား။

သူမရောက်ပြီး ငါးရက်လောက်နေမှ ကိုကို ရောက်လာ
ပါ။ ကိုကို့အပြုံးတွေက အရင်လိုလိုက်လှဲခြင်း မရှိသလိုပါပဲ။

"မီရောက်နေတာ ကိုကို့ကိုတောင် အကြောင်းမကြားဘူး
"

"ဒီရက်တွေ ပြန်ရောက်မယ်ဆိုတာ ကိုကို့ကို မီပြောခဲ့တာ

"အေးကွာ…ကိုကိုလည်း အလုပ်တွေများတာနဲ့ သတိ
ရမိလိုက်ဘူး"

ကိုကို့သတင်းတွေကိုသာ ကြားသိမထားဘူးဆိုရင် ယခု
တာတွေ သူမယုံမိမှာပါပဲ။ သို့သော် ခုတော့

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ကိုကို၊ ဒါနဲ့ သကြ်န်ရက်တွေမှာ ကိုကို ဘယ်သူနဲ့ရှိလဲ''

အမှတ်တမဲ့ သူမ၏အမေးကို ကိုကိုက ဟန်ပါပါလိမ်တာ မဟုတ်လား။

''မီ အသားနည်းနည်းညိုလာတယ်၊ လူကတော့ ပိန်သွားသလိုပဲ''

''ဟုတ်တယ်၊ ကိုကို့ကိုလွမ်းလို့''

ဟု အရင်ကဆို ဖြေမိမှာ။ ယခုတော့ အသာပြုံးလျက်…

''ညိုမှာပေါ့ ကိုကို၊ ဟိုက အညာမြေလေ၊ နေပူတော့ စားလို့သောက်လို့လည်း မကောင်းဖြစ်ပြီးပိန်တာ''

ကိုကို့လိုပဲ သူမလိမ်လိုက်ရ၏။ တကယ်တော့ ကိုကို့ သတိရနေ၍ဖြစ်သည်။

''ဟုတ်လား၊ ဒါဆို မပူနဲ့၊ မီကို ဒီမှာ အစားကောင်းကောင်းကျွေးရမယ်''

''အပြောနဲ့တင် မိုက်ဝပါပြီ ကိုကို၊ ဪ ကိုကို့အတွက် လက်ဆောင်''

ယွန်းသေတ္တာဘူးလေးကို ထုတ်ပေးလိုက်သည်။ ကိုကိုလည်း လှည့်ပတ်ကြည့်၏။





''ချစ်စရာလေးပဲ''

''ကိုကို့ရင်ထဲက အမှတ်တရတွေ သိမ်းထားဖို့လေ''

''ဟင်''

သူမကို ဖျတ်ခနဲကြည့်၏။ ပေါ့ပါးစွာ သူမပြုံးပြလိုက်သည်။

''ဥပမာ…မီနဲ့ကိုကိုတို့ရဲ့ အမှတ်တရပစ္စည်းလေးတွေပေါ့''

''အယွန်း…မီပြောတာဟုတ်တယ်၊ မီက ကိုကို့ကို ပစ္စည်းသေးသေးလေးတွေ ဝယ်ပေးတတ်တယ်၊ ဒီသေတ္တာလေးထဲ သိမ်းထားရမယ်''

''တစ်သက်လုံးလား ကိုကို''

မထင်မှတ်သော သူမ၏အမေးကြောင့် ကိုကို မျက်မှောင်ကြုတ်သွားခဲ့ဖြစ်သွားသည်။

''မီ့မေးခွန်းက တစ်မျိုးပဲ''

''ဪ…ကိုကိုက မီ့ကိုထားသွားရင်''

''ဘာတွေပြောနေတာလဲ မီ၊ ကိုကိုက မီ့ကိုဘာလို့ထားခဲ့ရမှာလဲ''

တကယ်လား ကိုကိုရယ်ဟုသာ မေးလိုက်ချင်၏။ ဒါဆို



www.burmeseclassic.com

သူမတွယ်ရာမှာ ကိုကို ဘာလို့သစ္စာဖောက်ရတာလဲ။

"သြော်…မေမေက ကိုကိုတို့အိမ်အတွက် လက်ဆောင် ပေးလိုက်သေးတယ်"

"အန်တီတို့ နေကောင်းလား မီ"

"ကောင်းပါတယ် ကိုကို"

"ကိုကိုတို့အကြောင်း အန်တီသိသွားပြီလား"

ကိုကို့မျက်နှာကို အကဲခတ်လိုက်၏။ ကိုကို့မျက်နှာက တည်ငြိမ်နေပြန်သည်။

"ကျောင်းမှာ ကိုကိုတို့နဲ့ ပြန်တွေ့တဲ့အကြောင်း မေမေ့ကို ပြောပြထားတယ်"

"ကိုကို မေးတာက"

"မီ သိပါတယ် ကိုကို၊ မေမေ့ကိုတော့ မီ နည်းနည်း ပြောခဲ့ပြီ"

"သြော်"

"ဒီအတွက် ကိုကို မီ့ကို အပြစ်မတင်ဘူး မဟုတ်လား"

စောစောကလို မျက်နှာမလန်းချင်သော ကိုကို့အားကြည့်ကာ သူမမေးမိ၏။ ကိုကို ခေါင်းခါယမ်းသည်။

"ဘာလို့ အပြစ်တင်ရမှာလဲ၊ ကိုကိုတို့အဖြစ်က အမှန်ပဲ မီ"

"ကျေးဇူးတင်ပါတယ်ကိုကို"

သည်လောက်ဆို ကိုကို၏ အခြေအနေက သူမအပေါ် ကောင်းသေးတာပဲဟု တွေးမိရပြန်၏။

"လာ…မီ့ကို ထမင်းလိုက်ကျွေးမယ်"

"မစားချင်ဘူး ကိုကို"

အမှန်တော့ ကိုကို့သတင်းကြားတာနှင့် သူမရင်ထဲပြည့်နေတာ။

"ဒီလိုမလုပ်နဲ့လေ မီ၊ တော်ကြာ အစားအသောက်ပျက်ရင် မီ နေမကောင်းဖြစ်မယ်"

"ရပါတယ် ကိုကို"

ထိုစဉ် ကိုကို့ထံ ဖုန်းဝင်လာ၏။ ကိုကို နားထောင်သည်။

"ဟဲလို"

"သြော်…ချယ်ရီ"

ကိုကိုက သူမနားမှ အဝေးသို့လျှောက်ပြီး ဖုန်းပြော၏။

ချယ်ရီတဲ့။

လှပတဲ့နာမည်တစ်ခုပဲ။

သကြၤန်မှာ ကိုကို့အနားမှာရှိနေတာ ထိုအမျိုးသမီးပဲဖြစ်







www.burmeseclassic.com

www.burmeseclassic.com



မည်။ ဖုန်းပြောပြီး ကိုကို ပြန်ရောက်လာ၏။

"ဆောရီးပဲ မီရေ၊ ကိုကို ကိစ္စလေးရှိလို့ ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမကိုယောင် ဂရုမစိုက်နိုင်ဘဲ ကိုကို သွက်လက်စွာ ပြန်သွားသည်။ စောစောက ကိုကိုပြောသမျှတွေ ယုံချင်တာ သူမ မှားတော့မလို့ပါလား။

ကျော်ဇင် ယခုချိန် သူ့အနားရှိလျှင် ကိုကို့အကြောင်းတွေ ပြောလို့ကောင်းမှာ။ သို့သော် ကျော်ဇင်က နိုင်ငံခြားသင်္ဘောလိုက် သွားလေပြီ။

"ကိုကို့ကို နှင်နိုင်အောင်ထိန်း မီမီ၊ ကိုကိုက မလွယ်ဘူး၊ ဖိုတိုင်းကြိုက်တဲ့ နှင်းဆီကွ"

ဒါဟာ ကျော်ဇင်နောက်ဆုံးပြောခဲ့သော ကိုကိုနှင့်ပတ်သက်သည့် စကားဖြစ်၏။ ယခုတော့ ကျော်ဇင်ပြောသလို ဖြစ်နေပါလား။

"ချယ်ရီက ဒေါက်တာသော်ဇင်နဲ့ တစ်နှစ်တည်းကျောင်းပြီးတာလေ၊ ချယ်ရီ့အဖေက ကုမ္ပဏီပိုင်ရှင် မီမီ"

"သြော်"





ဒေါက်တာချယ်ရီ၏ အကြောင်းတွေက သူမအတွက် အားလျော့ချင်စရာ။ ကိုယ်တိုင်က ထူးချွန်ထက်မြက်ပြီး မျိုးရိုး အသိုင်းအဝိုင်းကောင်းကာ လူကုံတံတွေပဲ။

နောက်ပိုင်းတွင် ကိုကိုတစ်ယောက် သိသာစွာပင် သူမထံ အလာကျဲသွား၏။ လာတော့လည်း ရေးကြီးသုတ်ပြာနှင့် တစ်ခဏ။

"ကိုကို အလုပ်တွေများနေလို့ပါ မီ"

"ရပါတယ်၊ ကိုကို အားမှလာပါ"

သည်လိုပဲ အလိုက်သိစွာ သူမပြန်ပြောခဲ့၏။ ကိုကိုနှင့် ပတ်သက်ပြီး ခံစားရတိုင်း သူမစာပဲရေးဖြစ်၏။

ပထမဆုံးအကြိမ် သူမဝတ္ထုလေး မဂ္ဂဇင်းထဲပါလာချိန် ဝမ်းသာအားရ ကိုကို့ကို ပြဖြစ်သည်။

"ဒီဝတ္ထုလေးပါလာလို့ မီ ပိုက်ဆံဘယ်လောက်ရမှာလဲ၊ ကိုကိုကတော့ မီကို စာမေးပွဲမှာ ဂုဏ်ထူးများများနဲ့ အောင်စေချင်တယ်"

"ဘယ်လိုပြောလိုက်တာလဲ ကိုကို၊ မီ စာရေးတာ ပိုက်ဆံအတွက်မဟုတ်ဘူး၊ မီ ဝါသနာကြောင့်ပဲ၊ ဒီဝတ္ထုလေးပါလာတာ မီ့အတွက်တော့ ကိုကိုပြောတဲ့ ပိုက်ဆံတွေထက် ပိုတန်ဖိုးရှိတယ်"

ပထမဆုံးအကြိမ် ကိုကိုအား ရန်တောင်မိ၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကို အစော်ကားခံရလို့လေ။

"ကိုကိုကတော့ မို့ကို စိတ်ကူးယဉ်တာတွေ မလုပ်စေချင်ဘူး၊ မီဟာ မို့ဖေဖေလိုပဲ တော်စေချင်တယ်"

ညွှန်ချုပ်တစ်ဦးဖြစ်သည့် ဖေဖေဟာ လူတော်တစ်ဦးဆိုတာ မီသိပါ၏။ သို့သော် မီက ဖေဖေမှမဟုတ်တာလေ။

"မီက လွတ်လပ်မှုကို လိုလားတယ် ကိုကို၊ အချိန်မှန် ရုံးတက်၊ ရုံးဆင်းအလုပ်ကို မီ ဝါသနာမပါဘူး"

"ဘယ်လို့ပြောလိုက်တာလဲ မီ၊ အဲဒါဟာ ဂုဏ်သိက္ခာရှိတဲ့ဘဝ မဟုတ်လား၊ လမ်းပေါ်မှာ လွယ်အိတ်တစ်လုံးနဲ့ မလျှောက်သွားနေတဲ့ စာရေးဆရာတွေကို ဘယ်သူအထင်ကြီးလဲ မီ"

"ကိုကို...မို့ကိုစော်ကားချင်စော်ကားပါ၊ စာရေးဆရာတွေရဲ့ ဘဝကိုတော့ မစော်ကားပါနဲ့၊ လူတိုင်းဟာ ကိုယ့်ခံယူချက်နဲ့ ကိုယ်ရှိပါတယ် ကိုကို"

မထင်မှတ်ဘဲ သူမနှင့်ကိုကို ရန်ဖြစ်ရလေ၏။ တကယ်တော့ ကိုကိုက သူမဝါသနာကိုသာမက ဒေါက်တာချယ်ရီနှင့် နှိုင်းယှဉ်ကာ သူမကိုပါ အထင်သေးနေတာမဟုတ်လား။

"မို့ကို ကိုကို နားမလည်နိုင်တော့ဘူး"





နောက်ဆုံးလမ်းခွဲချိန်မှာ ကိုကိုပြောသွားတဲ့စကားလေ။ ဒေါက်တာချယ်ရီလို ခေတ်မီလှပကာ ပစ္စည်းဥစ္စာပြည့်စုံတဲ့ မိန်းကလေးမျိုးရှိမှတော့ သူမကို ကိုကို နားမလည်နိုင်တာ သဘာဝကျလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . မိန်းကလေး"

"အမေ့"

သဲသောင်ပြင်ဖွဖွသို့ ကမ်းစပ်ထိ ဒီရေလှိုင်းတို့ ရောက်လာကြသည်။ သူမက မထင်မှတ်ဘဲ အေးမြသော ရေပြင်ထဲသို့ တစ်လှမ်းခြင်းလျှောက်စဉ် တစ်စုံတစ်ယောက်က နောက်မှဆွဲလိုက်ခြင်းဖြစ်၏။

"လူ့ဘဝဆိုတာ ရခဲပါတယ် မိန်းကလေး၊ ဘာကြောင့် ဒီလိုစိတ်ကူးမျိုး ကူးရတာလဲ"

"ရှင်"

လ၏အလင်းရောင်က ကမ်းခြေတွင် ဖြာကျနေသည်။ ဖျော့တော့သော လရောင်၏ အလင်းက တစ်ဖက်လူကို မြင်သာရုံဆိုလေးပါ။

သူမနှင့် မျက်နှာချင်းဆိုင် ရပ်နေတာက အရပ်မြင့်မြင့်၊





ထိုယ်ဟန်ကျစ်ကျစ်နှင့် ခန့်ညားသောအသွင်ရှိသည့် အမျိုးသားတစ်ယောက်။

"ကျုပ်ကြည့်နေတာကြာပြီ ဒီကမ်းခြေက လူတွေပြန်ထုန်ပေမယ့် မင်းတစ်ယောက်ပဲ ကျန်တယ်၊ နောက်ဆုံးတော့ မင်းဟာ ငါထင်တဲ့အတိုင်း ဒီလမ်းစဉ်ကို ရွေးတာပဲ"

"ကျွန်မက"

"ဟုတ်တယ်လေ၊ လူတွေရှင်းချိန်စောင့်ပြီး မင်းရေထဲဆင်းတာမဟုတ်လား၊ ဒီမှာမိန်းကလေး တကယ်တော့ မင်းရဲ့ အကြံအစည်ဟာ အင်မတန်မိုက်မဲလွန်းတယ်၊ မင်းဒီလိုသေသွားလို့လည်း မင်းအတွက် စိတ်ညစ်စရာတွေ ပျောက်ဆုံးသွားမယ်ထင်လား"

သည်တော့မှ သူမ သဘောပေါက်၏။ သူမကို ရေနစ်သေဖို့ ကြံစည်နေတယ်ဟု ဒီလူထင်နေတာပါလား။

အဖြစ်ကလည်း တိုက်ဆိုင်နေ၏။ စောစောကမှ သူမမြင်တွေ့ထားသော လူတွေ ဒီကမ်းခြေမှာ တစ်ယောက်မှမရှိတော့။

လရောင်အောက်က လွှမ်းမောဖွယ်ရာ ပင်လယ်ပြင်ကြီးကို ကြည့်ရင်း သူမတစ်ယောက်တည်း ခါးသီးသောအတိတ်ကို သတိရကာ အချိန်ကုန်သွားတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မမှာ စိတ်ညစ်စရာတွေရှိတာ အမှန်ပဲ၊ ဒါပေမယ့် အဖန်ငါးရာငါးကမ္ဘာ ခံရမယ့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်းမျိုးတော့ ကျွန်မမလုပ်ပါဘူး”

“ဒါဖြင့် စောစောက မင်းရေထဲဆင်းတာ”

“မဟုတ်ဘူး၊ ကျွန်မ ဒီကမ်းခြေမှာရပ်နေတုန်း ဒီလှိုင်းလုံးတွေတက်လာပြီး ကမ်းစပ်ဆီ ရေရောက်လာတာပါ”

“သြော်…ဒါဖြင့် မင်းရေထဲဆင်းတာ မဟုတ်ဘူးပေါ့”

“ဟင့်အင်း”

သူမခေါင်းလေး ခါယမ်းတော့ သူကြည့်၏။ ထို့နောက် ပခုံးတစ်ချက်တွန့်ကာ…

“ကျုပ်အမြင်မှားသွားတယ်ပဲ ထားလိုက်ပါတော့”

“ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျေးဇူးတင်ပါတယ်”

“ဘာကြောင့်လဲ၊ ကျုပ်က မင်းကို ဘာမှမလုပ်ပေးရပါဘူးလေ”

တည်ငြိမ်၍ ကြည်လင်ပြတ်သားသော အသံက သူ့အာရုံထဲ နှစ်စွဲစေ၏။

“လူတစ်ယောက်ရဲ့ အသက်ကို တန်ဖိုးထားတတ်တဲ့ ရှင့်ရဲ့စိတ်ဓာတ်အတွက်ပါ”





“သြော်…အပွန်း၊ ဒါတော့ ကျုပ်မှမဟုတ်ပါဘူး ဘယ်သူမဆို ကိုယ့်ရှေ့ဒုက္ခရောက်မယ့် အဖြစ်မျိုးကို လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး မိန်းကလေး”

“ကျွန်မနာမည် မိမိပါ”

“လှပပြီး နူးညံ့တဲ့ နာမည်လေးပဲ၊ ကျုပ်က နေ့သစ်”

“ရှင်”

“အပွန်း…ကျုပ်နာမည်က မင်းအတွက် ဆန်းနေလား မိမိ”

သူက ရင်းနှီးစွာပဲ သူမနာမည်ကိုခေါ်၏။ ပွင့်လင်းစွာပဲ သူမ ခေါင်းလေးညိတ်ပြလိုက်သည်။

“ဟုတ်တယ်၊ ဒီနာမည်မျိုး ရှားတယ်မဟုတ်လား”

“မှန်တာပေါ့၊ ဒါက ရိုးရိုးသာမန်နာမည်မှ မဟုတ်ဘဲ၊ ကျုပ်ရဲ့အထူးနာမည်”

“အထူးနာမည် ဟုတ်လား၊ အဲဒီအဓိပ္ပာယ်က”

“ကျုပ်က ပန်းချီဆရာလေ”

“သြော်”

အနုပညာဆန်သော ဒီလိုနာမည်မျိုး သူမကြားဖူးတာ ပထမဆုံးအကြိမ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေ့သစ်"

"ဗျာ"

မထင်မှတ်ဘဲ သူမတို့နှစ်ယောက်က ခင်သွားသလို ရှိ

"ဦးနေ့သစ်ကကော ဘာကြောင့် ဒီအချိန်ထိ ဒီမှာရှိနေ

တာလဲ"

"ဒါလား…ကျုပ်က လရောင်ဖြာကျနေတဲ့ ပင်လယ်

ကြီးကို ပန်းချီဆွဲရရင် ကောင်းမလားလို့ ကြည့်နေတာ မီမီ"

"တကယ်ဆွဲမလို့လား"

သူခေါင်းညိတ်သည်။

"ဟုတ်တယ်…ကျုပ်ကြည့်နေတဲ့အချိန်မှာ ဆံပင်

ရှည်နဲ့ မိန်းကလေးတစ်ယောက် ကမ်းစပ်ကို ငေးမောကြည့်နေ

ကျုပ်ဆွဲမယ့် ပန်းချီကားအတွက် ပိုပြည့်စုံသွားသလိုပဲ"

လရိပ်အောက်မှာ သူမမျက်နှာကိုကြည့်ကာ သူ

သည်။ ယခုမှ သူမျက်နှာရှိ မုတ်ဆိတ်၊ ပါးမြိုင်းမွေးတို့ကို သတိ

မိ၏။ ယောကျ်ားတွေ ဒီလိုထားတာကို တခြားမိန်းကလေးတွေ

မတူ သူမကတော့ သဘောကျပါသည်။

"အဲဒီပန်းချီကားဆွဲပြီးရင် ကျွန်မ ဝယ်လို့ရမလား"

"ကျုပ်က ပန်းချီဆရာဆိုပေမယ့် ကိုယ်ရေးဆွဲတဲ့





ကားကို ရောင်းမစားတတ်ဘူး မီမီ"

ရင်ထဲမှာ လေးစားသွားရ၏။ အနုပညာကို မြတ်နိုးသူ

ကြ ဒီလိုပဲမဟုတ်လား။ ကိုယ့်ရင်ထဲမှ မွေးထုတ်လိုက်သော

နုပညာသည် ကိုယ့်သွေးသားလိုပင်။

"ဒါဆိုရင် ခက်တာပဲ အဲဒီပန်းချီကားကို ... ချင်

ဘယ်လိုလုပ်မလဲ ဦးနေ့သစ်"

"အဟွန်း…လွယ်ပါတယ်လေ၊ ကျုပ်ရေးမယ့် ပန်းချီ

ကားထဲ မင်းပုံကို ထည့်ရေးဆွဲခွင့်ပြုလေ"

"အို…ဦးနေ့သစ်က ကျွန်မပုံကို ဆွဲမလို့လားဟင်"

"မင်းခွင့်ပြုရင်ပေါ့"

သူမ စဉ်းစားစရာဖြစ်သွား၏။ ဘာပဲဖြစ်ဖြစ် ဦးနေ့သစ်

သူမ ယခုမှတွေ့ဆုံကြတာမဟုတ်လား။

"ဘယ်လိုလဲ မီမီ၊ မင်းခွင့်ပြုမှာလား"

"ကျွန်မဘဝမှာ အဲဒီလိုပုံဆွဲခံဖို့ တစ်ခါမှ စိတ်မကူးဖူး

ဦးနေ့သစ်"

"ဒါဆိုရင် မင်းပုံကို ကျုပ်ပထမဆုံး ဆွဲခွင့်ရရင် ဂုဏ်ယူ

ပေါ့ ဟုတ်လား"

အပြုံးတစ်ချက်ဖြင့် သူပြောသည်။ သူမ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"တကယ်သော ဆွဲခွင့်ရမယ်ဆိုရင် ဦးနှေးသစ်အ... ဂုဏ်ယူစရာပါ"

"ဆိုလိုတဲ့သဘောက မင်းပုံဆွဲဖို့ ကျုပ်ကို ခွင့်မ... ပေါ့"

"ကျွန်မ စဉ်းစားဦးမယ်လေ"

ညဦးနက်နေပြီမို့ သူမ ဘန်ဂလိုပြန်ဖို့ပြင်၏။ ပင်လ... ကို တိုက်ခတ်လာသော လေကြမ်းများကြောင့် ပတ်ဝန်းက... ပို၍အေးလာသလိုပင်။

သူမဝတ်ထားသော အင်္ကျီက လက်ပြတ်မို့ လ... နှစ်ဖက် စိုက်မိသည်။

"မင်း ချမ်းနေပြီလား မိမိ"

"ဟုတ်တယ်၊ အေးလာသလိုပါပဲ"

သူက အပေါ်ဂျာကင်အင်္ကျီကို ချွတ်ကာ ... ကမ်းပေး၏။

"ရော့...ဒီဂျာကင်ကို ခြုံထားလိုက်"

"အို...နေပါစေ၊ ကျွန်မ အခုပဲပြန်တော့မယ်"

"ဒီနဲ့ ဘန်ဂလိုကဝေးသေးတယ် မိမိ၊ မ...

...ပတ်သွားမယ်၊ ခြုံထားလိုက်ပါ"

နောက်ဆုံး သူတိုက်တွန်းတာမို့ သူမ ယူခြုံထားလိုက်၏။ ...ချင်းတစ်ကိုယ်လုံး နွေးထွေးသွားသလိုပါပဲ။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ မှောင်နေပြီ၊ မင်းကို ကျုပ်လိုက်ပို့မယ်"

သူမ မငြင်းဘဲနေလိုက်၏။ သဲသောင်ပြင်ထက်မှ သူမတို့ ...လှမ်းချင်းလျှောက်လာကြသည်။

"တကယ်ဆို ဒီလိုညမျိုးမှာ မင်းအဖော်တစ်ယောက် ...ခေါ်လာသင့်တယ်"

"ကျွန်မမှာ အဖော်မပါဘူး"

ကိုကိုနှင့် ပြဿနာဖြစ်ပြီးနောက် သူမ စိတ်ညစ်ပြေ အောင် ...ခြသို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ တစ်ဆောင်တည်း နေ...ချင်းတွေကိုတောင် အသိမပေးခဲ့။

"ဒီကိုတစ်ယောက်တည်း လာတာလား"

"ဟုတ်တယ်"

"အံ့သြစရာပဲ၊ မင်းလို မိန်းမလှလေးတစ်ယောက် ဘာ...ကြောင့် ဒီကိုထွက်လာရသလဲဆိုတာ ကျုပ်ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး"

တစ်ယောက်တည်း ခံစားနေရတာထက်စာလျှင် ယ
လို အဖော်တစ်ယောက်နှင့် စကားပြောနေရတာ သူမစိတ်သ
သာသလိုပါပဲ။

သူ တစ်ချက်ပြုံးလိုက်သလား မသိ။

"မင်းချစ်သူနဲ့ ကွဲလာတာလား"

ထိုအခိုက် သူမ ငြိမ်ကျသွား၏။ နောက်တော
သက်ပြင်းလေးချကာ…

"ဘာကြောင့် ဒီလိုထင်တာလဲ ဦးနေ့သစ်"

"အဟွန်း…ရှင်းပါတယ်၊ မင်းတို့လို မိန်းကလေ
ဒီအရွယ်တွေ ခံစားတာ အချစ်ကြောင့်ပဲ မိမိ"

ခန့်မှန်းခြေတော်ပါပေရဲ့ဟု သူမကြိတ်ကာ ချီးကျူ
လိုက်၏။

"ဒါဆို ဦးနေ့သစ်ကကော"

"ဗျာ"

"သြော်…ဆောရီး၊ ဦးနေ့သစ်ကတော့ ဒီကို မိသာ
နဲ့အတူ လာမှာပေါ့နော်"

"အဟွန်း…ဟွန်း"





သူမ၏မေးခွန်းကို သူသဘောကျဟန်ဖြင့် ရယ်သည်။
ပြီးနောက် ခေါင်းဆတ်ခနဲညိတ်ကာ…

"အင်း…ထားပါတော့"

"ဒီလောက်ညဉ့်နက်နေပြီ ရှင့်မိသားစုက မျှော်နေမှာ ပေါ့
ဦးနေ့သစ်"

"ဟုတ်မလားပဲ"

"ဟင်…ဦးနေ့သစ်စကားကလဲ"

စိတ်မပါဟန်နဲ့ မိသားစုအကြောင်းကို သူ မပြောချင်
တာလားဟု သူမတွေးမိလိုက်၏။

ဘန်ဂလိုရှေ့ထိ သူမကိုလိုက်ပို့သည်။

"ခုလိုလိုက်ပို့တာ ကျေးဇူးပါပဲ"

"ရပါတယ်ဗျာ၊ ကဲ ဂွဒ်နိုက်"

"ဂွဒ်နိုက်"

သူနှုတ်ဆက်ပြီး ထွက်သွား၏။ သူမလိုက်ကြည့်ကျန်ရင်း
တစ်စုံတစ်ရာကို သတိရသွား၏။

"ဦးနေ့သစ်"

"ဟင်"

သူခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။ သူမ ခပ်သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက်လေး လျှောက်သွားကာ ပခုံးထက်မှ ဂျာကင်ကို ပေးလိုက်၏။

"ဒါလေး"

"ဪ"

သူလှမ်းယူသည်။ လက တိမ်ကြားထဲဝင်တော့မည်။

"မှောင်နေပြီ မိမိ အထဲဝင်တော့"

"ဟုတ်ကဲ့"

သူမခေါင်းညိတ်ကာ ဘန်ဂလိုထဲဝင်ခဲ့၏။ ယခုကြတော့လည်း လှိုင်းသံတွေ တိတ်ဆိတ်သွားကာ သူမကိုယ်တိုင် အိပ်ရာပေါ်ရောက်ပြီး မကြာမီ အိပ်ပျော်သွားရတော့သည်။







မနက်ခင်း၏ နေခြည်ဖျော့ဖျော့အောက်တွင် အပြာနုနု ဝတ်စုံဖြင့် ဆံပင်ရှည်များ လွင့်မျောလျက် လှပစွာလျှောက်လှမ်းသာသော မိန်းကလေးတစ်ဦး။ မိုးသားပြာပြာအောက်မှာ ပင်လယ်ပြာပြာ၊ ဝတ်စုံပြာပြာဖြင့် နက်မှောင်သော ဆံပင်ရှည်များ လွင့်မျောချက် သူမပေါ်ဝင်သည့်ရှုခင်းက ပန်းချီကားဆန်လှ၏။

"ဖျတ်"

မထင်မှတ်ဘဲ ထိုမြင်ကွင်းကို ဓာတ်ပုံရိုက်မိသွားတာက သူ။

"ဟင်...ဦးနေ့သစ်"

"မိမိ"

မျက်နှာချင်းဆိုင်မှာ လာဆုံနေသော ဦးနေ့သစ်ကို တွေ့ရသော့ သူမအံ့ဩသွားသည်။

"မိမိ လျှောက်လာတဲ့ပုံက ကမ်းခြေပြာပြာနဲ့ လိုက်ဖက်လို့ ကျုပ် ဓာတ်ပုံရိုက်လိုက်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ကင်မရာကိုပြရင်း သူပြော၏။ ဒစ်ဂျစ်တယ် ကင်မရာမို့ ထိုပုံကို သူနေကြည့်မိသည်။

"အို"

မိုးပြာပြာ၊ ပင်လယ်ပြာပြာဖြင့် ဆံပင်ရှည်တို့ လွင့်မျော နေသော အပြာဝတ်စုံနှင့် လှပသော မိန်းကလေးတစ်ယောက်။

"မင်းခွင့်မပြုဘူးဆိုရင် ဒီပုံကို ကျုပ်ဖျက်လိုက်မယ်"

ညကဝတ်ထားသော ဂျာကင်နှင့်ပင် ဦးနေ့သစ်ကို တွေ့ရ တော့ ရင်ထဲတစ်မျိုးဖြစ်သွား၏။ ယခုတော့ အလင်းရောင်အောက် မှာ သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရှင်းလင်းစွာ မြင်ရပြီ။

"တကယ်လို့ ဒီပုံကို ကျွန်မပေးမယ်ဆိုရင် မဖျက်ပါနဲ့"

ရိုက်ထားတာ သဘာဝဆန်ကာ လှတာမို့ ထိုပုံဖျက်ပစ် နိုင်းရမှာ နှမြောစရာဟု သူမထင်၏။

မျက်နှာချင်းဆိုင်မြင်တွေ့နေရသော သူသည် အရပ်မြင့် မြင့်၊ ကိုယ်ဟန်ကျစ်ကျစ်ဖြင့် မျက်နှာတွင် မုတ်ဆိတ်၊ ပါးမြိုင်း မွေးတို့ဖြင့် ခန့်ညားသော ယောကျ်ားတစ်ယောက်ဖြစ်နေ၏။

"မင်းလိုချင်တယ်ဆိုရင်တော့ ကျုပ်က ပေးရမှာပေါ့ လေ"





"ကျွန်မ မယူရင်လည်း ဒီပုံဟာ ရှင့်အတွက် အသုံး မဝင်နိုင်လောက်ပါဘူး ဦးနေ့သစ်"

သဘာဝပန်းချီကားရဖို့ ဓာတ်ပုံရိုက်တယ်ထားဦး သူမပုံ က ရောနှော၍ပါနေတယ်မဟုတ်လား။

သူ ပခုံးတစ်ချက်တွန့်သည်။

"အသုံးမဝင်နိုင်ဘူးလို့ မင်းက ဘာကြောင့်ထင်လဲ မိမိ"

"အို…အနည်းဆုံးတော့ ကျွန်မပုံကို ရှင့်ဇနီးတွေ့သွား ရင်"

"ဗျာ…အဟွန်း…ဟွန်း"

ဦးနေ့သစ်က အကောင်းဆုံးပြက်လုံး ကြားရသူပမာ လှိုက်လှဲစွာ ရယ်လေ၏။

"ကျွန်မစကား ဘာမှားသွားလဲ ဦးနေ့သစ်"

"အဟွန်း…မမှားပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်ဇနီးက ကျုပ်အလုပ်ကို စိတ်မဝင်စားဘူးကွ"

"ဪ"

ဒါကြောင့် သူမပြောလိုက်တော့ ခံပြင်းစွာရယ်တာပါလား။ ကြည့်ရတာ ဦးနေ့သစ်သည်လည်း အိမ်ထောင်ရေးနှင့် ပတ်သက် ကာ ခံစားချက်ရှိနေလားဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ဦးနေ့သစ်၏ဇနီးဟာ ဘယ်လိုအမျိုးသမီးလဲဆိုတာ သူမသိချင်သည်။

"ဓာတ်ပုံတွေရလာရင် သူကြည့်မှာပေါ့ ဦးနေ့သစ်"

"အဟွန်း...ကျုပ်နဲ့အတူ သူက ဒီကိုလိုက်လာမယ်လို့ မင်းထင်နေသလား မိမိ"

"အို...မဟုတ်ဘူးလား"

သူမ အံ့သြသလိုမေးတော့ သူ မချိုပြုံးဖြင့် ခေါင်းခါယမ်းသည်။

"အဲဒီလိုသာ သူ ကျုပ်နောက်ကို လိုက်နေမယ်ဆိုရင် ညက မင်းနဲ့တွေ့စရာ ဘယ်အကြောင်းရှိမလဲ မိမိ"

"ဒါဖြင့် ရှင့်ဇနီး ဒီကိုမပါဘူးပေါ့"

"အင်း"

ကြည့်စမ်း...သူမထင်တဲ့အတိုင်းပါလား။ လောကမှာ အချစ်ရေးနဲ့ပတ်သက်ပြီး အဆင်မပြေတာ သူမတစ်ယောက်တည်း မဟုတ်ပါလား။

"ဒါနဲ့ မင်း ဘရိတ်ဖတ်စားပြီးပြီလား မိမိ"

"ဟင့်အင်း...အိပ်ရာကနိုးတာနဲ့ ကမ်းခြေဘက် လမ်းလျှောက်ထွက်လာတာ ဦးနေ့သစ်"





"ဒါဆို အတော်ပဲ မိမိ၊ ကျုပ်လည်း မစားရသေးတော့ မင်းကို ဘရိတ်ဖတ်စ် ကျွေးပါရစေ"

တကယ်တော့ သူမကလည်း တစ်ယောက်တည်းမို့ အဖော်လိုနေပါသည်။ ထို့ကြောင့် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ကျွန်မတို့ အတူစားကြတာပေါ့"

သည်မှာတော့ သူမက စိတ်ကို ပေါ့ပေါ့ပါးပါးပဲ ထားချင်၏။ မှန်းကျုပ်မည့်ကိစ္စမျိုး ဘာမှမလိုချင်ပေ။

သူမတို့ ဟိုတယ်မှာ ဘရိတ်ဖတ်စ်စားကြသည်။ သူက သူမအတွက် ကော်ဖီဖျော်ပေး၏။

ကိုကိုနှင့်တုန်းကတော့ သူမက ကိုကို့အတွက် ဖျော်ပေးခဲ့တာပါ။

"သောက်ကြည့်ဦး...ကျုပ်ဘဝမှာ မိန်းမတစ်ယောက်ကို ကော်ဖီဖျော်တိုက်တာ ဒါပထမဆုံးအကြိမ်ပဲ"

"ရှင့်မိန်းမကြားရင် ကျွန်မကို မနှာလိုဖြစ်နေပါ့မယ်"

"အဟွန်း...ဖြစ်မယ်မထင်ပါဘူးဗျာ၊ ကဲ ပြောပါဦး ကျုပ်ဖျော်တာကောင်းရဲ့လား"

ထို့ကြောင့် ကော်ဖီကို သူမသောက်လိုက်၏။

"အိုး...ဝှဒ်၊ ရှင်က ကော်ဖီအဖျော်ကောင်းတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသစ်''

''သင့်ခ်ယှ၊ မင်းတစ်ယောက်ပဲ ကျုပ်ကို ချီးကျူးဘူးတယ်''

ထိုအပြောကြောင့် သူဇနီးက သူ့ကို တစ်ခါမှ မချီးကျူးဘူးလားဟု တွေးမိ၏။

''ရှင့်ဇနီးကကော''

''သူလား...သူက သူများကိုချီးကျူးတာ ဝါသနာမပါဘူး မိမိ''

ခပ်တည်တည်ပြောပြီး သူက ကော်ဖီသောက်နေ၏။ ကိုကိုနှင့် သူ့ဇနီး ပုံစံတူတွေလား။

''ကဲ...ပြောပါဦး မင်း ဒီကိုတစ်ယောက်တည်း ရောက်လာတဲ့အကြောင်း''

ကလေးတစ်ယောက်ကို စ,သလို ပြုံး၍ သူမေး၏။

''ကျွန်မလား...အဟင်း ကျွန်မလည်း ဦးနေသစ်လိုပေါ့''

''သြော်...အသည်းကွဲလာတာလား''

သူမ ဘာမှမဖြေဘဲ ကော်ဖီကိုကုန်အောင် သောက်လိုက်၏။ သူ ခပ်တိုးတိုးရယ်ကာ...





''ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတဲ့ မိမိ၊ ကိုယ်တစ်ခုတော့ ထူးဆန်းတယ် မိမိ''

''ဘာကိုလဲ ဦးနေသစ်''

''သြော်...မိမိလို လှပတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောက်ျားက ထားသွားတာပါလိမ့်လို့''

ထိုအပြောကြောင့် သူမ စိတ်အားငယ်သွားသလိုပါပဲ။ တကယ်လို့ ကိုကိုသာ သစ္စာရှိခဲ့လျှင် ဦးနေသစ်ရှေ့မှာ သူမအား ငယ်စရာမလိုပေ။

''ဦးနေသစ် မှားနေပြီ၊ လောကမှာ ကျွန်မထက်လှတဲ့ မိန်းကလေးတွေ အများကြီးပါ''

''မင်းပြောတာ ဖြစ်နိုင်ပါတယ် မိမိ၊ ဒါပေမယ့် မင်းလို တည်ငြိမ်အေးချမ်းတဲ့ အလှမျိုးတော့ ရှားလိမ့်မယ်လို့ ကျုပ်ထင်တယ်''

''အဟင်း...အခု မုန့်ကျွေးနေတာ ဦးနေသစ်နော်''

ကိုကို့နှုတ်ဖျားက ထိုစကားမျိုးပြောလျှင် သူမအတွက် သောနုပ်စရာပါ။ ယခုတော့ ဘာမှမဆိုင်တဲ့ ဦးနေသစ်က ပြောတာမို့ ရှက်သလိုပါပဲ။

''ကျုပ်ကို မြှောက်တယ်လို့ ထင်နေတာလား၊ ကျုပ်ဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ အမှန်တရားတွေပဲ ပြောတတ်တယ် မိမီ''

''ကျွန်မအထင်တော့ ဦးနေ့သစ်မိန်းမက ကျွန်မထက် ပိုလှမယ်ထင်တယ်''

''အင်း···သူလည်းလှပါတယ် မိမီ''

သြော်···သူတကယ်ပဲ မညာတတ်ပါလားဟု သိလိုက်၏။ လှပသောမိန်းမတစ်ယောက်ကို ရထားတဲ့ ဦးနေ့သစ်အတွေ ပျော်စရာနေမှာပါ။

''ဒီလိုနေရာမျိုးမှာ ရှင့်ဇနီးမပါတာ ရှင့်အတွက် ဆိုးတ ပဲနော် ဦးနေ့သစ်''

သူပြုံးကာ သူမကိုကြည့်သည်။

''မင်းကတော့ မင်းရဲ့ချစ်သူပါလာရင် ပျော်မယ် မိမီ''

''အို···ဒါ အထူးမေးစရာမလိုဘူးထင်တယ်၊ ဒါ မယ်''

''ဘာပဲဖြစ်ဖြစ် ဒီမှာကျုပ်ရှိနေတုန်း မင်းအကူအညီလို အချိန်မရွေးတောင်းပါ မိမီ''

''ဟုတ်ကဲ့''

မထင်မှတ်ဘဲ ညက သူ့ထံမှ သူမ အကူအညီယူခဲ့မိ





''ကျုပ် ဒီနေ့ တစ်ဖက်ကမ်း သွားလည်မလို့ မင်းလိုက် သွား မိမီ''

''ရှင်''

''ဟိုးမှာမြင်နေရတဲ့ ကျွန်းလေး တွေ့လား၊ ဒီကမ်းခြေကို ရောက်တဲ့လူတိုင်း သွားလည်ကြတယ်၊ မင်းလည်မှာဆိုရင် ကျုပ်နဲ့ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်''

''ကောင်းပြီလေ၊ ကျွန်မ လိုက်ခဲ့ပါ့မယ် ဦးနေ့သစ်''

တစ်ယောက်တည်းနေလျှင်လည်း စိတ်မကောင်းစရာသာ တွေးမိသည်မို့ ဒီကိုရောက်တုန်း ဦးနေ့သစ်လို အဖော်ကောင်းလည်း ရှိတာမို့ သူမလိုက်လည်ဖို့ ဆုံးဖြတ်လိုက်ခြင်းပါ။

''အိုကေ···ဒါဆို မင်းကို ကျုပ်ဝင်ခေါ်မယ်''

ဘရိတ်ဖတ်စားပြီး ဘန်ဂလိုသို့ သူမ ခဏပြန်နားကာ အဝတ်အစားတွေယူ၏။ မကြာခင် ဦးနေ့သစ်ရောက်လာကာ သူမတို့ အတူထွက်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလို…ဘယ်ကချာတိတ်မပါလိမ့်"

ဂျင်းဘောင်းဘီအပြာကို ယိုးဒယားမှလာသော အပြာစင်းလေးများပါသော အဖြူရောင်စပို့ရှပ်လက်ရှည်ဖြင့် သူမက တွဲဝတ်ထားသည်။ ဆံပင်ရှည်များ ဖြန့်ချထားသော သူမကို မြင်တာနှင့် ဦးနေသစ် ပြောလိုက်ခြင်း။

"ကျွန်မက အဲဒီလောက်တောင် ရုပ်ပြောင်းသွားလို့လား ဦးနေသစ်"

"အင်း…မဟာဆန်ဆန်နဲ့ တည်ငြိမ်တဲ့အလှပိုင်ရှင်လေးက ခုလိုမျိုး ဝတ်စားတော့လည်း တကယ့်ဆယ်ကျော်သက်အရွယ် ချာတိတ်မပဲ"

"ရေထဲဆင်းရမှာဆိုတော့ လုံချည်က အဆင်မပြေဘူးလေ"

"ဟုတ်တာပေါ့ဗျာ"





သူမက ကျောပိုးအိတ်သေးသေးပါလျက် သူလည်း အိတ်တစ်လုံးနှင့်၊ ဂျစ်ကားဖြင့် သူမတို့ထွက်ခဲ့ကြခြင်းပါ။

"ဒီဂျစ်ကားက မိတ်ဆွေတစ်ယောက်ဆီက ဆွဲလာတာဆာ၊ မင်းကို ကားကောင်းကောင်းနဲ့ မခေါ်နိုင်တာ ဝမ်းနည်းပါတယ်ကွယ်"

"အို…မလိုပါဘူး၊ ဒီကို ရှင်ခေါ်လာလို့ ကျွန်မ ရောက်ရတာပဲ ကျေးဇူးတင်ပါတယ် ဦးနေသစ်"

သူမဟာ တခြားမိန်းကလေးတွေလို တိုက်ကားမက်သူ မဟုတ်ပါ။ ကိုကို့စကားအရဆိုလျှင်တော့ သူမက…

"အဆင့်မြင့်မြင့် မမှန်းတတ်သူပေါ့"

ကိုကိုကတော့ ဂုဏ်ဓနတွေကို အတော်တန်ဖိုးထားၓ၏။

"မလိုပါဘူးဗျာ၊ ကိုယ်လိုလူတစ်ယောက်နဲ့ ယုံကြည်စွာ လိုက်လာတဲ့ မင်းကို ကျေးဇူးတင်ရမှာ"

"ဦးနေသစ်က ဘာဖြစ်နေလို့လဲ"

"သြော်…ကိုယ့်ပုံစံကိုကြည့်ရင် မုတ်ဆိတ်၊ ပါးမြိုင်းမွေး တွေနဲ့ လူဆိုးလိုလို ဘာလိုလိုလေ"

"အဟင်း"

ကိုယ့်ဘာသာ ရစရာမရှိအောင် ဝေဖန်လိုက်သော သူ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အသံလေးထွက်အောင် သူမရယ်မိ၏။

"ဘာရယ်တာလဲ မီမီ"

"သြော်...ဦးနေ့သစ်က လူဆိုးပုံစံဆိုလို့ ဦးနေ့သစ်
ပုံစံမျိုး တခြားမိန်းကလေးတွေ ကြောက်ရင်ကြောက်မယ် ကျွန်မ
တော့ မကြောက်ဘူးရှင့်"

"အင်း...ဟုတ်နိုင်ပါတယ်၊ မင်းမှာ ကြောက်စိတ်မရှိ
ဒီကိုတစ်ယောက်တည်း လာရဲတာပေါ့ မီမီ"

"သူများတွေလည်း လာကြတာပဲလေ"

ရာသီချိန်မဟုတ်၍ ကမ်းခြေတွင် လူစည်ကားနေခြ
မရှိပေမယ့် အနည်းအကျဉ်းကတော့ ကိုယ့်အုပ်စုနှင့်ကိုယ် ရှိလေ

"ဒါနဲ့ မင်းကဘာလုပ်လဲ"

သူကားမောင်းရင်း မေးသည်။ သူမက လွတ်ခနဲပြ

"စာရေးတယ်"

"ဘာ"

"သြော်...မဂ္ဂဇင်းလေးတွေမှာ ကျွန်မစာရေးတ
ဦးနေ့သစ်"

"သြော်"

ငြိမ်ကျသွားသောသူ့ကို ဘေးစောင်းအနေအထားမှ သူ





...တဲ့ခတ်၏။ စာရေးတယ်ဆိုတာနဲ့ ကိုကို့လိုပဲ သူမကို အထင်သေး
သွားပြီလား။

"ဘယ်လိုလဲ...ကျွန်မစာရေးတယ်ဆိုလို့ အထင်သေး
သွားပြီလား ဦးနေ့သစ်"

"ဟာ...မဟုတ်တာပဲ၊ ဘာကြောင့် ဒီလိုတွေးရတာလဲ
မီမီ၊ တကယ်တော့ စာရေးတယ်ဆိုတာ ဂုဏ်ယူစရာပဲ"

"ဟင်...တကယ်လား"

ပထမဆုံးအကြိမ် သူ့ကို အံ့သြဝမ်းသာစွာ မေးမိ၏။
သူက တည်ငြိမ်သော မျက်နှာဖြင့် ခေါင်းညိတ်သည်။

"မင်းပဲစဉ်းစားကြည့်လေ မီမီ၊ တခြားအလုပ်တွေ အများ
ကြီးရှိပေမယ့် စာရေးဆရာဆိုတာက လက်ချိုးရေလို့ရတဲ့အထဲမှာ
င်းပါဝင်တာ ဘယ်လောက်ဂုဏ်ယူစရာကောင်းလဲ"

"အို...ကျွန်မဘဝမှာ စာရေးခြင်းနဲ့ ပတ်သက်ပြီး ဂုဏ်ယူ
စရာကောင်းတယ်ဆိုတာ ဒါ ပထမဆုံးအကြိမ် ကြားဖူးတာပဲ
ဦးနေ့သစ်"

ဦးနေ့သစ်ဟာ အမှန်တရားကို မြင်တတ်သူပါလားဟု
သူမ လေးစားသွားရ၏။ သူက သူမကို ကရုဏာဖြင့် ငုံ့စောင်း
ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းစာရေးတာ ဘယ်သူမှအားမပေးဘူးလား”

“ဟင့်အင်း”

အမှန်တရားအတိုင်း သူမ ခေါင်းခါယမ်းပြမိသည်

ကိုကိုက အဆိုးဆုံးပေါ့။

“မင်းမိဘတွေကကော”

“မေမေတို့က ကျွန်မကို စာပဲလုပ်စေချင်တယ်”

“ဒါဆု အခု မင်းက…”

“ကျွန်မ မြန်မာစာနဲ့ ကျောင်းတက်နေပါတ

ဦးနေ့သစ်”

“ကြည့်စမ်း…ဒါဟာ သိပ်ကောင်းတာပေါ့၊ မင်

ဝါသနာနဲ့ မင်းရဲ့မေဂျာ သိပ်ကိုက်တယ်”

သူချီးကျူးနေသလောက် သူမ ငြိမ်ကျသွား၏။ တကယ

တော့ သူမပတ်ဝန်းကျင်က ထို့အတွက်ပဲ သူမကို အထင်သေး

မဟုတ်လား။

“ဘာဖြစ်လို့ ငြိမ်သွားတာလဲ မိမိ”

“ဟင်း…တကယ်တော့ ဦးနေ့သစ်မသိပါဘူး၊ ကျွ

ပတ်ဝန်းကျင်က ဒါကို လက်မခံနိုင်ဘူး”

“မင်းပတ်ဝန်းကျင်”





“ဟုတ်တယ်လေ၊ ဖေဖေက ကျွန်မကို သူ့လိုပဲ အရာရှိ

ကြီးတစ်ယောက် ဖြစ်စေချင်တယ်၊ ဒါပေမယ့် ကျွန်မက အဲဒါမျိုး

ဝါသနာမပါဘူး ဦးနေ့သစ်”

ခဏတွေ့ကြရတဲ့လူတွေ ဖြစ်ပေမယ့် ဦးနေ့သစ်ကို သူမ

ယုံကြည်၏။ ဝါသနာလည်း ကိုက်ညီတယ်ထင်ကာ ရင်ထဲရှိတာ

တို ပွင့်ပွင့်လင်းလင်း ပြောမိခြင်းပါ။

“ကြည့်ရတာ မင်းရဲ့ချစ်သူနဲ့လည်း ဒီကိစ္စကြောင့် အဆင်

မပြေတာလား မိမိ”

“အဟင်း…သိပ်ဟုတ်တာပေါ့ ဦးနေ့သစ်၊ သူက

ဂုဏ်သိပ်မက်တယ်၊ အေးလေ…သူကိုယ်တိုင်ကလည်း ဂုဏ်သရေ

ရှိ အသိုင်းအဝိုင်းကကိုး”

“ဘာလုပ်တာလဲ”

ကိုကို့ကို ရည်ရွယ်၍ မေးမှန်း သူမသိလိုက်၏။

“ဆရာဝန်လေ၊ သူ့အဖေက အထူးကုဆရာဝန်ကြီး”

“သြော်…သြော် ဒါကြောင့်ကိုး”

သူသဘောပေါက်စွာ ခေါင်းညိတ်သည်။

“လူတွေက ဂုဏ်တွေ၊ ငွေတွေ သိပ်မက်တာပဲနော်

ဦးနေ့သစ်”



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း…အဲဒီလူတွေထဲ ကိုယ်တော့မပါဘူးထင်တ

မိမိ"

သူကိုယ်တိုင်က ဂျင်းဘောင်းဘီတစ်ပတ်နွမ်းနှင့် သာ

မို့ ဘာမှအထင်ကြီးစရာမရှိပါ။

"ဦးနေ့သစ်ကတော့ ပန်းချီဆရာပီသတယ်"

"ဘာလဲ…ကိုယ့်ပုံစံက အထင်ကြီးစရာမရှိလို့လား မိ

တိုက်ရိုက်သူမေးတော့ သူမ အားနာချင်သွားရ၏။ ဒါ

မယ့် သူ့ရဲ့ဖြူစင်တဲ့စိတ်ဓာတ်ကို သူမသဘောကျသည်။

"စိတ်ဓာတ်ကောင်းရှိတာဟာ အထင်ကြီးစရာ

ဦးနေ့သစ်"

"စိတ်ဓာတ်ကောင်း ဟုတ်လား"

သူမဘက် လှည့်ကြည့်ကာ သူမေးသည်။ သူမ ခေ

လေးညိတ်ပြလိုက်၏။

"ဟုတ်တယ်လေ၊ ဦးနေ့သစ်က လူတစ်ဖက်သာ

ကူညီတတ်တယ်၊ အထင်လည်း မသေးတတ်ဘူး"

"အပျွန်း…ပျွန်း ဒါပေမယ့် ကိုယ့်မှာ သူများအ

ကြီးစရာ ဘာဂုဏ်ရှိနေမှ မရှိဘူးဗျာ"

"အို…ဒါတွေက အပေါ်ယံတွေပါ ဦးနေ့သစ်ရယ်





သူမရင်ထဲက ခံယူထားသည့်အတိုင်း ပြောမိ၏။ သူက

သူမကို ဖျတ်ခနဲကြည့်ကာ ပြုံး၏။

"အထူးသဖြင့် မိန်းကလေးတွေက ဂုဏ်ရှိနေမရှိတဲ့လူတွေ

ကို အထင်မကြီးဘူး"

"ဟင်း…အဲဒီလိုမိန်းကလေးမျိုးထဲမှာ ကျွန်မမပါဘူး

ဦးနေ့သစ်"

ခပ်ဆတ်ဆတ်လေး သူမပြောတော့ သူ ပခုံးဖျတ်ခနဲတွန့်

တာ…

"လေးစားပါတယ်ဗျာ" ဟု ပြော၏။

သူမတို့သွားရမည့် နေရာရောက်တော့ ကားကို ဒီဖက်မှ

ရပ်၍ တစ်ဖက်ကျွန်းသို့ ကူးကြ၏။ ခြေလျှင် ရေထဲကဖြတ်၍

ကူးရတာမို့ ပျော်စရာတစ်မျိုးလည်း ကောင်းလှသည်။

တခြားလူတွေလည်း လာကြကာ တိုးရစ်တချို့ပင်ပါ

သည်။

"ဒီစုံတွဲက သိပ်လိုက်တယ်"

ဦးနေ့သစ်က သူမကို ဖြည်းဖြည်းချင်း ဦးဆောင်ကာ

ခေါ်တာမို့ ပတ်ဝန်းကျင်မှ လူတွေ တစ်မျိုးထင်ပြီး ဝေဖန်ကြ၏။

သူမ မျက်နှာလေးရဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကို တစ်မျိုးထင်ကုန်ပြီ"

"ကျုပ်ကြောင့် မင်းအနှောင့်အယှက်ဖြစ်သလား မိမိ"

ထိုသို့မေးတော့ သူမ မဖြေဖြစ်တော့ပေ။ လိုက်ခဲ့ဖို့သူခေါ်တယ်ဆိုပေမယ့် ဆုံးဖြတ်တာက သူမလေ။

"ကျွန်မတို့စိတ်တွေ ရှိုးသားကြတာပဲ ကျွန်မ ဘာမှမဖြစ်ပါဘူး"

သူပြုံးကာ ခေါင်းညိတ်၏။

"မိမိပြောတာ သိပ်မှန်တယ်၊ ပတ်ဝန်းကျင်က ဘာပြောပြော ကိုယ်မှန်တယ်ထင်တာကို လုပ်ရဲတာ သတ္တိပဲ"

ကဲ သူ့စကားက သူမရဲ့ခံယူချက်တွေကို ထောက်ခံအားပေးနေတာပါလား။ တကယ့်ကို အသွင်တူသူနဲ့ လာတွေ့နေတဲ့အဖြစ်လေ။





"ဒီကျွန်းလေးက လှလိုက်တာ"

ရေသူမရုပ်ပုံနှင့် ပင်လယ်ပြင်ကြီး ဝိုင်းရံလျက် စိမ်းစိုသာယာသော ကျွန်းလေးကို လှည့်ပတ်ကြည့်ပြီး သူမပြောသည်။ သဘာဝအလျောက်ရှိနေသော ကျောက်တုံးကျောက်ဆောင်များကလည်း လူတွေဖန်တီးထားသလိုပင်။

"ဟုတ်တယ်၊ သိပ်သာယာတယ်၊ ဒါကြောင့် ဒီကျွန်းကိုရောက်အောင် လူတွေလာကြတာပေါ့ မိမိ"

"ရှုခင်းကလည်း ကောင်းတော့ ဦးနေ့သစ်အတွက် ပန်းချီဆွဲချင်စရာပဲနော်"

"ဒီမှာ အေးအေးဆေးဆေး လာဆွဲနိုင်ရင် ပိုကောင်းမယ် မိမိ၊ လောလောဆယ်တော့ ဓာတ်ပုံတွေပဲ ရိုက်ယူသွားရမယ်"

သည်က ကင်မရာဖြင့် ရှုခင်းတွေရိုက်နေ၏။

"ဦးနေ့သစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကျွန်မမှာ ကင်မရာမပါဘူး"

"ဒီတော့"

"ဦးနေ့သစ်က ကူညီမယ်ဆိုရင် ဒီကျွန်းနဲ့ ကျွန်မ ဓာတ်ပုံ ရိုက်ချင်တယ်"

သည်လိုသဘာဝဆန်ဆန် လှပတဲ့ရှုခင်းမျိုး ရှားတာမို့ သူမ ပွင့်လင်းစွာ တောင်းဆိုလိုက်၏။ မိန်းမသားဆိုတာ ရောက်တဲ့နေရာတွင် အမှတ်တရ ဓာတ်ပုံရိုက်ချင်တာ သဘာဝလေ။

"အဟွန်း…ကူညီရမှာပေါ့ဗျာ၊ အမှန်တော့ ကျုပ်က မီမီကို ဓာတ်ပုံရိုက်ပေးချင်နေတာပါ၊ ဒါပေမယ့် မင်းမကြိုက်မှာ စိုးတာနဲ့လေ"

"အို…ဦးနေ့သစ်ပြောရင် ကျွန်မရိုက်မှာပေါ့၊ ဒီရှုခင်းမျိုးက ရှားတယ်မဟုတ်လား"

သူမကိုယ်တိုင်က လိုချင်စွာ အကူအညီတောင်းလာတာမို့ သူပြုံးကာ ဓာတ်ပုံများကို စိတ်ရှည်စွာ ရိုက်ပေးလေ၏။

သိပ်လှတဲ့ရှုခင်းတွေရယ် သိပ်လှတဲ့မိန်းကလေးရယ် ကောင်းကင်ပြာပြာအောက်မှာ ပင်လယ်ပြာပြာ ဝန်းရံလျက် အလှ ချင်းပြိုင်နေတာလေ။





ထိုစဉ် ကလေးတစ်ယောက် ရောက်လာကာ…

"ဦးတို့ ဒီကျွန်းပေါ်မှာ ချစ်သူတွေဆုတောင်းရင် ပြည့်တယ်တဲ့၊ ဦးတို့လည်း ဆုတောင်းသွားပါလား"

"အို"

လက်ထဲမှာ သပြေပန်းတွေကိုင်လျက် ချာတိတ်ငယ် အပြောကြောင့် ဖြူနုသော သူမမျက်နှာလေး နီရဲသွားရ၏။

"အဟွန်း…ဟုတ်လား၊ ကဲ မင်းလက်ထဲကပန်း ဘယ်လောက်ဖိုးလဲကွ"

"ငါးရာ"

"ရော့…တစ်ထောင်ယူသွား"

ဂျာကင်အိတ်ထဲမှ သူထောင်တန်တစ်ရွက် ထုတ်ပေးလိုက်၏။ ကောင်လေးဝမ်းသာသွားကာ…

"ဟာ…ဦးက သိပ်သဘောကောင်းတာပဲ၊ ဒါကြောင့် ဟိုမမလို သိပ်လှတဲ့မိန်းမရတာ၊ ဦးတို့ တစ်သက်လုံး ပျော်ရွှင်စွာ ပေါင်းရပါစေ"

"ဟဲ့"

သို့သော် ကောင်လေးက တစ်ထောင်တန်ကိုကိုင်ကာ ပျော်ရွှင်စွာ ပြေးထွက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး မိမိ၊ ကလေးက မသိလို့ပြောတာပါ"

"အို…ဒါပေမယ့် လွန်လွန်းတယ်၊ ဒါနဲ့ ရှင်က ဒီပန်းတွေကို ဘာကိစ္စ"

"ဩော်…သူပန်းရောင်းချင်လို့ လာတာလေ၊ ဒါကြောင့် အမြန်ကိစ္စပြီးအောင် ကျုပ်ဝယ်လိုက်တာ၊ သပြေဆိုတာ အောင်အတိတ်အောင်နိမိတ်ပဲ မဟုတ်လား မိမိ"

လက်ထဲမှာ အစိမ်းတွင် အနီညွန့်များထွက်နေသော သပြေတွေကို ငုံ့ကြည့်ကာ သူပြောသည်။ သူမရင်ထိတ်ခနဲဖြစ်သွားကာ

"ရှင်…ဆိုလိုတာက"

"တခြားမဟုတ်ပါဘူး၊ ကျုပ်တို့လာတဲ့ ဒီခရီးလမ်းကြောင်း အောင်မြင်မယ်လို့လေ၊ ကဲ ဟိုဘက်ကရှုခင်းလှတယ်၊ ဓာတ်ပုံရိုက်ရအောင်"

သပြေပန်းအကြောင်း ဆက်မပြောဘဲ ဓာတ်ပုံဆက်ရိုက်၏။

"ဟို ဦးနေ့သစ်ကော ရိုက်လေ၊ ကျွန်မတစ်ယောက်တည်း ဖလင်ကုန်သွားမှာပေါ့"

"ကျုပ်က ရှုခင်းတွေနဲ့ မိန်းမလှတွေသာ ဓာတ်ပုံရိုက်တာ၊ ကိုယ့်ဘာသာတော့ ဓာတ်ပုံရိုက်တာ ဝါသနာမပါဘူး မိမိ"





"အို…ဒါပေမယ့် ဒီနေရာက တမင်လာမှရောက်တာလေ"

သူပြုံး၍ ခေါင်းခါယမ်း၏။

"သူများတွေအတွက်တော့ ဟုတ်ချင်ဟုတ်မယ်၊ ကျုပ်အဖို့တော့ လာချင်ရင်အနီးလေးပါ မိမိ"

ထိုစကားကြောင့် သူမ တိတ်သွား၏။ သူဟာ တွေ့ကတည်းက လူ့ထူးလူဆန်းတစ်ယောက်အဖြစ် သတိထားမိခဲ့တာပါ။

"ဦးနေ့သစ်က ဒီကို ပန်းချီဆွဲ ခဏခဏလာတာလား"

"ဟင့်အင်း…ဒါ ပထမဆုံးအကြိမ် ကျုပ်ရောက်ဖူးတာပဲ"

"ဟင်…ဒါဆို"

"ဒါပေမယ့် ကျုပ်သဘောကျတဲ့နေရာဆို နောက်ပိုင်းကြာခဏရောက်ဖြစ်တယ်လေ၊ ခုတော့ ဒီနေရာလေးကိုလည်း ကျုပ်သဘောကျသွားပြီ"

ဆိုလိုတာက နောက်ဆိုလျှင် သူ မကြာခဏရောက်တော့မည်ဟု နားလည်လိုက်၏။ အင်းလေ…သူ့မှာက အချုပ်အနှောင်မရှိ လွတ်လပ်တဲ့ ပန်းချီသမားလေ။

"ကျွန်မတော့ ခဏခဏ ရောက်နိုင်မယ် မထင်ဘူး၊

www.burmeseclassic.com



ဒါပေမယ့် ဒီကျွန်းလေးရဲ့ သာယာလှပပုံကို ကျွန်မ အမြဲသတိရ
နေမှာပါ"

"စိတ်ထဲက သတိရတာလည်း ရောက်တာနဲ့အတူတူပါပဲ
လေ၊ ဒါနဲ့ အခု မင်းရဲ့လူကို သတိမရတော့ဘူး မဟုတ်လား"

"အို…တကယ့်ကို မေ့နေတာပဲ၊ ရှင်ပြောမှ သတိရတယ်
ဦးနေ့သစ်"

ကျွန်းလေးက သာယာလှပတာမို့ စိတ်ထဲဘာမှ သတိရ
တော့ ပင်လယ်ပြင်ကို ဖြတ်သန်းလာတဲ့လေကို ရှူရှိုက်ရင်း လော
ရဲ့သဘာဝအလှကို အားရစွာ ခံစားနေတာမဟုတ်လား။

"အဟွန်း…ဒါကြောင့် မင်းကို ကျုပ် ဒီနေရာ ခေါ်လာ
တာပေါ့ မီမီ၊ သိပ်သာယာလို့လေ"

"ကျေးဇူးတင်ပါတယ် ဦးနေ့သစ်"

မှန်တာပြောရရင် ဦးနေ့သစ်နှင့်သာ မတွေ့ခဲ့လျှင် ဒီနေရာ
ကို သူမ ဘယ်လိုမှရောက်ဖြစ်မည်မဟုတ်ပေ။

"မလိုပါဘူးဗျာ၊ ကျုပ်ကြောင့် လူတစ်ယောက် စိတ်ချမ်း
သာတယ်ဆိုရင် ကျေနပ်ပါတယ်"

သူတစ်ပါးကိုတောင် စိတ်ချမ်းသာအောင်လုပ်နိုင်သော
ဦးနေ့သစ်သည် သူ၏ဇနီးအပေါ်မှာ ဘယ်လောက်ကောင်းမည်





"ဦးနေ့သစ် ဇနီးကတော့ ဦးနေ့သစ်နဲ့နေရတာ ပျော်မှာ
ပဲ"

"ဘာလို့"

"ဩော်…ဦးနေ့သစ်က သူတစ်ပါးစိတ်ချမ်းသာအောင်
လုပ်နိုင်လို့လေ"

"အဟွန်း…ဟွန်း မထင်ပါနဲ့ဗျာ၊ လူတစ်ယောက် စိတ်
ချမ်းသာတယ်ဆိုတာလည်း ခံယူချက်ပေါ် မူတည်တာပါလေ၊
ချမ်းသာတွေ၊ ဂုဏ်ပကာသနတွေ မက်မောတဲ့လူတွေကျတော့ ဒီလို
နေရာကို ပျင်းစရာကြီးလို့ထင်မှာပေါ့၊ နေဇာပူပူ၊ လေကခပ်ကြမ်း
ကြမ်းတိုက်နဲ့ ဘယ်မှာပျော်စရာကောင်းမလဲလို့လေ"

ဒါလည်းဟုတ်တာပဲဟု တွေးမိ၏။ စိတ်ခံစားမှုနဲ့ လူတွေ
က ဒီလိုရှုခင်းကို သဘောကျတာပဲ။

"ဦးနေ့သစ်ဇနီးက ဘယ်လိုလူစားမျိုးလဲဟင်"

စပ်စုရာကျပေမယ့် သိချင်စိတ်က ပိုများတာမို့ မေးမိ၏။

"ဥပမာ…နှိုင်းပြရင် မင်းရဲ့ချစ်သူ ခေါက်တာလိုပေါ့"

"အို…ကိုကိုကတော့ သိပ်ကို ဂုဏ်ပကာသန လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဦးနေ့သစ်၊ ကျွန်မက သာမန်မိန်းမဆိုတော့"

"ဘာကြောင့် ကိုယ့်ကိုယ်ကို အဲဒီလိုထင်ရတာလဲ

လူတိုင်းမှာ ထူးခြားတဲ့ကိုယ်ပိုင်အရည်အချင်းတွေ ရှိတတ်ကြ

တယ်"

လူကြီးဆန်စွာ သူပြောတော့ သူမ လေးစားသွား

"ဒါဆို ကျွန်မမှာလည်း ကိုယ်ပိုင်ထူးခြားတဲ့ အ

အချင်းရှိတယ်ပေါ့ ဦးနေ့သစ်"

"အဟွန်း…ဒါပေါ့ဗျာ၊ မင်းကိုယ်မင်း မသိဘူး

မီမီ၊ ကဲ နေမစောင်းခင်ပြန်စို့"

အပြန်ခရီးမှာလည်း သူက ဂရုတစိုက်ရှိတာမို့ ကျေ

၏။ မမျှော်လင့်ဘဲ မိတ်ဆွေကောင်းတစ်ယောက်ကို သူမလာ

နေ၏။





"ကျွန်မ ပြန်တော့မယ်"

"ဪ"

မနက်ဖြန် သူမပြန်မည်မို့ အထုပ်အပိုးတွေ ပြင်ဆင်ခဲ့

သည်။ သည်ညကမ်းခြေမှာ လမ်းလျှောက်ရင်း သူ့ကိုနှုတ်ဆက်

ခြင်းပါ။

"ရှင်ကော"

"ဗျာ"

"ဪ…ရှင် မပြန်သေးဘူးလားလို့ မေးတာပါ"

သူ ခေါင်းခါယမ်း၏။ ကမ်းစပ်အတိုင်း သူမတို့ လျှောက်

သည်။ ပင်လယ်ပြင်က လရောင်အောက်မှာ ငွေရောင်သမ်းနေ

၏။ သည်ည ပိုလှနေသလိုပါပဲ။

"ကျုပ် ဒီမှာနေဦးမယ်"

"အင်း…ကောင်းပါတယ်လေ၊ ဦးနေ့သစ်လို ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက်အတွက် တိတ်တိတ်ဆိတ်ဆိတ်နဲ့ ရေးဆွဲလို့ ကောင်းမှာပါ"

သူပြုံးသည်။ တကယ်တမ်းပြန်ရမည်ဆိုတော့ လှပတဲ့ ပင်လယ်ပြင်ကြီးကို ထားခဲ့သွားရမှာပါလား။

"ကျုပ်က အလုပ်မရှိတဲ့လူလေ"

"အို…မဟုတ်တာ၊ ပန်းချီဆွဲတယ်ဆိုတာလည်း အလုပ်ပဲ ပေါ့"

"ဒါပေမယ့် ပန်းချီဆွဲတာနဲ့ ကျုပ် အသက်မွေးဝမ်း ကျောင်းမပြုဘူး"

"ဟင်…ဒါဆို"

"ထမင်းစားဖို့ ကျုပ်ရဲ့အနုပညာကို မရောင်းစားဘူး မိမိ"

သူ့ခံယူချက်ကို သိလိုက်ရတော့ ချီးကျူးလိုစိတ်ဖြစ်မိ၏ ဒါဆို သူဘာနဲ့ အသက်မွေးဝမ်းကျောင်းပြုပါလိမ့်။

"ထမင်းတစ်လုပ် စားဖို့ဆိုတာက လွယ်ပါတယ် အနည်းဆုံး ကုန်ဝင်ထမ်းရင်တောင် ရတာပဲ မိမိ"

"အို…ဒါဆို ရှင်သိပ်ပင်ပန်းမှာပေါ့ ဦးနေသစ်"

ကိုယ်ချင်းစာနာစိတ်လေးဖြင့် သူမပြောမိ၏။

"အလုပ်လုပ်တယ်ဆိုတာ တစ်ခုမဟုတ် တစ်ခု ပင်ပန်း





ကြတာပဲ မိမိ၊ ကာယအားနဲ့ လုပ်စားတဲ့လူက ကိုယ်ခန္ဓာပင်ပန်း သလို ဉာဏအားနဲ့လုပ်စားတဲ့ လူကလည်း စိတ်ပင်ပန်းတယ်"

"ဒါတော့ဒါပေါ့ ဦးနေသစ်၊ ကျွန်မအနေနဲ့ကတော့ ဦးနေသစ်ကို ပင်ပင်ပန်းပန်း လုပ်မစားစေချင်ပါဘူး"

သူမစိတ်ထဲရှိတာ အမှန်ပြောလိုက်၏။ အထူးသဖြင့် သူ့ရုပ်သွင်သည် တည်ကြည်ခန့်ညားတာမို့ မသိသူတွေအတွက် အထင်ကြီးစရာပါပဲ။

သူက သူမကို ဖျတ်ခနဲကြည့်၏။ ပင်လယ်လေကြောင့် သူမ၏ဆံနွယ်တို့ လွင့်မျောနေသည်။

"ကျုပ်အပေါ် စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါ တယ် မိမိ၊ မင်းပြန်ရင် လိပ်စာပေးခဲ့လေ၊ ကျုပ် မင်းဓာတ်ပုံတွေ လာပို့ပေးမယ်"

"ဟုတ်ကဲ့"

သူမက လွယ်လွယ်ကူကူပင် သူ့ကို လိပ်စာပေးလိုက် သည်။ သူယူဖတ်၏။

"ခုလို တက္ကသိုလ်ကျောင်းသူကြီးတစ်ယောက်နဲ့ သိရတာ ကျုပ်အတွက် ဂုဏ်ယူစရာပဲ"

သူပြုံး၍ပြောသည်။ သူမခေါင်းခါယမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သာမန်မိန်းကလေးတစ်ယောက်ပ

ဦးနေ့သစ်"

"ဘယ်လိုပြောလိုက်တာလဲ မီမီက ရုပ်ရည်၊ အသိ

အဝိုင်း၊ ပညာ ဘာမှပြောစရာမရှိတဲ့ အထက်တန်းစား မိန်းကလေ

ပါဗျာ"

ထိုစကားတွေကြောင့် သူမက အော်၍သာရယ်ချင်မိ

သည်လောက် ပြည့်စုံတဲ့သူမကို ကိုကိုက ထားသွားလို့လေ။

"ကျူပ်မာတ်ပုံလာပို့တဲ့အခါကျရင် မသိချင်ယော

ဆောင်နေမှာလား မီမီ"

"လာကြည့်လေ"

ခပ်ပြုံးပြုံးလေး သူမပြောလိုက်သည်။ သူပခုံးတွန့်ကာ

"လာရမှာ ခပ်လန့်လန့်ပဲဗျ"

"ဦးနေ့သစ်က အဲဒီလိုလူမျိုး မဟုတ်ပါဘူး"

"အဟွန်း…ဟုတ်လား"

သူရယ်၏။ တကယ်တမ်းမှာ သူ့အကြောင်း သူမ ဘာ

မသိပါ။ သူပြောသမျှ နားထောင်ခဲ့တာသာရှိ၏။

"ဒီညမှ ပင်လယ်ပြင်ကြီးက သိပ်လှနေသလိုပဲ"

"မီမီဆိုတဲ့ မိန်းမလှလေးရှိလို့ နေမှာပေါ့ဗျာ"





"ကျွန်မ ပင်လယ်ပြင်ကြီးကို နှုတ်ဆက်လိုက်ဦးမယ်"

လမ်းလျှောက်နေရာမှ သူမ ရုတ်တရက် ရပ်လိုက်၏။

နောက် ပင်လယ်ပြင်သို့ မျက်နှာမူကာ ပါးစပ်နားတွင် လက်

းနှစ်ဖက်ကာ၍…

"ပင်လယ်ပြင်ကြီးကို ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်၊

က်ဖြန် ကျွန်မပြန်တော့မယ်၊ ကျေးဇူးပြုပြီး ကျွန်မရဲ့ခြေရာတွေကို

င်လယ်ပြင်ကြီးက သိမ်းထားပေးပါနော်"

ကလေးတစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် အော်မိ၏။

တ်မှ သတိရ၍ သူ့ကိုကြည့်လိုက်တော့…

"အို"

သူမကို လက်ပိုက်လျက် သူစိုက်ကြည့်နေပါလား။

သည်တော့မှ သူမ ရှက်သလိုဖြစ်သွား၏။ သူမအပြုအမူ

ကလေးဆန်လွန်းတယ်မဟုတ်လား။ သူပြုံး၍ သူမနားသို့

လျှောက်လာသည်။

"ပင်လယ်ပြင်ကြီးက ပြောနေတယ်၊ မီမီ ခြေရာတွေကို

မ်းထားပါမယ်တဲ့"

"ဟင်…မဟုတ်ဘဲနဲ့"

"ဟောဗျာ…ပင်လယ်ပြင်ကြီးပြောတာ ကျူပ်ကြားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ အဲဟွန်း"

သူရယ်တော့ သူမပါလိုက်ရယ်မိ၏။ သည်ညနော

လွတ်လွတ်လပ်လပ်လေ။

"နောက်ထပ်ပင်လယ်ပြင်ကြီးက ပြောတာကော

လား မိမိ"

"ဘာတဲ့လဲ ဦးနေသစ်"

"မိမိ နောက်တစ်ခေါက် သူဆီပြန်လာတာကို မျှော်

မယ်တဲ့"

ဘာသာပြန်ကောင်းနေသော သူ့ကြောင့် ရယ်မိ၏

"နောက်တစ်ခါဆိုရင် ကျွန်မတစ်ယောက်တည်း

နိုင်ဘူး"

"ဟုတ်တာပေါ့၊ အနည်းဆုံး အဖော်တစ်ယောက်

ဟုတ်လား မိမိ"

သူမက အေးမြသော ပင်လယ်လေကို တစ်ချက်

လိုက်၏။

"ဦးနေသစ်ကော နောက်တစ်ခါ ဦးနေသစ်ရဲ့အဖ

ခေါ်လာမှာပဲမဟုတ်လား"

ပင်လယ်ပြင်ကို မျက်နှာမူလျက် သူ့ကို မကြည့်





လိုက်၏။ သူက သူမနှင့်အေးယှဉ်ရပ်ရင်း…

"အင်း…ဖြစ်နိုင်တာပေါ့"

ထိုစကားကြောင့် သူမ မျက်ခနဲ သူ့ကိုကြည့်မိသည်။ သူကလည်း သူမကို လှည့်ကြည့်တာကြောင့် မျက်ဝန်းချင်းဆုံသွား၏။

"ဦးနေသစ်က ဦးနေသစ်မိန်းမကို သတိရနေတာလား"

"ဟောဗျာ…ဘာကြောင့် ဒီလိုထင်ရတာလဲ ကလေးမ"

"သြော်…နောက်တစ်ခေါက် ဦးနေသစ်က အဖော်ခေါ်လာမယ်ဆိုလို့ပါ"

"အဲဒါက သူငယ်ချင်းမိဘတွေလည်း ဖြစ်နိုင်တာပဲ မိမိ"

သူမခေါင်းလေး ခါယမ်းမိ၏။ သည်လောက်သာယာလှပတဲ့နေရာကို ခေါ်လာမည့်လူဟာ ကိုယ့်ချစ်သူကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ။

"ကျွန်မတော့ ဦးနေသစ်ပြောသလို မထင်ပါဘူးနော်"

"ဒါဆို နောက်တစ်ခေါက် မိမိ ခေါ်လာမည့်သူကကော"

"အို…ကျွန်မကတော့ မေမေတို့ဖြစ်ဖြစ်၊ သူငယ်ချင်းတွေဖြစ်ဖြစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဟုတ်လား"

သူရယ်သံက သူမကို လှောင်နေသလိုပါပဲ။ ကိုကိုသာ သစ္စာမဖောက်ရင်တော့ နောက်တစ်ခေါက်ခရီးဟာ ကိုကိုဖြစ်နိုင်ပါသည်။ ယခုတော့…

"ကျွန်မကို မလှောင်ပါနဲ့၊ ကျွန်မက ဒဏ်ရာနဲ့ထွက်ပြေးလာတဲ့သူပါ ဦးနေသစ်"

"ဆောရီး…ကိုယ်က မီမီကို လှောင်တာမဟုတ်ပါဘူး၊ ဒါပေမယ့် မီမီက လှပငယ်ရွယ်သေးတဲ့ မိန်းကလေးတစ်ယောက်လေ၊ ဒီတော့ အချစ်ဆိုတာလည်း ထပ်တွေ့နိုင်သေးတာပဲ"

"အို…တော်ပါပြီ၊ ယောကျ်ားတွေရဲ့အချစ်ကို ကျွန်မကြောက်သွားပါပြီ ဦးနေသစ်"

ခပ်ဆတ်ဆတ်လေး သူမပြောတော့ သူသက်ပြင်းချ၏။

"ခက်တာပဲ၊ ယောကျ်ားတိုင်းဟာ မင်းတွေ့ဖူးတဲ့လူစားမျိုးတွေ မဟုတ်ပါဘူး မီမီ"

"ဦးနေသစ်ပြောတာ ကျွန်မ လက်ခံပါတယ်၊ ဒါပေမယ့် ပွဲဦးထွက်မှာ ကျွန်မ အလှည့်စားခံရတာ မဟုတ်လား"

"ဒါဆို ကျူပ်အကြံပေးရမလား"

"ပြောကြည့်လေ"





"နောက်တစ်ခါ…ကိုယ့်ချစ်ကိုမရှာဘဲ သူ့ချစ်ကိုရှာရမယ်၊ ဒါမှ မီမီ မခံစားရမှာ"

သူက အရပ်မြင့်မားတာမို့ သူမ မျက်နှာငုံ့ကြည့်ကာ ပြောသည်။

"ဒါတော့ ကျွန်မလက်မခံနိုင်ဘူး၊ ယောကျ်ားတစ်ယောက်ကို မချစ်ဘဲနဲ့ လက်ခံတာ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်မထင်တယ် ဦးနေသစ်"

"ကိုယ်ကတော့ မင်းစိတ်ပင်ပန်းမှာစိုးလို့ပါ"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

'အချစ်' ဆိုတဲ့အရာဟာ သူမအတွက်တော့ ကစားစရာမဟုတ်ပါ။ ထို့ကြောင့် ဘဝမှာ တကယ်ချစ်တဲ့လူနှင့်သာ သူမဆုံစည်းချင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မီမီ၊ ခရီးထွက်ရတာ စိတ်ထဲရှင်းသွားလား"

အဆောင်ရောက်တော့ သူမသူငယ်ချင်းတွေက မေး၏။ သူမ ခေါင်းညိတ်ကာ…

"အင်း…စိတ်ထဲနည်းနည်းပေါ့သွားတာတော့ အမှန်ပဲ"

"စိတ်ညစ်နေရင် ခရီးထွက်လိုက်ဆိုတာ မှန်တယ်နော် မီမီ"

သူမက လက်ဆောင်ဝယ်လာတာတွေ ထုတ်ပေးလိုက်၏။

"မင်းကို ပြောစရာရှိတယ် မီမီ"

"ဘာလဲဟင်"

"ဒေါက်တာသော်ဇင် လာသွားသေးတယ်"

"ဟင်"





ကိုကို ဘာကြောင့် သူမကို လာရှာတာပါလိမ့်။ ကိုကိုနှင့် သူမဇာတ်လမ်းက ပြီးပြတ်ပြီဟု ထင်၏။

"မင်းခရီးထွက်သွားတဲ့အကြောင်း ပြောလိုက်တယ်၊ နောက်တစ်ခေါက် သူပြန်လာဦးမယ်ထင်တယ်"

သူမ သက်ပြင်းခေါချလိုက်၏။ ယခုပဲ ကိုကို့ကြောင့် ခရီးထွက်ရာက သူမပြန်လာတာပါ။

ညနေကြတော့ ကိုကိုရောက်လာသည်။ သူမကိုတွေ့တာနှင့် စိုးရိမ်ဟန်မေး၏။

"တစ်ယောက်တည်း ခရီးထွက်သွားတာဆို"

"အင်း…ဟုတ်တယ်၊ စိတ်ပြေလက်ပျောက်ပေါ့ ကိုကို"

သူမဘာကိုဆိုလိုတယ်ဆိုတာ ကိုကို နားလည်ပါ၏။ ကိုကို သက်ပြင်းချသည်။

"ချယ်ရီနဲ့ကိစ္စက…"

"ဘာလဲ…ကိုကိုတို့ လက်ထပ်တော့မယ်ဆိုတာ ကျွန်မကို လာပြောတာလားဟင်"

ကိုကို့မျက်နှာကို စိုက်ခနဲကြည့်ကာ သူမ အေးစက်စွာ မေးလိုက်၏။ ကိုကိုက ဖျတ်ခနဲ သူမပခုံးလေးကို ဆုပ်ကိုင်သည်။

"ကိုကိုချစ်တာ မီမီ့ကိုပါ၊ ချယ်ရီကို မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သာမန်အချိန်ဆိုလျှင်တော့ ကိုကို့စကားဟာ ကြည်နူးစရ ပါ။ သို့သော် ဒီအချိန်မှာတော့ ကိုကို့စကားတွေသည် သူမအတွ နားခါးဖွယ်ဖြစ်၏။

"သြော်…ဒါဆို ကိုကိုကချစ်တာ တစ်ယော လက်ထပ်မှာက တစ်ယောက်ပေါ့ ဟုတ်လား၊ အဟင်း"

"ကိုကို့ကို အထင်မလွဲနဲ့ မိမိ၊ အခု ကိုကို ချယ်ရီ လက်မထပ်ချင်ဘူး၊ ဒါကြောင့် ကိုကိုနဲ့မိမိ လက်ထပ်ရအော လာပြောတာ"

"ဟင်"

ပထမဆုံးအကြိမ် ကိုကို့ကို တစ်ခါမှမမြင်ဘူးသ ကြည့်မိ၏။ ကြည့်စမ်း ကိုကိုဟာ အတော်အတ္တကြီး လူတစ်ယောက်ပါလား။

သူနှင့်ပတ်သက်သည့် မိန်းကလေးနှစ်ယောက်ရဲ့ ခံ ချက်ကို နည်းနည်းလေးမှ ထည့်မတွေးပါလား။

"ကိုကိုနဲ့လက်ထပ်ပါ မိမိ"

"ဘယ်လိုပြောလိုက်တာလဲ ကိုကို၊ ကိုကိုဟာ မိမိ အရုပ်တစ်ရုပ်များ မှတ်နေသလားဟင်၊ ခုပဲထားခဲ့လိုက်၊ ခုပဲ ကောက်ယူလိုက်နဲ့"





ကိုကို ခေါင်းခါယမ်းသည်။

"ဒီအချိန်မှာ စကားနာတွေထိုးမနေပါနဲ့ မိမိ၊ သိပ်အရေးကြီးတဲ့အချိန် ရောက်နေပြီ၊ မာမီတို့ လက်မဦးခင် ကိုကိုတို့ လက်ဦးမှ ဖြစ်မယ် မိမိ"

"သြော်…ဒါဆို ကိုကို့မိဘတွေကအစ ကိုကိုနဲ့ ချယ်ရီကို သဘောတူနေတာပေါ့၊ ဟုတ်လား"

နာကြည်းသလို သူမမေးမိ၏။ ကိုကိုက မဖြေဘဲ…

"တကယ်တမ်းပေါင်းသင်းရမှာ ကိုကိုတို့နှစ်ယောက်ပါ မိမိ"

"ဒီမှာ ကိုကို၊ မိမိဟာ မိကောင်းဖခင် သားသမီးပါ၊ လူကြီးတွေ သဘောမတူတဲ့အလုပ်မျိုး ကျွန်မ မလုပ်နိုင်ဘူး ကိုကို"

သူမကတော့ ကိုကိုနှင့်ကိစ္စအား မေမေ့ကိုတောင် ပြောပြထားခဲ့၏။ ကိုကို့မိဘတွေဆိုတာ ငယ်စဉ်ကတည်းက ခင်မင်ရင်းနှီးခဲ့ပါလျက် ခုလိုလုပ်တာ ဝမ်းနည်းရသည်။

ကိုကိုက စိတ်ကြပ်သွားပုံဖြင့် သူမကိုကြည့်၏။

"မိမိ …ကိုကို့ကို မချစ်ဘူးလားဟင်"

"ခုချိန်မှာ ကျွန်မကို ဒါတွေမမေးရင် ပိုကောင်းမယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



""မိမိ သိပ်ခေါင်းမာတယ်၊ ဒါကြောင့်မို့လည်း ချယ်ရီနဲ့ မဖြစ်သင့်တာတွေ ကိုကိုဖြစ်ခဲ့ရတာ""

ကြည့်စမ်း...ချယ်ရီနဲ့ဖြစ်ခဲ့တဲ့ကိစ္စဟာ သူမကြောင့်တဲ့။ ဘယ်လောက်နာကြည်းစရာလဲ။ ကိုကိုသာ သစ္စာရှိခဲ့လျှင် ဒီကိစ္စမျိုးတွေ ဖြစ်လာစရာအကြောင်းမရှိပေ။

""ဘာလဲဟင်...မိမိက ကိုကို့ကို နွားတစ်ကောင်လို အမြဲထိန်းကျောင်းနေရမှာလား""

""မိမို""

သူမစကားက ကိုကို့အရိုက် ထိသွား၏။ သူမပခုံးပေါ်က ကိုကို့လက်တွေ ဆတ်ခနဲဖယ်ရှားသွားသည်။

""ပြောပါဦးလား ကိုကို၊ ကျွန်မ သိပ်ရိုင်းတယ်လို့""

ကိုကိုက အံကြိတ်ကာ စိုက်ကြည့်၏။

""ကိုကို နောက်ဆုံးမေးမယ်၊ မင်း ကိုကိုနဲ့ လက်ထပ်မှာလား၊ မထပ်ဘူးလား""

""ဟင့်အင်း...လုံးဝလက်မထပ်နိုင်ဘူး ကိုကို""

""တောက်""

ကိုကို ခါပြင်းစွာဖြင့် ချာခနဲ လှည့်ထွက်သွား၏။ သူမနေရာတွင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာကျန်ခဲ့သည်။





""ကိုကို""

ဟု သူမလှမ်းခေါ်လိုက်လျှင် ပြန်လှည့်လာမည်လား။

နောက်နေ့သတင်းစာတွင် ကိုကိုတို့၏ စေ့စပ်ကြောင်းလမ်း...းပါလာသည်။

""မင်းတို့ တကယ်ပဲ လမ်းခွဲလိုက်ပြီပေါ့ မိမိ""

သူငယ်ချင်းတွေက စိတ်မကောင်းဟန်ဖြင့် သူမကိုမေး၏။ ... ဘာမှမဖြေဘဲ အေးစက်စွာ ပြုံးနေလိုက်သည်။

ဒါဟာ နဂိုကတည်းက ကိုကိုတို့ဘက်မှာ ရှိနေတဲ့အစီ...ဉ်မဟုတ်လား။

ချက်ချင်းပင် မေမေ့ထံက ဖုန်းလာသည်။

""ဘယ်လိုဖြစ်တာလဲ သမီး၊ မေမေကတော့ သမီးတို့ကိစ္စ... သမီးဖေဖေကိုတောင် ပြောပြထားတာ""

မေမေ့အသံက ခံပြင်းဟန်။ ဒီတော့မှ သူမဝမ်းနည်းကာ...နောက်မှာ မေမေတို့ရှိနေပါလားဟု သတိရမိ၏။

""သူ့မိဘတွေစီစဉ်တာပါ မေမေ""

တကယ်တမ်းမှာ ကိုကိုကိုယ်တိုင်က သစ္စာမဲ့တာကြောင့်... လေသံပျော့နေ၏။

""သြော်...ဒီလိုလား၊ မေမေတို့သမီးက ဘာဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



သူတို့က သဘောမတူတာလဲ၊ ခုလို သူတို့စိတ်ဓာတ်ကို ဖော
လိုက်ရတာ သမီးအတွက် ကံကောင်းတယ်လေ၊ သမီးဖေဖေ
ဒေါသဖြစ်နေတယ်၊ သမီးကိုလည်း သူတို့သားထက် တော်
ပေးစားမယ်တဲ့"

"ဟင်"

ဖေဖေ့မှာလည်း အရာရှိကြီးတစ်ယောက်၏ ထိုက်
သောမာန ရှိပါသည်။ မမျှော်လင့်ဘဲ မိဘတွေချင်း ပြိုင်သ
လာပြီ။

"သမီး ဒီကိစ္စတွေ မစဉ်းစားချင်သေးဘူး မေမေ

"အေး…မေမေက ဒီကိစ္စနဲ့ပတ်သက်ပြီး သမီးတ
ဖြစ်မှာ စိုးရိမ်တာ၊ ဒါကြောင့် မေမေ ရန်ကုန်လာဖို့စဉ်းစားနေတ

မိဘဆိုတော့ သားသမီး နာကျင်ခံစားရမှာကို မ
ရက်ဟန်ပါ။ သူမကိုအားပေးဖို့ မေမေလာမှာမို့ ကျေးဇူးတင်မိ
ဒါပေမယ့်…

"မေမေလာဖို့မလိုပါဘူး၊ သမီးဘာမှမဖြစ်ပါဘူး"

အသံကိုတည်ငြိမ်စွာထားလျက် သူမပြန်ပြောရ၏။
ကတော့ စိတ်မချဟန်။

"သေချာရဲ့လားသမီး၊ လိုအပ်ရင် မေမေ့ကိုခေါ်





"တကယ်ပါ မေမေ၊ ကိုယ်နဲ့ ကံမှဆုံတဲ့လူတစ်ယောက်
ကို သမီးလွမ်းနေမှာမဟုတ်ဘူး"

"အင်းလေ…မေမေ့သမီးက သတ္တိရှိပါတယ်၊ ဘာပဲဖြစ်
ဖြစ် ဒီနှစ်စာမေးပွဲတော့ လုံးဝမထိခိုက်စေနဲ့"

"စိတ်ချပါမေမေ၊ သမီး ဘာလုပ်ရမယ်ဆိုတာသိပါ
တယ်"

ဇော်ကိုနှင့်ပတ်သက်ပြီး သူမစိတ်ဓာတ် ယိမ်းယိုင်သွားမှာ
မိုး မေမေ လိုလားဟန်မတူပေ။

"အေးလေ…သမီးကို မေမေယုံပါတယ်၊ ဒီကြားထဲ
အချိန်ရရင်တော့ မေမေတို့လာခဲ့ပါ့မယ်၊ ရန်ကုန်က အိမ်ကိစ္စလည်း
ဘာကြည့်ရမှာမဟုတ်လား"

"မေမေတို့ အဆင်ပြေတဲ့အချိန်သာလာပါ၊ သမီးအတွက်
တော့ ဘာမှမစိုးရိမ်ပါနဲ့"

"အေး…အေး ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့"

မေမေနှင့် ဖုန်းပြောပြီးချိန်မှာ သူမ သက်ပြင်းမောချမိ၏။
ဇော်ကိုနှင့် ကိုကို့မိဘတွေကို မေမေ အတော်စိတ်နာသွားဟန်ပါ။

ဖေဖေ ပင်စင်ယူလျှင် ရန်ကုန်မှာပဲ အခြေချမည်မို့ သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားသော မြေကွက်တွင် အိမ်ဆောက်ဖို့ ရည်ရွယ်ထား
အိမ်ဆောက်ဖို့ပစ္စည်းတွေပင် အတော်စုဆောင်းမိနေပြီ။ မေမေ ထိုကိ
နှင့် လာမှာဖြစ်သည်။





"မိမိရေ…ညည်းသည်လာတယ်"

"ဘယ်သူလဲ"

ကိုကိုကိစ္စနှင့်ပတ်သက်ပြီး ကျောင်းကိစ္စမှလွဲ၍ သူမ ပြင်မထွက်တော့ပေ။ အားနေချိန်များမှာ အခန်းထဲတွင် စာရေး၊ တ်ဖြင့်သော အချိန်ကုန်၏။ တစ်နည်းအားဖြင့် စိတ်ကို အလုပ်ထဲ နှစ်ထားလိုက်ခြင်းပင်။

အဆောင်ဖော်ပြောလာတော့ သူမ စာဖတ်နေရာမှ လှမ်း၏။ သူငယ်ချင်းကပြုံးစိစိဖြင့်…

"ခန့်ချောကြီးတစ်ယောက်ပဲ မိမိ"

"ဘယ်သူ"

"ဟယ်…မိမိကတော့ ရှင့်အသိတွေထဲမှာ အဲဒီလိုခန့် ချောကြီး ဘယ်သူရှိလဲ၊ ကဲ မသိရင် အမြန်လေးသွားကြည့်"

သူမဆက်မမေးတော့ဘဲ ဆံပင်များကို သေသပ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြီးကာ အင်္ကျီလုံချည်ဆွဲဆန့်ပြီး ထွက်ခဲ့၏။ ဧည့်ခန်းထဲရောက်ချိန်မှာတော့…

"မိမိ"

"ဟင်…ဦးနေ့သစ်"

မမျှော်လင့်ဘဲ ဦးနေ့သစ်ကို တွေ့လိုက်ရတာကြောင့် သူမ အံ့ဩဝမ်းသာသွား၏။

"အဟွန်း…မိမိက မှတ်မိသေးသားပဲ"

"အို…ဦးနေ့သစ်ကို ဘာမမှတ်မိစရာရှိလဲ"

ထုံးစံအတိုင်း မျက်နှာတွင်မုတ်ဆိတ်၊ ပါးမြိုင်းမွေးတွေဖြင့် မပြောင်းလဲပေ။

"အဟွန်း…ဟုတ်သားပဲ၊ ဒီကိုလာချင်တာနဲ့ ဒါတွေတောင် မရိတ်မိခဲ့ဘူး"

မျက်နှာပြင်ကို ဖွဖွပွတ်ကာ သူပြောတော့ သူမပြုံးလိုက်၏။

"ဦးနေ့သစ် ခုမှပြန်ရောက်တာလား"

"အင်း…ဟုတ်တယ်၊ ဒီမှာလေ မိမိဓာတ်ပုံတွေလာပို့တာ"

"အို အကုန်လုံးရပြီ"





ဓာတ်ပုံများကို သူမတစ်ခုချင်း ထုတ်ကြည့်လိုက်၏။ …လုံး သဘာဝကျကျလှပသော ပုံတွေချည်းမို့ သဘောကျသွားသည်။

"ပုံတွေက လှတယ်နော်"

"ဓာတ်ပုံထဲက မိန်းကလေးက လှလို့ပါ"

"အဟင်း…မဟုတ်ပါဘူးနော်၊ ဓာတ်ပုံရိုက်တဲ့လူက …တ်လို့ပါ"

သူဘာမှမပြောဘဲ ပြုံးလေ၏။ သူ့ကိုတွေ့လိုက်ရတာ …၏ ညစ်ညူးနေသောစိတ်တွေ ပျက်ပြယ်သွားသလိုပင်။

"ဒီလိုပြောတော့ လာပို့ရတဲ့လူ အမောပြေသွားပြီဗျာ"

"ဆက်ပြီး အမောပြေရအောင် ဦးနေ့သစ်ကို ကျွန်မ …ခင်းလိုက်ကျွေးမယ်လေ"

"ဟာ …နေပါစေ"

သူငြင်းတော့ သူမ မျက်မှောင်လေးတွန့်သွားသည်။

"ဘာဖြစ်လို့လဲ၊ ကျွန်မကို မခင်လို့လား"

"မဟုတ်တာဗျာ၊ မိမိလိုမိန်းကလေးကို မခင်တဲ့လူ …ယ်သူရှိမလဲ၊ ကိုယ်က ဒီပုံစံကြီးနဲ့ မိမိကို အားနာလို့ပါ"

အနည်းငယ်ဟောင်းနေသော ဂျင်းဘောင်းဘီ၊ အပေါ်…



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်နှင့် သူ့ပုံစံက သူမအတွက်တော့ မထူးခြားပါ။

"ဘာဖြစ်လဲ...ရပါတယ်၊ ဦးနေ့သစ် ထမင်းမစားရသေ ဘူးမဟုတ်လား"

"အင်း"

"ဒါဆို ခဏစောင့်၊ ကျွန်မ ပိုက်ဆံအိတ်သွားယူလိုက် မယ်"

ပြောပြီး သွက်လက်စွာပင် သူမအပေါ်ထပ် တက်ခဲ့

"ဟဲ့...အဲဒါဘယ်သူလဲ၊ တကယ်ခန့်တယ်နော်"

ချောင်းကြည့်နေသော သူငယ်ချင်းကမေးတော့ သူ မျက်စောင်းလေးထိုးလိုက်၏။

"ရှင်တို့နော်...အဲဒါ ကျွန်မမိတ်ဆွေ ဓာတ်ပုံဆရာ

"ဟယ်...ဒါဆို တို့လည်း သူနဲ့ဓာတ်ပုံရိုက်မယ် မိ

"အေး...နောက်မှရိုက်၊ ခုတော့ သူ့ကို ထမင်းလိုက်ကျွေ ဦးမယ်"

ပိုက်ဆံအိတ်ယူပြီးတာနှင့် သူမပြန်ထွက်ခဲ့သည်။

"ကိုယ့်မှာကားပါတယ်"

"ဘာလဲ...ဟိုဂျစ်ကားလား"

ကမ်းခြေမှာတုန်းက စီးခဲ့သောဂျစ်ကားကို သတိရ





သူမမေးသည်။

"အဲဟွန်း...မဟုတ်ဘူးဗျ၊ ခုဟာက မြို့ပေါ်ကမိတ်ဆွေ ရဲ့ကား၊ ဟိုမှာ"

သူမကြည့်လိုက်တော့ အဖြူရောင်လီမိတက်ကားလေးကို တွေ့ရ၏။

"ဦးနေ့သစ်က ရောက်လေရာမှာ မိတ်ဆွေပေါတယ် နော်"

"ခင်ရာဆွေမျိုးလေ မိမိ၊ ကဲ တက်"

သူမအတွက် ကားတံခါးဖွင့်ပေးလေ၏။ သူကိုယ်တိုင် ကားမောင်းသည်။

"ဘယ်ကိုသွားမလဲ မိမိ"

"ဒီနားကဆိုင်ကိုပဲ သွားရအောင် ဦးနေ့သစ်၊ အဲဒီဆိုင်က ဟင်းလည်းကောင်းတယ်"

"မိမိသဘောပဲဗျာ"

သူမလမ်းညွှန်သည့်အတိုင်း မောင်း၏။ ကန့်ရိပ်နားက ဆိုင်လေးမှ အေးမြနေသည်။

ဟင်းတွေက တစ်နေ့တာစာသာ ချက်ထားတာမို့ အားလုံး လတ်လတ်ဆတ်ဆတ်ချည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေ့သစ် ကြိုက်တဲ့ဟင်းတွေ မှာနော်၊ ကျွန်မကို အားမနာနဲ့"

"ကိုယ် အများကြီးစားလို့ မီမီပိုက်ဆံတွေ ကုန်ပါမယ်ဗျာ"

"အို…ကုန်ပါစေ၊ ဦးနေ့သစ်ကို တစ်ခါတလေ ကျွေးရတာပဲ၊ ကဲ…ကြိုက်တာမှာပါ"

သို့သော် သူက နည်းနည်းသာမှာတာမို့ သူမပဲ ဟင်းခွက်တွေ မှာပေးလိုက်၏။

"အများကြီးဖြစ်နေပြီ မီမီ"

"ကျွန်မလည်း ဝိုင်းစားမှာလေ၊ ဦးနေ့သစ်လည်း များများစားပေါ့"

"အင်း…မီမီလို လှလည်းလှ၊ သဘောလည်းကောင်းတဲ့ မိန်းကလေးကို ထားသွားတာ ဘယ်သူပါလိမ့်"

ထိုစကားကြောင့် သူမမျက်နှာ ကွက်ခနဲပျက်လေ၏။

"ဆောရီး…ကိုယ် မီမီကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောမိပြီ"

သူမ ခေါင်းခါယမ်းလိုက်သည်။ ကိုကိုနဲ့ပတ်သက်ပြီး သူမခံစားချက်က ပို၍ထူးမလာပါ။





"ရပါတယ်၊ သူလည်း လက်ထပ်သွားပြီ"

"ဩော်"

"ဦးနေ့သစ်မိန်းမကော ဒီမှာလား"

"ဟင့်အင်း"

သူ့မိန်းမအကြောင်းမေးတော့ ယောင်နနဖြင့် ခေါင်းညိတ်အကြောင့် ပြုံးမိ၏။

"ကျွန်မကို ဦးနေ့သစ်ရဲ့မိန်းမနဲ့ တစ်နေ့လောက် မိတ်ဆက်ပေးပါလား"

"ဘာဖြစ်လို့လဲ"

"ဩော်…ဦးနေ့သစ်မိန်းမက လှတယ်ဆိုတော့ ကျွန်မ စိတ်ဝင်စားတာပေါ့ရှင်"

"အဟွန်း…မီမီလောက်မလှပါဘူးဗျာ"

"မမြှောက်လည်း အခု ဦးနေ့သစ်ကို ကျွန်မ ထမင်းကျွေးနေပါတယ်နော်"

သူနှင့်စကားပြောရတာ သူမရင်ထဲ ပေါ့ပါး၏။ ဘာမှ ရှုပ်ထွေးချန်စရာမလိုဟု ထင်သည်။

"မီမီကို ခွင့်တောင်းရဦးမယ်"

"ဘာလဲ…ဦးနေ့သစ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲက ဓာတ်ပုံတစ်ပုံကို ကျွန်တော့်ပေးပါလား"

"ဟင်...ဘာလုပ်ဖို့လဲ"

"ကျွန်တော် ပန်းချီဆွဲချင်လို့"

တကယ်တမ်းမှာ သူမကိုမပြောဘဲ ယူထားလျှင်လည်း ရပါ၏။ ယခု သူက ရိုးသားစွာ ခွင့်တောင်းနေခြင်းဖြစ်သည်။

"ကျွန်မက မပေးချင်ဘူးဆိုရင်ကော"

"ကျွန်တော့်ကံပေါ့ မိမိ၊ အမှန်တော့ မိမိလို မိန်းမလှလေးရဲ့ ဓာတ်ပုံက ကျွန်တော်လိုလူမျိုးဆီမှာ မရှိတာလည်း ကောင်းပါတယ်"

သူက စိတ်ဆိုးဟန်မပြဘဲ ပြောတာကြောင့် သူမပြုံးလိုက်၏။

"အမှန်တော့ ကျွန်မက ကိုကို့ကိုတောင် ကျွန်မဓာတ်ပုံ ပေးဖူးတာမဟုတ်ဘူး၊ ကျွန်မက ကျွန်မဓာတ်ပုံတွေ သူများဆီမှာ ရှိတာမကြိုက်ဘူး"

ရင်ထဲကဆန္ဒအမှန်ကို ပြောလိုက်၏။ ကိုယ်က မိန်းက လေးမို့ အစစအရာရာ ထိန်းသိမ်းရတယ်မဟုတ်လား။

"မိမိပြောတာ သဘာဝကျပါတယ်၊ ကျွန်တော်ဓာတ်ပုံ တောင်းတာ မှားသွားတယ်"





"ဒီလိုလည်းမဟုတ်ပါဘူး ဦးနေ့သစ်က ပွင့်ပွင့်လင်း လင်းတောင်းတာပဲ၊ တကယ်တော့ ကျွန်မမသိအောင် ဓာတ်ပုံယူ ထားလည်း ရတာပဲမဟုတ်လား"

"ကျွန်တော်က ပိုင်ရှင်မပေးတဲ့ပစ္စည်းကို ဘယ်တော့မှ မလိုချင်ဘူး မိမိ"

"ဒါဆို ရော့"

သူမက လက်ထဲမှ ဓာတ်ပုံတစ်ခုကို လှမ်းပေးလိုက်၏။

"ဟင်...ဒါက"

သူ ဓာတ်ပုံကိုလှမ်းယူပြီး ကြည့်သည်။

"အင်း...ဓာတ်ပုံထဲက အလှကို ကျွန်တော်မီအောင်မဆွဲ နိုင်ရင် ခက်မယ်ထင်တယ်"

သူမ မကြားချင်ယောင်ဆောင်ကာ အအေးသောက်နေ လိုက်၏။ ဘာကြောင့် သူ့ကို ဓာတ်ပုံပေးမိသွားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မေမေ"

မမျှော်လင့်ဘဲ မေမေ့ကိုတွေ့လိုက်ရ၍ သူမ အံ့သြဝမ်းသာ သွား၏။ မေမေ့ကိုမြင်ရတာ သူမရင်ထဲ အေးချမ်းလို့ပါ။

"သမီးကို ခုလိုတွေ့ရတာ မေမေဝမ်းသာတယ်"

ကလပ်စိတ်တက်ပြီး ပြန်လာတာမို့ သူမ၏ ပုံမှန်စိတ် အတွက် မေမေဝမ်းသာနေပုံ။

"ဘာလဲ မေမေ၊ သမီးက ကိုကိုစိတ်နဲ့ အိပ်ရာထဲလဲ ထဲနေလားဟင်"

"မေမေ့သမီး စိတ်ဓာတ်ခိုင်မာတယ်ဆိုတာ မေမေသိ တယ်၊ ကဲ…သမီးလည်း အဝတ်အစားသိမ်းတော့ အဆောင်မှ ကို မေမေခွင့်တောင်းခဲ့ပြီ၊ သမီးကို လေးငါးရက်ခေါ်သွားမယ်လို့"

"ဘယ်ကိုလဲ မေမေ"

"သမီးဦးကြီးအိမ်လေ၊ ဖေဖေလည်း အလုပ်ကိစ္စနဲ့ ရောက်





နေတယ်"

"ဟင်…ဟုတ်လား၊ အခု ဖေဖေကော"

"ရုံးချုပ်သွားတယ်၊ သမီးနဲ့ ညနေမှတွေ့မယ်တဲ့"

ဖေဖေလည်းပါတယ်ဆိုတာကြောင့် သူမ အဝတ်အစား သိမ်းလိုက်၏။ ဘောက်ထော်မှာ ဖေဖေ၏အစ်ကိုကြီး နေသည်။ လင်မယားနှစ်ယောက်တည်းရှိကာ အငြိမ်းစားယူထားပြီး သစ်ပင် ပန်းပင်စိုက်၍ အေးချမ်းစွာနေ၏။

သူမ ရန်ကုန်မှာ ကျောင်းတက်တော့ ဦးကြီးက သူ့အိမ် မှာနေဖို့ခေါ်သည်။ ငယ်ရွယ်သူမို့ လွတ်လပ်မှုနှင့် အဆောင်သူဘဝ ကို ဖြတ်သန်းချင်တာမို့ သူမငြင်းခဲ့သည်။

စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်များမှာတော့ ဦးကြီး အိမ်သွားတဲ့အခါ သူမသွားလိုက်၏။

"ဖေဖေလည်း လိုက်လာတုန်း အိမ်ဆောက်မယ့်ကိစ္စကို တစ်ခါတည်းစီစဉ်သွားမယ် သမီး"

"ဘယ်သူ့ကို အပ်ခဲ့မှာလဲ မေမေ"

"သမီးဖေဖေမိတ်ဆွေ အင်ဂျင်နီယာတွေရှိပါတယ်၊ သမီး နဲ့ သမီးဦးကြီးကတော့ မကြာခဏ သွားကြည့်ပေါ့"

"ဟုတ်ကဲ့"

www.burmeseclassic.com



ဦးကြီး၏ကားနှင့် မေမေလာတာမို့ အပြန် သူမလိုက်ရတာ အဆင်ပြေသွားသည်။

"သမီးဦးကြီးက ပြောနေတယ်၊ ခုတလော သမီး မရောက် တာကြာပြီတဲ့"

"မအားလို့ပါ မေမေ"

"စာတွေရေးနေတာလား"

သူမ၏ဝါသနာကို သိထားသော မေမေက နားလည်စွာ မေးသည်။

"နည်းနည်းပါးပါးပါ မေမေ"

"အင်း…သမီးဖေဖေတို့ကတော့ သမီးကို စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့ အောင်စေချင်တာပဲ"

ဒါကလည်း တစ်ဖက်မှ ကိုကိုတို့ကို မခံချင်၍ဆိုတာ သူမ နားလည်၏။ မှန်တာပြောရလျှင် ဒီနှစ် သူမအဖို့ စာမေးပွဲ အောင်ဖို့ အနိုင်နိုင်ပါ။

"သမီး အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ဒါနဲ့ ညီမလေး ကော စာလိုက်နိုင်လား"

"အမယ်လေး…သူကတော့ အဆင့်တစ်ချည်းပဲ၊ သမီး အဖေကတော့ အငယ်မအတွက် သိပ်အားရနေတယ်





…တက္ကသိုလ်တက်နိုင်းမယ်တဲ့"

"သူ့ဝါသနာပါတာပဲ လုပ်ပါစေ မေမေ"

မိဘတွေက တိုက်တွန်း၍ ဝါသနာမပါတဲ့လိုင်းမျိုး ဖွတ် …သူစေချင်ပါ။

"သမီးညီမကိုယ်တိုင်က ဝါသနာပါတာပါကွယ်၊ မေမေ …တော့ သမီးနှစ်ယောက်လုံး ပညာရေးဘက်မှာ တော်စေချင် …ယ်"

ပညာရေးလောဘမရှိသော သူမကို မေမေတို့ သိပ်အား …ဆိုတာ သိ၏။ အထူးသဖြင့် သူမ ဆရာဝန်မဟုတ်၍ ကိုကို …းသွားခြင်းဟု ထင်နေသည်။

"အနည်းဆုံးတော့ သမီးလည်း ဘွဲ့တစ်ခုရအောင်ယူမှာ … မေမေ"

"သမီးကို မေမေပြောရဦးမယ်၊ ပညာသင်တဲ့အချိန်မှာ …ခြားစိတ်ကူးယဉ်တဲ့ အလုပ်တွေကို ခဏရပ်ထားစေချင်တယ်"

သူမကို နားလည်ပါသည်ဆိုသော မေမေကိုယ်တိုင် ပြော …တော့ သက်ပြင်းချမိရ၏။ တွေ့တဲ့အခိုက် မေမေ့ကို စိတ်မဆင်း …ချင်ပေ။

"သမီးနားလည်ပါပြီ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး ဖေဖေနဲ့တွေ့ရင်လည်း ပြေလည်အော
ဖြေ"

"ဟုတ်ကဲ့"

ဦးကြီးအိမ်ရောက်တော့ သူတို့ကို ထမင်းပွဲဖြင့် အသ
ကြို၏။

"ဘယ့်နှယ်လဲ မီမီ၊ စာတွေကြိုးစားနေလို့ ဒီကိုတော
မလာနိုင်တာလား"

သူမကိုမြင်တာနှင့် ဦးကြီးက မေးသည်။ မေမေက ဖြေ
ကာကွယ်ပြော၏။

"ဟုတ်တယ် အစ်ကိုကြီးရေ၊ အတန်းကြီးလာလေ
တွေကများလေ မဟုတ်လား၊ ဒါကြောင့် ကျူရှင်နဲ့ကျောင်း
မအားတာလေ"

"ဒီခေတ်ကလေးတွေက တက္ကသိုလ်ရောက်တဲ့အ
ကျူရှင်မလွှတ်ကြပါလား၊ တို့တုန်းကတော့ ကိုယ့်ဘာသာကြိုး
ပြီး ဝုဏ်ထူးထွက်အောင်လုပ်တာ"

ကျောင်းအုပ်ဆရာကြီးဘဝဖြင့် အငြိမ်းစားယူထားသေ
ဦးကြီးက သူမ၏ပညာရေးကို အားရဟန်မတူ။

"ဦးကြီးက ဉာဏ်ကောင်းတာကိုး"





သူမဝင်ပြောတော့ ဦးကြီး ခေါင်းခါယမ်း၏။

"ဉာဏ်ကောင်းတယ်၊ ဉာဏ်မကောင်းတယ်က
ကြောင်းမဟုတ်ဘူး မီမီ၊ အဓိက ကြိုးစားအားထုတ်မှုပဲ"

"ကဲ…အဖေကြီးရေ တော်ပါတော့၊ ကလေးလာတုန်း
ဒီလို နားပူတာတွေပြောလို့ မီမီ ဒီကိုမရောက်တာ"

ဦးကြီး၏မိန်းမက ဝင်ပြောသည်။

"အလိုဗျာ…ဒါဆို သူမလာတာ ငါ့ကြောင့်ပဲပေါ့"

"အဟင်း…အဲဒီလိုတော့မဟုတ်ပါဘူး၊ မီမီ လူမရောက်
ယ့် စိတ်က ဦးကြီးတို့အိမ် အမြဲရောက်ပါတယ်"

သည်တော့မှ ဦးကြီး ကျေနပ်သွား၏။ မေမေက အန်တီ
နှင့် ထမင်းဝိုင်းကူပြင်သည်။

"သမီးလည်း ကိုယ့်ဦးကြီးအိမ်ကို အနည်းဆုံး တစ်လ
ခါ လာပေးကွယ့်"

"ဟုတ်ကဲ့ပါ မေမေ"

ဖေဖေက ညနေမှ ပြန်လာမည်မို့ သူမတို့ရှိတဲ့လူတွေပဲ
င်းအတူစားဖြစ်၏။ မှန်တာပြောလျှင် ဒီလိုမိသားစုနှင့် ထမင်း
မစားရသည်မှာ ကြာပြီ။

"စားလို့ကောင်းလိုက်တာ"

www.burmeseclassic.com



သူမအပြောကြောင့် မေမေ စိတ်မကောင်းဖြစ်သွားပုံရ

"အင်း...သမီးက အဆောင်မှာနေရတော့ အ
အသောက်ဆင်းရဲမှာပဲ"

"မမတို့လည်း သူ့အတွက် တတ်နိုင်သမျှ ပို့ပေးပါတ
ကွယ်"

ဦးကြီး၏မိန်းမက ဝင်ပြောသည်။ သူတို့ပို့တာ အခြေ
အခြမ်းမို့ ဒီလိုစိုစိုပြေပြေစားဖို့တော့ မဖြစ်။

"ဟုတ်ပါတယ် မေမေ၊ ဦးကြီးနဲ့ အန်တီက ကြုံသ
ပို့ပေးပါတယ်"

"အေး...အေး မေမေပြန်ရင်လည်း သမီးအတွက် အ
အစပ်တွေ လုပ်ပေးခဲ့မယ်"

မေမေ့လက်ရာတွေကတော့ သူမအတွက် စပါယ်ရှယ်
ညနေ ဖေဖေရောက်လာတော့ ညှို့သည်တစ်ဦး ပါလာ၏။

"ဟော...ဖေဖေ"

"ဩော်...သမီးလည်း ရောက်နေတာကိုး၊ သမီး
ကော"

"ရှိတယ် ဖေဖေ"

"သွားခေါ်ဦး၊ ဒီမှာ ညှို့သည်နဲ့ မိတ်ဆက်ပေး





ကျော်ဖေယျ ဒါက ကျွန်တော့်သမီးကြီး မိမိဦးတဲ့၊ ဒီမှာ
တ္တသိုလ်တက်နေတယ်"

"ဟင်...ဦးနေ့သစ်"

သူမ နှုတ်ကိုအမြန်ထိန်းလိုက်ရ၏။ ဖေဖေ့ကို အဖြူရောင်
ခရုဆာနှင့် လိုက်ပို့သော ဦးကျော်ဖေယျသည် မျက်နှာတွင်
ဆိတ်၊ ပါးမြိုင်းမွေးတို့ မရှိတာကလွဲလို့ ဦးနေ့သစ် ဖြစ်နေ၏။

အဝတ်အစားကလည်း ပုံစံပြောင်းကာ ကြွေရောင်တောက်
သော အဖြူရောင် လည်ကတုံးအင်္ကျီလက်ရှည်ကို ပိုးသား
တ် နက်ပြာလုံချည်ကွက်ဖြင့် တွဲဝတ်ကာ အထူးရှင်းသန့်နေ
ည်။

"တွေ့ရတာ ဝမ်းသာပါတယ် မမိဦး"

"ဖေဖေ...သမီးမေမေ့ကို သွားခေါ်လိုက်ဦးမယ်"

ဘယ်လိုပဲ ဝတ်စားဆင်ယင်တာ ပြောင်းလဲပါစေ သူဟာ
နေ့သစ်ဖြစ်နေတာ ငြင်း၍မရ။

ကြည့်စမ်း...ယခုတော့ သူဟာ နာမည်တစ်မျိုးနဲ့ ဖေဖေ
ဆားမှာ လူကြီးလူကောင်းအဖြစ် ရှိနေပါလား။

ထို့ကြောင့် သူနှုတ်ဆက်တာကိုပင် သူမ ဂရုမစိုက်ဘဲ
ထဲဝင်လာခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ...ဖေဖေခေါ်နေတယ်"

"ဟင်...အေး လာပြီ၊ သမီးလည်းလာလေ"

မတတ်သာ၍ မေမေနှင့်အတူ ဧည့်ခန်းထဲပြန်ထွက်ခဲ့ရ

"သီရေ...သူက ဦးကျော်ဇေယျတဲ့၊ ကုမ္ပဏီပိုင်ရှင်
ကွန်စထရပ်ရှင်းလည်းလုပ်တယ်"

"ဩော်...ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်ရှင်"

သူက မေမေ့ကို မတ်တတ်ရပ်၍ နှုတ်ဆက်သည်။

"ကျွန်တော်ကလည်း အန်တီတို့နဲ့ ခုလိုတွေ့ရတာ
ဝမ်းသာပါတယ်၊ လိုအပ်တဲ့အကူအညီရှိရင် ပြောပါခင်ဗျာ"

အထူးယဉ်ကျေးသိမ်မွေ့နေသော သူ့ကို မေမေတို့ သဘော
ကျသွားလေ၏။ သူမကတော့ သူ့ကို ဟန်ဆောင်လှည့်စားတတ်
အဖြစ် ခပ်စိမ်းစိမ်းကြည့်မိသည်။

"ရှင်...လူလိမ် လူညာ"

ဖေဖေနှင့် မေမေတို့ အိမ်ထဲဝင်သွားချိန်တွင် သူမနှုတ်မှ
တိုးတိုးထွက်ပေါ်သွား၏။ သူက သူမနား ဖျတ်ခနဲရောက်လာ
သည်။

"ကိုယ်ရှင်းပြပါရစေ မိမိ"

"အို...ဘာမှရှင်းပြစရာမလိုဘူး၊ ရှင် လိမ်ညာခဲ့တာကို
တဲ့ ကျွန်မ ကိုယ့်ဘာသာရှက်မိတယ်"

သူ့ကို တကယ်ပဲ သာမန်အညတြရ ဓာတ်ပုံဆရာ၊ ပန်းချီ
တစ်ယောက်ဟု သူမထင်ခဲ့တာ မှားပါလား။ ယခုတော့
သူမလုံးဝမထင်မှတ်ထားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်
ကြီးတစ်ယောက်တဲ့။

"မဟုတ်ဘူး မိမိ၊ ကိုယ် မိမိနဲ့တွေ့တုန်းက"

"ကျွန်မ ဘာမှမကြားချင်ဘူး ဦးနေ့သစ်၊ ဩော်..."

www.burmeseclassic.com

www.burmeseclassic.com



ဆောရီး ဦးကျော်ဇေယျ။ နောက်ဆို ရှင်နဲ့ ကျွန်မ ပတ်သက်စရာ လည်း မရှိတော့ဘူး"

"ဟင်"

ထိုစကားကြောင့် သူ့မျက်နှာပျက်သွားစဉ် ဖေဖေတို့ ပြန်ထွက်လာ၏။ မေမေက ကော်ဖီယူလာသည်။

"ကော်ဖီသောက်ပါဦး ဦးကျော်ဇေယျ"

"အားနာစရာ အန်ကယ်၊ ကျွန်တော် ခုပဲ လက်ဖက်ရည် သောက်လာတာပါ"

မေမေတို့ရှေ့မှာတော့ သူက တကယ့်လူကြီးလူကောင်း ဖြစ်သည်။

"သောက်ပါ ဦးကျော်ဇေယျ၊ သမီးမေမေက ကော်ဖီ ဖျော်ကောင်းတယ်"

"ဟုတ်ကဲ့ အန်ကယ်"

သူက သူမကို တစ်ချက်လှမ်းကြည့်ပြီး ကော်ဖီခွက် လှမ်းယူသည်။

"မေမေကလည်း သမီးကို ကော်ဖီဖျော်ခိုင်းတာ မဟုတ် ဘူး"

သူမပြောတော့ မေမေက ပြုံးသည်။





"ကြုံလို့ ဖျော်လာတာပါကွယ် နောက်တစ်ခါ ဦးကျော် ဇေယျလာတော့ သမီးကိုယ်တိုင်ပဲ ဖျော်တိုက်ပေါ့"

"ဟုတ်တယ် သမီး၊ ဖေဖေတို့မြေကွက်မှာ တိုက်ဆောက် ဖို့ကိစ္စ ဦးကျော်ဇေယျနဲ့ အပ်ပြီးပြီ၊ သမီးလည်း ဒီမှာရှိနေတာ ကြောခဏသွားကြည့်ပေါ့"

"ရှင်…ဟုတ်ကဲ့ဖေဖေ"

ကြည့်စမ်း…ဘယ်လောက်တိုက်ဆိုင်လဲဆိုတာ။ သူမတို့ တိုက်ကို သူဆောက်မည်တဲ့။

"တကယ်လို့ အန်ကယ်တို့ပြန်သွားလည်း တိုက်အတွက် လိုအပ်တာတွေကို ဦးကျော်ဇေယျအနေနဲ့ သမီး မိမိကို တိုင်ပင်ညှိ နှိုင်းနိုင်ပါတယ်"

"ဗျာ…ဟုတ်ကဲ့ပါ အန်ကယ်၊ မမိမိကို ကျွန်တော် ကြောခဏဆက်သွယ်ပါ့မယ်"

သူ့အသံက လိုအပ်တာထက် ပို၍သွက်လက်နေ သယောင်။

သူမကတော့ ဖေဖေတို့ရှေ့မှာမို့ ဘာမှမပြောသာပေ။ ဖြစ်နိုင်လျှင် 'ရှင် ကျွန်မဆီမလာပါနဲ့' ဟုသာ ပြောချင်မိတာပါ။

"ခုလို ဦးကျော်ဇေယျနဲ့ ပြန်ဆုံရတာ အန်ကယ်ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ၊ လိုအပ်တာရှိရင်လည်း အန်ကယ်ကိုပြောပါ"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော်ကလည်း အန်ကယ်နဲ့ မထင်မှတ်ဘဲ ပြန်ဆုံရတာကို ဝမ်းသာနေတာပါခင်ဗျာ"

"သီရေ ကိုယ်တို့မပြန်ခင် ဦးကျော်ဇေယျကို ထမင်းဖိတ်ကျွေးရအောင်"

"ဟာ…နေပါစေ အန်ကယ်၊ ကျွန်တော်ကသာ အန်ကယ်တို့မိသားစုကို ထမင်းဖိတ်ကျွေးပါရစေ"

အံ့သြစရာကောင်းစွာ ဖေဖေနှင့်သူက အစောကြီးကတည်းက သိနေကြပါလား။

"မဟုတ်တာကွယ်၊ အန်တီတို့ကပဲ ကျွေးပါရစေ၊ သမီးလည်းရှိနေတုန်း"

"အန်ကယ်တို့ အန်တီတို့စေတနာကို ကျွန်တော် လေးစားပါတယ်၊ ဒါပေမယ့် လောလောဆယ် ဒီမှာက ကျွန်တော်အိမ်ရှင်ပါ၊ ကျွန်တော် ဖိတ်ပါရစေခင်ဗျာ"

ကမ်းခြေမှာ သူမတွေ့ခဲ့သော ဂျင်းဘောင်းဘီတစ်ပတ်နွမ်း၊ ဂျာကင်ဟောင်းနှင့် မျက်နှာတွင်မှတ်ဆိတ်၊ ပါးမြိုင်းမွေးတို့ဖြင့် ဦးနေသစ်က တစ်ဘဝစီမှာပါလား။

"ကဲ…ကဲ ဒီလောက်ပြောမှတော့ ကိုယ်တို့လက်ခံလိုက်



ပါ၊ နောက် ကိုယ်တို့ကျွေးရတဲ့အလှည့် ကြုံဦးမှာပါကွယ်"

"အန်ကယ်ပြောတာ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ အန်တီ့လက်ရာကို စားချင်ပါသေးတယ်၊ လောလောဆယ် ကျွန်တော် အန်ကယ်တို့မိသားစုကို မနက်ဖြန်ဒင်နာနဲ့ ဧည့်ခံပါရစေ"

ဖေဖေတို့ကိုပြောရင်း သူက သူမဘက် တစ်ချက်လှမ်းကြည့်၏။

"အို…ကျွန်မ မနက်ဖြန်ပြန်မှာ"

နောက်ထပ် သူနဲ့မတွေ့ချင်တာမို့ သူမ ဆတ်ခနဲပြောလိုက်မိသည်။ သို့သော် မေမေက ချက်ချင်းပင် မကြိုက်ဟန်ဖြင့် သူမကိုကြည့်၏။

"ဘာကိစ္စပြန်မှာလဲ သမီး၊ ဒီမှာ လေးငါးရက်နေဖို့ အဆောင်မှူးကို မေမေကိုယ်တိုင် ခွင့်တိုင်ခဲ့တယ်မဟုတ်လား"

"ဟို…အဲဒါ"

"မီမီ…လူကြီးတွေ စကားပြောနေတာ ငြိမ်ငြိမ်နေစမ်း၊ မနက်ဖြန် ဦးကျော်ဇေယျ ဒင်နာကို ဖေဖေတို့မိသားစု တက်ရမယ်"

ဖေဖေ ခပ်မာမာပြောတော့ သူမငြိမ်ကျသွားလျက် မျက်လွှာလေးချကာ…

"ရှင်…ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါင်းညိတ်လိုက်ရ၏။ မဟုတ်လျှင် ဒေါသကြီးသော ဖေဖေက လူရှေ့လည်း ရှောင်လိမ့်မည်မဟုတ်၊ သူမကို ထရိုက်မှာသေချာသည်။

"မြင်တဲ့အတိုင်းပဲ ဦးကျော်ဇေယျ၊ တက္ကသိုလ်ကျောင်းသူသာဖြစ်တယ် မိမိဟာ ခုထိကလေးဆန်ချင်တုန်းပဲ"

ဖေဖေက သူ့ကိုလှမ်းပြော၏။ သူ ဖျတ်ခနဲပြုံးကာ သူမကို ကြည့်တာမို့ မသိမသာ မျက်စောင်းထိုးလိုက်မိသည်။

"အဟွန်း...ကလေးဆိုတော့ ဒီလိုပါပဲ အန်ကယ်။ ကျွန်တော်တို့လူကြီးတွေက နားလည်ပေးရမှာ မဟုတ်လား"

ကြည့်စမ်း...ဖေဖေ့ရှေ့မှာ အခွင့်ကောင်းယူကာ သူကပါ သူမကို ကလေးတဲ့။

"အင်း...ဦးကျော်ဇေယျလို နားလည်တဲ့လူရှေ့မို့ တော်တော့တယ်၊ သမီး မှတ်ထားနော် အိမ်ဆောက်တဲ့ကိစ္စမှာ ဖေဖေတို့ ပြန်သွားရင် သမီးဆက်သွယ်ရမှာက ဟောဒီ ဦးကျော်ဇေယျပဲ"

"ဟုတ်ကဲ့"

ဘယ်လိုပဲ မတွေ့ချင်ပါစေ၊ ဖေဖေ့အမိန့်ကိုတော့ သူမ မလွန်ဆန်နိုင်တာမို့ ခေါင်းညိတ်ရ၏။

ခဏနေ သူပြန်တော့ ဖေဖေက သူမကို...





"မိမိ...ဦးကျော်ဇေယျကို ကားနားအထိ လိုက်ပို့ပေး"

"ရှင်...ဟုတ်ကဲ့ဖေဖေ"

"မနက်ဖြန်မှ ဆုံကြတာပေါ့ အန်ကယ်"

"ကောင်းပြီ"

ဖေဖေနှင့် မေမေ အိမ်ထဲဝင်သွား၏။ သူမက ခပ်မှုန်မှုန် မျက်နှာလေးဖြင့် သူ့ဘေးမှာ ကပ်ပါလာသည်။

"မိမိ"

သူခေါ်ပေမယ့် သူမ မကြားချင်ယောင်ဆောင်နေလိုက်၏။

"လောကကြီးဟာ သိပ်အံ့သြစရာကောင်းတယ်နော်၊ အန်ကယ့်ရဲ့သမီးဟာ မိမိဖြစ်နေမယ်လို့ ကိုယ်တကယ်မထင်ခဲ့ဘူး"

"ဩော်...ကျွန်မက ဖေဖေ့သမီးဖြစ်လို့ ရှင့်အကြောင်းတွေ သိသွားတာ အံ့သြနေတာလား ဦးကျော်ဇေယျ"

တမင်ပင် ထိုနာမည်ကို သူမ ခေါ်ပစ်လိုက်၏။ သူ မျက်နှာကွက်ခနဲပျက်ကာ...

"မိမိအတွက်တော့ ကိုယ်ဟာ အမြဲတမ်း နွေသစ်ပါကွယ်"

"ဟင်း...ဟင်း ကျွန်မအတွက် အဲဒီ ဦးနွေသစ်ဆိုတာ သေသွားပါပြီရှင်"



www.burmeseclassic.com

"ဘယ်လိုပြောလိုက်တာလဲ မီမီ၊ ကိုယ့်ကို ဒီလောက်ထိ မုန်းသွားတာလား"

"ကျွန်မက လူလိမ်လူညာတွေကို မုန်းတယ် ဦးကျော်ဇေယျ"

သူ့ကို ခပ်စူးစူးလေးကြည့်ကာ သူမပြောလိုက်၏။ သူ့ သက်ပြင်းချကာ ခေါင်းခါယမ်းသည်။

"ကိုယ် မီမီ့အပေါ်မှာ ဘာတစ်ခုမှ မလိမ်ခဲ့ဘူး"

"ဪ...ဒါဆို ပန်းချီဆရာ ဦးနေသစ်ဆိုတာက"

"ဟုတ်တယ်လေ၊ ပန်းချီဆွဲတဲ့အခါ အဲဒီနာမည်ပဲ ကိုယ်သုံးတယ် မီမီ၊ မီမီနဲ့တွေ့တဲ့အချိန်တုန်းက ကမ်းခြေမှာ ပန်းချီဆွဲဖို့ ကိုယ်ရောက်လာတာပဲ"

ထိုစဉ်တုန်းကတော့ သူ့ကို သနားခဲ့တာအတွက် သူမ ရှက်မိ၏။

"ဘာပဲဖြစ်ဖြစ် ရှင်က ကွယ်ရာမှာ ကျွန်မကို ရယ်စရာအဖြစ် မြင်ခဲ့တာ မဟုတ်လား ဦးကျော်ဇေယျ"

"လုံးဝမဟုတ်တာကွာ၊ မီမီကို ကိုယ်က ဘာကြောင့် ရယ်စရာလို့ ထင်ရမှာလဲ"

"ချစ်သူနဲ့ ကွဲနေတဲ့ ကောင်မလေး ငါလိမ်သမျှ ယုံနေတဲ့





ကောင်မလေးဆိုပြီးတော့လေ"

သူမစိတ်ထဲ သိမ်ငယ်ခဲ့သမျှ ခံစားကာ ပြန်ပြောလိုက်၏။ သူက သူမကို စိုက်ခနဲငေးကြည့်သည်။

"ကိုယ့်အပေါ် မီမီ ဒီလိုထင်တာ ဝမ်းနည်းစရာပဲ၊ အမှန်တော့ ကိုယ်က မီမီနဲ့ ပတ်သက်ပြီး ..."

"မေမေထွက်လာပြီ ရှင်ပြန်ပါတော့"

ကားနားရောက်တာနှင့် သူမ ချာခနဲလှည့်ထွက်ခဲ့၏။ စိတ်ထဲမှာ သူနဲ့ ဒီလိုပြန်တွေ့ရတာ အိပ်မက်တစ်ခုလိုပါပဲ။

www.burmeseclassic.com



"ဦးကျော်ဇေယျလို့ နာမည်မှာ ဦးတပ်ခေါ်နေရပေမယ့် အသက်က လေးဆယ်ဝန်းကျင်လောက် မရှိသေးဘူး၊ ဒါပေမယ့် လူငယ်သလောက် အလုပ်အကိုင်က တော်တယ်၊ ထက်မြက်တော့ ဂုဏ်သတင်းကကြီးပြီး အားလုံးက လေးစားမှုနဲ့ 'ဦး'တပ်ခေါ်နေကြ တာ သိ"

သူပြန်သွားတော့ ဖေဖေက မေမေ့ကို သူနှင့်ပတ်သက်တဲ့ အကြောင်းတွေ ပြောပြနေ၏။

"လူက ခန့်ခန့်ချောချောပါပဲ၊ ရုပ်ကြည့်တာနဲ့ ငယ်ဆေး မှန်း သိသာပါတယ်၊ ဒါနဲ့ ကိုက သူနဲ့ ဘယ်တုန်းကတည်းက သိတာလဲ"

ထိုအကြောင်းကို သူမလည်း သိချင်နေ၏။ ဖေဖေနဲ့ သူ မိတ်ဆွေဖြစ်ခဲ့တာ ဘယ်တုန်းကလဲ၊ ဖေဖေနဲ့ အသက်အရွယ် ကွာခြားတာမို့ သူငယ်ချင်းလည်း မဖြစ်နိုင်ပါ။

"မောင်ကျော်ဇေယျမိဘများ လက်ထက်က သိခဲ့ကြ





ပါ၊ မောင်ကျော်ဇေယျက တစ်ဦးတည်းသောသားလေ၊ မိဘနှစ်ပါး လုံးဆုံးတော့ သူပဲ စီးပွားရေးကို ဦးဆောင်ခဲ့တာ၊ တချို့သားသမီး တွေဆို မိဘထားခဲ့တဲ့ အမွေပစ္စည်းတွေကို တိုးပွားအောင် မလုပ် နိုင်တဲ့အပြင် ကိုယ်တိုင်လည်း လူလုံးမလှဖြစ်ကြတယ်မဟုတ်လား၊ မောင်ကျော်ဇေယျကျတော့ မိဘထားခဲ့တဲ့ အမွေပစ္စည်းနည်းနည်းကို များများဖြစ်အောင် ပွားများတတ်တယ်၊ ခုဆို စီးပွားရေးလောကမှာ ထိပ်သီးနေရာမှာ သူရှိနေပြီ သိ"

"ကိုပြောသလိုဆိုရင်တော့ ဦးကျော်ဇေယျက ချီးကျူး စရာပဲနော်၊ မိဘပစ္စည်းကို ထိန်းသိမ်းပွားများတတ်တာဟာ သား သမီးကောင်းတွေရဲ့ ဝတ္တရားပဲ"

ဖေဖေနှင့်မေမေက သူ့ကို ချီးကျူးနေသည်။ မှန်တာ ပြောရလျှင်တော့ သူဟာ လူတော်တစ်ယောက်ပါ။

"ဒါပေါ့ သိ၊ ခုလည်း ကိုယ်နဲ့တွေ့တာ သူ့မှာ ဝမ်းသာ အားရ အိမ်လိုက်လာတာ၊ ကိုယ်တို့အိမ်ကိစ္စအတွက်လည်း မပူပါ နဲ့တဲ့၊ သူ အတတ်နိုင်ဆုံး ကူညီမယ်ပြောတယ်"

"သူတော်ကောင်းနဲ့တွေ့တာပဲ ကို၊ ကျွန်မက အိမ်ဆောက် ဖို့ကိစ္စ ဘယ်သူ့ရဲ့ မျက်နှာလွှဲရမယ် စဉ်းစားမရဖြစ်နေတာ၊ ဒါနဲ့ သူ့အိမ်ထောင်ကော ဒီမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသစ်၏ လျှို့ဝှက်ကိစ္စတွေထဲမှာ ထိုအချက်က... အရေးတကြီး ပါဝင်နေသည်။ ထို့ကြောင့် သူမ နားစွင့်မိ...

"မောင်ကျော်ဇေယျ မိဘတွေရှိတုန်းက လူကြီး... သဘောတူ စေ့စပ်ပေးခဲ့တဲ့ မိန်းကလေးလည်း လူကြီးတွေမရှိ... သူတို့လူငယ်ချင်း သဘောချင်းမတိုက်ဆိုင်လို့ လမ်းခွဲလိုက်ကြ... တဲ့၊ မိန်းကလေးကလည်း နိုင်ငံခြားအပြီးသွက်သွားတယ်လို့ ... ကြားတာပဲ သိရေ"

"ဩော်...ဒါဆို သူက ခုထိ အိမ်ထောင်မရှိသေးဘူး... ကို"

ဦးနေသစ်မှာ အိမ်ထောင်မရှိဟု သိလိုက်ရတော့ ... ရင်ထဲ တစ်မျိုးဖြစ်သွား၏။ သူ့ကို အိမ်ထောင်ဖြင့်မှတ်ကာ ... သန့်သန့်ဖြင့် တရင်းတနှီး ဆက်ဆံခဲ့တာမဟုတ်လား။

"လောလောဆယ်တော့ လက်ရှိအိမ်ထောင် မရှိ... ဒီအသက်အရွယ်ကျမှတော့ သူလည်း ရည်စူးထားတဲ့သူ ရှိရ... ပေါ့ကွယ်"

"အင်းလေ...ဒါလည်းဟုတ်တာပါပဲ၊ လူကချော... သဘောကပြည့်၊ ပစ္စည်းဥစ္စာက ပြည့်စုံလေတော့ မောင်ကျော်... လို လူမျိုးကို သဘောကျတဲ့မိန်းကလေးတွေ များမှာပါ"



နောက်ဆုံး မေမေ၏ မှတ်ချက်ကြောင့် သူမရင်ထဲ ...ကျိုက်ချင်သလိုပါပဲ။ တကယ်ဆို မိန်းမတိုင်းဟာ ဂုဏ်ပကာသန ...ကို မက်နေတာမဟုတ်ပါဘူး မေမေရယ်။

"သမီးမိမိလည်း စာကို ဒီနှစ်အထူးကြိုးစားစေချင်တယ်"

ဖေဖေက ပထမဆုံးအကြိမ် သူမဘက် လှည့်ပြောသည်။ ...အေက ကိုကိုတို့ဘက်ကို အတော်မခံချင်ဟန် ဖြစ်နေပုံပင်။

"ဟုတ်ကဲ့ပါ ဖေဖေ"

"အေး...လူဆိုတာ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ...ကစ်ကို ခံနိုင်ရည်ရှိရမယ်၊ တစ်ခါလဲရင် နှစ်ခါပြန်ထနိုင်ရ ...ဆိုတာ မှတ်ထား သမီး"

ကိုကို့ကိစ္စနှင့်ပတ်သက်ကာ သူမစိတ်ထဲ မခံစားစေရန် ... အားပေးနှစ်သိမ့်ခြင်းပါ။

"သမီး ခံနိုင်ရည်ရှိပါတယ် ဖေဖေ"

"ဒီလိုမှပေါ့၊ လူဆိုတာ ကိုယ့်ကို အထင်သေးလာရင် ...ကို့အထင်ကြီးအောင် လုပ်ပြနိုင်ရမယ် သမီး၊ ဖေဖေ့သမီးဟာ ...ညံ့ထဲက မဟုတ်ဘူးဆိုတာ အားလုံးသိအောင်ပြရမယ်"

ဖေဖေ့စကားတွေ နားထောင်ပြီး သူမရင်ထဲ အားမာန်တွေ ...လာရသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း သမီးကို ပြောပြထားပါတယ် ကို

မေမေက ဝင်ပြောသည်။ ဖေဖေ ခေါင်းညိတ်ကာ သူ

ကရုဏာဖြင့် လှမ်းကြည့်၏။

"ဖေဖေဟာ သမီးမိန်းကလေးရှင်၊ ငါ့သမီးကို အပြ

တာ ဖေဖေ စိတ်ထိခိုက်ရတာယ်"

"သမီးကြောင့်မို့ စိတ်မကောင်းပါဘူးဖေဖေ"

မိဘတွေ သူမကြောင့် မျက်နှာငယ်တာ စိတ်မကောင်း

ရပါသည်။

"ဖေဖေက သမီးကို အပြစ်တင်နေတာ မဟုတ်

တကယ်ဆို သမီးက ဘာအပြစ်မှမရှိဘူး၊ ဂုဏ်ပကာသနသိပ်

သူတို့ကို မခံချင်တာ၊ ငါ့သမီးကို သူတို့သားထက်သာတာနဲ့ ရှ

စားမယ်"

အံကြိတ်ကာ ဖေဖေပြောတော့ သူမ ခေါင်းဆတ်

သွား၏။

"ဒီတစ်ခါတော့ ဖေဖေတို့ ရွေးချယ်ပေးတဲ့လူကိုပဲ

လက်ခံရမယ်၊ အိမ်ထောင်ရေးကိစ္စကို သမီးသဘောနဲ့ လုံး

ဖြတ်ရဘူး"

"ဟင်"





ဖေဖေ၏ပြတ်သားသော အမိန့်ကြောင့် သူမ စိုးရိမ်သွား

ငယ်စဉ်ကတည်းက ဖေဖေသည် သူပြောသလိုလုပ်မှ

၏။

"ဟုတ်တယ် သမီး၊ မောင်သော်ဇင်တုန်းက သမီးရွေး

ခဲ့တာကို မေမေတို့ မကန့်ကွက်ခဲ့ဘူး၊ ဒါပေမယ့် ဒီတစ်ခါ

မေမေတို့အလှည့်ပဲ၊ အဲဒါကို သမီးကတိပေးရမယ်"

ကိုကိုနှင့် ကိစ္စတုန်းက မေမေတို့ မိဘတွေ သဘောတူ

ယခုတစ်ခါ သူမ ခေါင်းညိတ်ရမည့်အလှည့်ပါလား။

"သမီးကတော့ အိမ်ထောင်ရေးကို စိတ်မကူးချင်တော့

မေမေ"

"အဲဒါကိုက လုံးဝအဓိပ္ပာယ်မရှိတဲ့ စကားပဲသမီး၊

ကြီးမှာ သမီးတစ်ယောက်တည်းသာ နေသွားရင် ဟိုဘက်

လိုမြင်မလဲ၊ သူသားထားသွားလို့ ကျန်ရစ်တာဆိုပြီး မေမေ

ပြောမခံနိုင်ဘူး"

"သမီးမေမေပြောတာ ဟုတ်တယ်၊ နောက်တစ်ခုက

ကလေးဟာ အချိန်ရင် အိမ်ထောင်ပြုရမယ်၊ ဒါမှ လူလေး

ပြီးတော့ သမီးဟာ သိပ်လှတဲ့မိန်းကလေး တစ်ယောက်

ဖြစ်နေတော့ ဘဝလုံခြုံဖို့ အားကိုးအားထားရမယ့်သူ ရှာရ

www.burmeseclassic.com

www.burmeseclassic.com



မယ်''

ဖေဖေနှင့်မေမေသည် ဒီတစ်ခါကိစ္စမှာ အတိုင်အပင်ည ၏။ ယခုတစ်ခေါက် ရန်ကုန်ကို မေမေတို့ဆင်းလာတာ သူမ လည်း ပါလာတာ အဓိကဖြစ်မည်။

''သမီးကို အဲဒီကိစ္စအတွက် စိတ်မပူပါနဲ့ ဖေဖေ''

''အေး…စိတ်မပူပေမယ့် စိတ်ပူအောင်ဖြစ်ခဲ့ပြီမ လား မိမိ၊ ဒီတော့ ဖေဖေ စိတ်အေးအေးနဲ့ ပြန်ချင်တယ်''

''စိတ်ချသွားပါ ဖေဖေ၊ သမီး ဖေဖေတို့ စိတ်ဆ အောင်မလုပ်ပါဘူး''

မိဘတွေ ခဏရောက်လာတုန်း စိတ်ချမ်းသာစေရန် ကတိပေးလိုက်၏။

''သမီးက လိမ္မာပါတယ် ကို၊ သီတို့စကားနားေ မှာပါ''

''မေမေတို့က သမီးနဲ့သဘောတူရမယ့် လူတွေ့ လားဟင်''

သူမအမေးကြောင့် မေမေ ခေါင်းခါယမ်းသည်။

''လောလောဆယ် မတွေ့သေးပါဘူးကွယ်၊ သ ကြိုပြောထားတာပါ''



သည်တော့မှ သူမသက်ပြင်းချနိုင်၏။ တကယ်လို့ တွေ့နေ ဆိုလျှင် မေမေတို့ လိုချင်သောကာကိမျိုးကို သူမလွယ်လွယ်ဖြင့် းနိုင်မည်မဟုတ်ပေ။

''မနက်ဖြန် ဒင်နာမှာ မောင်ကျော်ဇေယျကို ကောင်း ာင်းဆက်ဆံပါ သမီး၊ ဖေဖေ သမီးကြောင့် မျက်နှာမပျက်ပါ ဆနဲ့''

''ဟုတ်ကဲ့ပါ ဖေဖေ''

ဖေဖေရှေ့မှာ သူ့ကို အလိုက်သင့်ဆက်ဆံဖို့ ဆုံးဖြတ် ိုက်၏။ ဒေါက်တာသော်ဇင်နှင့် ပတ်သက်ကာ သူမကြောင့် မေတို့ စိတ်ဆင်းရဲခဲ့တာကို ပြန်လည်ဖြည့်ဆည်းပေးရမည် ုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ညနေခြောက်နာရီတွင် သူလာခဲ့၏။ သည်တစ်ခါ သူက အဖြူရောင်လည်ကတုံး ရှပ်အင်္ကျီပေါ်မှာ သက္ကလပ်ပါ အနက်ရောင်တိုက်ပုံ ထပ်ဝတ်လျက် ကြည်ပြာရောင် ပုဆိုးတို့ဖြ ခန့်ညားချောမောနေသည်။

ဖေဖေက ဦးကြီးတို့လင်မယားနှင့် သူ့ကို မိတ်ဆက်ပေး၏။

"မောင်ကျော်ဇေယျတဲ့ အစ်ကိုကြီး၊ ကျွန်တော့်အိမ်ပ တာဝန်ယူဆောက်ပေးမယ့်သူပေါ့"

"ဪ... ဪ ဒါဆို အင်ဂျင်နီယာကြီးပေါ့ပေ ကောင်းပါတယ် ဦးကြီးတို့ကလည်း အသက်ကြီးတော့ ကိုယ်တိုင် မကြီးကြပ်နိုင်ဘူးကွယ့်"

"မောင်ကျော်ဇေယျ၊ ဒါ အန်ကယ်ရဲ့အစ်ကိုကြီးပဲ"

ဖေဖေ မိတ်ဆက်ပေးတော့ သူက တလေးတစားပြ နှုတ်ဆက်သည်။



"ဟုတ်ကဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ် ဘဘ၊ ...အကူအညီလိုရင် ကျွန်တော့်ကိုပြောပါ ခင်ဗျာ"

"အေးကွယ်"

သူသဘောကောင်းတာမို့ လူကြီးတွေက သဘောကျ ...သည်။

"သမီးရေ...ဒီမှာ မောင်ကျော်ဇေယျ ရောက်ပြီ"

အမှန်တော့ သူမပြင်ဆင်ပြီးနေတာ ကြာပါပြီ။ အိမ်ရှေ့ကြို ...ထွက်ချင်၍ အခန်းထဲမှာ တမင်နေခြင်းပါ။

ဖေဖေအသံပြုတော့ သူမ ထွက်လာရ၏။

"သမီး... ပြီးပါပြီ ဖေဖေ"

ခန်းဆီးလှပ်ကာ ဝင်လာသောသူမထံသို့ သူ့အကြည့် ...တ်ခနဲရောက်လာ၏။

ပိုးသားပျော့ ကျောက်စိမ်းရောင် ရင်ဖုံးလက်ရှည်ကို အနက် ...ပေါ်မှာ ကျောက်စိမ်းရောင် ချိတ်လုံချည်ဖြင့် တွဲဝတ်ကာ ဆံပင်ကို ...နောက်တွဲခပ်မြင့်မြင့် ထုံးထားသော သူမဟန်က တကယ့်ကို မဟာ ...ဆန်သူပါ။

"အားလုံးပြီးပြီဆိုတော့ သွားကြတာပေါ့ အန်ကယ်၊ ...ဘဘ ခွင့်ပြုပါဦးခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး"

သူက သူမတို့အတွက် ကားတံခါးများ အပြေးအလွှား ဖွင့်ပေး၏။ ဖေဖေက သူနှင့် ရှေ့ခန်းမှာထိုင်သည်။ မေမေနှင့်သူမ က နောက်ခန်းမှာ။

အဲယားကွန်းဖွင့်ထားသော အဖြူရောင်လင်ခရုဇာကားကြီး တာ အထဲမှာအေးစိမ့်နေ၏။

"ကျွန်တော်တို့ ထရိုက်ဒါးမှာပဲ ဘူဖေးစားကြမလား အန်ကယ်"

"မောင်ကျော်ဇေယျ သဘောပါကွယ်၊ အန်ကယ်က ဘာပဲဖြစ်ဖြစ်ရပါတယ်"

သူက နောက်ကြည့်မှန်မှ သူမတို့ကို လှမ်းကြည့်ကာ…

"အန်တီနဲ့ မိမိကော အဆင်ပြေပါ့မလားခင်ဗျာ"

"အို…ရပါတယ်ကွယ်၊ အန်တီတို့က ညနေစာ သိပ်စား နိုင်တာမဟုတ်ဘူး. မောင်ကျော်ဇေယျ"

"ဘူဖေးဆိုတာ ဟိုမှာက စုံစုံလင်လင်နဲ့ ကိုယ်ကြိုက် ထည့်စားနိုင်တာပေါ့ အန်တီ"

မေမေ့ကို လှမ်းပြောရင်း သူမထံ အကြည့်တစ်ချက် ရောက်တာမို့ မသိချင်ယောင်ဆောင်နေလိုက်၏။





မီးရောင်အောက်မှာ ထရိုက်ဒါးဟိုတယ်ကြီးက ခန့်ညား လှပနေသည်။ ကားကို ပါကင်ရပ်ပြီး သူမတို့ဝင်ခဲ့ကြသည်။

အသားမျိုးစုံ၊ ပုစွန်၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဖျော်ရည်၊ သီးနှံ၊ အချိုပွဲ စုံလင်စွာဖြင့် ဘူဖေးက ကြိုက်ရာယူစားနိုင်၏။ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ထမင်းဖြူ၊ ထမင်းကြော် အားလုံး ရ၏။

သူမတို့က စားပွဲတစ်ဝိုင်းယူပြီး ပန်းကန်ပြားများယူကာ ကြိုက်ရာကို စားနိုင်သလောက် အနည်းငယ်စီထည့်သည်။

ဖေဖေနှင့် မေမေက သူကိုကြိုက်ရာထည့်ရင်း တစ်တွဲ ဖြစ်ကာ သူနှင့်သူမ ကျန်ခဲ့၏။

"မိမိ ထည့်တာနည်းလှချည်လားဗျာ"

"ကျွန်မ ညနေစာနည်းနည်းပဲ စားတတ်တယ်"

"အဟုတ်…ဒါကြောင့် မိမိ ဘော်ဒီက အချိုးကျနေတာ ဖြစ်မယ်"

"အို"

ရင်ဖုံးခါးတိုမို့ သူမခန္ဓာကိုယ် အချိုးအစားက ထင်ပေါ် နေသည်။

"ဒီနေ့ မိမိ သိပ်လှတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားမျိုးနဲ့ ရှင့်ရဲ့လိမ်ညာမှုကို ရှောင်မလို့လား ဦးကျော်ဇေယျ"

သူမ ခပ်တည်တည်လေး မေးလိုက်တော့ သူ သက်ပြင်းချ၏။

"သြော်ဗျာ…ကိုယ်ဘယ်လိုတောင်းပန်မှ မီမီ ကျေနပ်မှာလဲ"

"မလိုပါဘူး"

ပြောပြီး သူ့နားက ခွာခဲ့သည်။ ဒင်နာလာစားသူတွေက နိုင်ငံခြားသားတွေ များနေ၏။

"ဟဲလို မစ္စတာကျော်ဇေယျ"

"ဟဲလို မစ္စတာဂျွန်"

သူ၏နိုင်ငံခြားသား အသိမိတ်ဆွေက လာနှုတ်ဆက်နေသည်။ ထိုနိုင်ငံခြားသားက သူမလှမ်း၍ကြည့်၏။

"မစ္စတာကျော်ဇေယျရဲ့ မစ္စလား၊ သိပ်လှပြီး သိပ်မဟာဆန်တယ်"

"အို"

အင်္ဂလိပ်စကား နားလည်သော သူမမျက်နှာလေး နီသွားရ၏။ သူကပြုံးကာ…





"ကျွန်တော့်မိတ်ဆွေပါ"

"ဆောရီး"

နိုင်ငံခြားသား ထွက်သွားတော့ သူမ မျက်နှာနီနီလေးဖြင့် သူ့ရှိရာ စားပွဲ ပြန်ရောက်လာ၏။ ဖေဖေနှင့် မေမေတို့ကလည်း ရောက်နေပြီ။

ထိုစဉ်…

"ပလီစ်၊ မြန်မာဆန်တဲ့အလှကို ကျွန်တော်တို့ ဓာတ်ပုံရိုက်ပါရစေ"

တခြားနိုင်ငံခြားသားစုံတွဲက သူမထံ လာခွင့်တောင်းလေ၏။ သူက သူမကိုကြည့်ကာ…

"ဘယ်လိုလဲ မီမီ၊ ခွင့်ပြုမှာလား"

သူပြုံး၍မေး၏။ ဖေဖေက ကြားမှဆုံးဖြတ်သည်။

"ရိုက်ခွင့်ပြုလိုက်ပါ သမီး၊ ဖေဖေတို့ရဲ့ မြန်မာဖိန်းကလေးတွေ အလှကို ကမ္ဘာကသိပါစေ"

"ဟုတ်ကဲ့ဖေဖေ"

သူမခွင့်ပြုတာနှင့် ပုံအမျိုးမျိုး လှည့်ပတ်ရိုက်ကြ၏။ သူတို့ရိုက်နေစဉ် သူမတို့က အစားအသောက်ကို ဖြည်းအေးစွာ စားနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မဟာဆန်တဲ့အလှမျိုးကို ကျွန်တော်တို့ တွေ့ရခဲပါတယ်၊ ခုလို ဓာတ်ပုံရိုက်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

နိုင်ငံခြားသား လင်မယားမှာ အမေရိကန်လူမျိုးတွေဖြစ်၍ ပါမောက္ခတွေဖြစ်ကြောင်း သိရ၏။

သူတို့၏လိပ်စာကိုလည်း ပေးသွားသည်။ သူမတို့ထံ လိပ်စာတောင်းတော့ ဦးကျော်ဇေယျကပဲ သွက်လက်စွာ သူ့လိပ်စာ ပေးလိုက်၏။

"ကျေးဇူးပါပဲ၊ ဓာတ်ပုံတွေရရင် ကျွန်တော်တို့ လက်ဆောင်ပို့လိုက်ပါမယ်"

"သင့်ခ်"

မေမေကတော့ လူလယ်ခေါင်မှာ သူ့ အလှအတွက် ကျေနပ်ဂုဏ်ယူနေ၏။ ထိုအချိန် တိုက်ဆိုင်စွာပဲ ရောက်လာတာက ဒေါက်တာသော်ဇင်တို့ မိသားစု။

"ဟာင်…မီမီ"

"ကိုကို"

ကိုကို့အားမှာ ခေတ်မီလှပသော အမျိုးသမီးတစ်ယောက်ပါဟာ ဒေါက်တာချယ်ရီဆိုတာ မပြောဘဲနှင့် သိလိုက်၏။





"အန်ကယ်တို့ပါလား၊ အန်ကယ်တို့ ဘယ်တုန်းက ရောက်တာလဲ"

ကိုကိုက ဖေဖေတို့ကို အရင်နှုတ်ဆက်သည်။ ဖေဖေသည် ကိုကို့ကိုမြင်တော့ မျက်နှာချက်ချင်းတင်းမာသွား၏။

"သြော်…အန်တီတို့ မနေ့ကပဲရောက်တယ် မောင်သော်ဇင်၊ မင်းမိဘတွေကော နေကောင်းကြလားကွယ့်"

မေမေက အခြေအနေကို ထိန်းကာ ဟန်မပျက် နှုတ်ဆက်၏။ ကိုကိုက အပြစ်ရှိသူမို့ မျက်နှာမကောင်းပေ။

"ဟုတ်ကဲ့ ကောင်းပါတယ် အန်တီ၊ ဒီကိုရောက်တုန်း အန်တီတို့ကို ကျွန်တော်တို့ ဖိတ်ခေါ်ပါရစေ"

"အို…နေပါစေကွယ်၊ အန်တီတို့လည်း ဒီကိုအလုပ်ကိစ္စနဲ့ လာတာဆိုတော့ အချိန်သိပ်မအားပါဘူး၊ အိမ်ဆောက်ဖို့ကိစ္စလည်း ရှိတော့လေ၊ ဒါက အန်တီတို့တိုက်ကို ကြီးကြပ်ဆောက်ပေးမယ့် ကော်ကွန်စပ်တပ်ရှင်းက ဦးကျော်ဇေယျတဲ့ မောင်သော်ဇင်"

သူမအနီးတွင် မြင့်မားတောက်ပစွာ ရပ်နေသော ဦးကျော်ဇေယျနှင့် မေမေက ကိုကို့ကို ပြုံးပြုံးလေး မိတ်ဆက်ပေး၏။

ကိုကို မျက်နှာပျက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် ဦးကျော်ဇေယျ
ကျွန်တော် ဒေါက်တာသော်ဇင်ပါ"

ဒေါက်တာသော်ဇင်ဆိုတာနှင့် ဦးကျော်ဇေယျ၏ အကြည့်
က သူမထံ ဖျတ်ခနဲရောက်လာသည်။ နောက် ချက်ချင်းပြုံး
ကိုကို့ကို လက်ဆွဲနှုတ်ဆက်၏။

"ကျွန်တော်ကလည်း ဝမ်းသာပါတယ် ဒေါက်တာ
ဒေါက်တာ့အကြောင်းတော့ မီမီက ပကြာခဏပြောပါတယ်"

"ဗျာ"

"ဩော်…ဒေါက်တာတို့ ငယ်ငယ်ကတည်းက ခင်
အကြောင်းပါလေ၊ အဟွန်း"

မျက်စိမျက်နှာပျက်နေသော ကိုကိုတစ်ယောက် နဖူးထ
ချွေးစို့လာသယောင်။

"ဟို…ဒါက ကျွန်တော့်အမျိုးသမီး ဒေါက်တာချယ်ရီ

မတတ်သာဟန်ဖြင့် ကိုကိုက ဒေါက်တာချယ်ရီနှ
မိတ်ဆက်ပေးတော့ သူမ မျက်နှာမပျက်အောင် ထိန်းလိုက်ရ

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ"

ဦးကျော်ဇေယျကတော့ ဒေါက်တာချယ်ရီကို အပြုံး
နှုတ်ဆက်၏။ သွက်လက်သော ဒေါက်တာချယ်ရီက…





"ခုလို ဦးကျော်ဇေယျတို့စုံတွဲနဲ့ သိရတာကိုလည်း အိုင်က
သာပါတယ်ရှင်"

"အို"

တော်သေးတာတစ်ခုက ထိုစကားပြောနေစဉ် ဖေဖေနှင့်
ခဲ့သည် အပြင်ဘက်ရှောင်သွားပြီ ဖြစ်သောကြောင့်ပင်။ သူမ
တ်ပြင်းလေး ကြိတ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ ပြန်သွားပြီးချိန်မှာ သူမလည်း အဆောင်ပြန် ၏။ ဦးကျော်ဇေယျနှင့်အတူ ဖေဖေတို့ကို လေဆိပ်သို့ သူမလိုက် ပေးခဲ့သည်။

"မိမိကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေး မောင်ကျော်ဇေယျ"

လေယာဉ်ပေါ်တက်ခါနီး သူမအတွက် မေမေ စိတ် ဟန်ဖြင့် သူ့ကိုမှာ၏။

"စိတ်ချပါ အန်တီ၊ မိမိလိုတဲ့အကူအညီ ကျွန်တော် အချိန်မရွေးတောင်းဖို့ ပြောထားပါတယ်"

"အေးကွယ်၊ မောင်ကျော်ဇေယျရှိနေလို့ပဲ"

သူက ပြုံးနေသည်။ အပြန်လမ်းမှာ သူမ တိတ်ဆိတ် ပါလာ၏။

"ဘယ်လိုလဲ မိမိ၊ ပြန်သွားတဲ့ အန်တီတို့ကို လွမ်း လား"





တိတ်ဆိတ်နေသော သူမကို သူလှမ်းကြည့်ကာ မေး သည်။

"မေမေတို့က ကျွန်မကို ကလေးတစ်ယောက်လိုမှတ်ပြီး ကျော်ဇေယျဆီအပ်နေတာ စိတ်မကောင်းစရာပဲ"

"မိဘတွေအတွက်ကတော့ သူတို့သားသမီးတွေဟာ အမြဲ း ကလေးတစ်ယောက်လိုပဲမြင်တယ် မိမိ"

လူကြီးလို သူက နှစ်သိမ့်၏။ အပြန်ခရီးမှာ သူမက န်းမှာ သူနှင့်အတူထိုင်ဖြစ်၏။

"ဦးကျော်ဇေယျ မိဘတွေကော အဲဒီလို ထင်ခဲ့လား"

"ဒါပေါ့၊ ကိုယ့်မိဘတွေဆိုရင် ကိုယ်က တစ်ဦးတည်း သားဆိုကာ မျက်စိအောက်က အပျောက်ခံတာမဟုတ်ဘူး၊ ခြားမှာ ပညာသွားသင်တုန်းကတောင် ကိုယ့်ကိုလွမ်းလို့ဆိုပြီး ဘခဏ လိုက်လာကြတယ်"

"ဩော်"

ချမ်းသာပြည့်စုံသူတွေမို့ ရှားရှားပါးပါးရထားသော သူတို့ တစ်ဦးတည်းသောသားလေးကို မြတ်နိုးစွာ ချစ်ကြမှာပဲလေ။ တို့အချစ်နှင့် သူ့မိဘများ၏ မေတ္တာကို နှိုင်းယှဉ်မိသည်။

"အန်ကယ်က ပင်စင်သိပ်မလိုတော့ဘူးနော် မိမိ"

"မေမေပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ကာ မေးလိုက်၏။ သူ ခေါင်းညိတ်သည်

"အန်တီက ပွင့်လင်းပြီး သဘောကောင်းတယ်၊ ရင်

ရှိတာကို အမှန်အတိုင်း ပြောပြတာပါ မီမီ"

"ကျွန်မကတော့ မပွင့်လင်းဘူးလို့ ဆိုလိုတာလ

ဦးကျော်ဇေယျ"

မျက်နှာလေး အနည်းငယ်တင်းလျက် သူမမေးတော့

ဖျတ်ခနဲ ပခုံးတွန့်၏။

"မဆိုလိုပါဘူးဗျာ၊ ဒါပေမယ့် မီမီ ကိုယ့်အပေါ် မ

နပ်တာတော့ သေချာတယ်"

"လှည့်စားဟန်ဆောင်တတ်တဲ့ လူတစ်ယောက်ကို ကျွ

က ဘာကြောင့် ကျေနပ်ရမှာလဲ ဦးကျော်ဇေယျ"

"ဩော်…မိန်းကလေးရယ်၊ ကိုယ် မင်းကို မလှည့်စ

ဘူး၊ မင်းဘာသာ ကိုယ့်ကို ပန်းချီဆရာထင်နေခဲ့တာပါကွ

တကယ်တော့ ခုလည်း ကိုယ်ဟာ ပန်းချီဆရာပါပဲ၊ မင်းရဲ့

ဆွဲလို့ပြီးပြီ"

"ဟင်"

သည်တော့မှ သူမဓာတ်ပုံယူသွားခဲ့တာ အမှတ်

ဖေဖေတို့များ သူ့ထံမှာ သူမဓာတ်ပုံကိုတွေ့ခဲ့လျှင်…အို…မဖြ

"ဒီမှာ ကျွန်မကို အဲဒီပုံတွေပြန်ပေးပါ"

"အိမ်လိုက်ယူလေ"

"အို"

ကြည့်စမ်း…ဒါဟာ သူ့ရဲ့အကြပ်ကိုင်ခြင်းလား။ ဘာပဲဖြစ်

သူမဓာတ်ပုံရဖို့သာ အဓိကမို့ လိုက်ယူဖို့ ဆုံးဖြတ်လိုက်၏။

"ဘယ်လိုလဲ မီမီ၊ ကိုယ့်အိမ်လိုက်မှာလား"

"ကောင်းပြီလေ၊ ကျွန်မက ကာယကံရှင်ဆိုတော့

တ်ယူရမှာပေါ့ ဦးကျော်ဇေယျ"

"အဟွန်း…ဒီလိုမှပေါ့ဗျာ"

ကားကို ရွှေတောင်ကြားဆီသို့ သူ ဦးတည်မောင်းလိုက်

လှပခန့်ထည်သော အုတ်တံတိုင်းမြင့်ကြီးနောက်မှ ခေတ်မီ

သားထည်ဝါနေသော အဖြူရောင်တိုက်ကြီးကို ဘွားခနဲတွေ့ရ

ည်။

သူက ကားကို ခြံဝင်းကျယ်ကြီးထဲသို့ မောင်းဝင်ပြီး

ခမ်းနားသောဆင်ဝင်အောက်ရပ်၏။

"ဆင်းပါ မီမီ၊ ဒါ ကိုယ့်အိမ်ပဲ"

သူ့ကို ပန်းချီဆရာ ဦးနေ့သစ်အဖြစ် ထင်ထားတုန်းက

နေစရာမရှိ တကယ့်ကို သာမန်လူတစ်ယောက်အဖြစ် သူမမြင်

ယခုတော့ သူမအထင်က ရယ်စရာကောင်းကာ သူသည်



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ထိပ်တန်းသူဌေးကြီးတစ်ယောက်ပါလား။

သူ့ကိုမြင်တာနှင့် အလုပ်သမားတွေက အရိုအသေပေး
ဂျာမဏီလုပ် နီညိုရောင်ကော်ဇောကြီးများ ခင်းထားသော သူ
ဧည့်ခန်းကျယ်ကြီးထဲမှာ နောက်ဆုံးပေါ် ခေတ်မီပစ္စည်း အ
အဆောင်များ။

"ကိုယ့်တိုက်ကြီးက ကျယ်သလောက် လူကတော့
တယ် မိမိ၊ အလုပ်သမားတွေနဲ့ ကိုယ်တစ်ယောက်တည်း
ကိုယ့်အတွက် မိသားစုတစ်စုလောက်လိုတယ်လို့ မိမိ မထင်
လား"

နိုင်ငံခြားဖြစ် အဖြူရောင် နှစ်ထပ်ဆိုဖာကြီးနှစ်
ဆက်ထားကာ မျက်နှာချင်းဆိုင်ဝင်ထိုင်ရင်း သူပြုံးကာမေး

"ကျွန်မ မသိဘူး"

သူပြုံးကာ ငွေမောင်းလေးထုလိုက်၏။ မကြာခင် အ
ငါးဆယ်ဝန်းကျင် ရုပ်ရည်သန့်ပြန့်သော အိမ်ဖော်ဖြစ်မည့် အ
သမီးကြီးတစ်ဦး ရောက်လာသည်။

"ဧည့်သည်အတွက် စားစရာတစ်ခုခုလုပ်ပေးပါ"

"ဟုတ်ကဲ့ သူဌေး"

"ဪ…အပေါ်ထပ်ကို ပို့ပေးပါ"

ထို့နောက် သူ နေရာမှထ၏။





"ပန်းချီကားက အပေါ်ထပ်မှာမိမိ"

သည်တော့ သူမလည်း နေရာမှထလိုက်ရ၏။ ကျွန်းရောင်
ဖြောင်လက်တောက်ပနေသော လှေကားကြီးအတိုင်း သူမတို့
တက်ခဲ့ သည်။

အပေါ်ထပ်မှာလည်း အောက်ထပ်အတိုင်း ကျယ်ပြန့်ကာ
သားနားခန့်ညားလှ၏။ အဲယားကွန်းအပြည့် ဖွင့်ထားတာမို့ ဖုန်မှုန့်
တစ်စက်မရှိ၊ ရှင်းလင်းတောက်ပအေးမြနေသည်။

"ကိုယ့်ဘဝမှာ စိတ်ကြိုက်ပန်းချီကားမျိုး ဆွဲခဲ့တယ်၊
င်းပုံကတော့ ကိုယ့်အတွက် ပထမဆုံးပဲ မိမိ"

အခန်းတချို့ကို ကျော်ဖြတ်ပြီးနောက် ကျယ်ဝန်းသော
အခန်းကြီးတစ်ခုထဲသို့ ဝင်ခဲ့သည်။

မှောင်နေသော အခန်းကို မီးထွန်းလိုက်ချိန်မှာ ပန်းချီကား
အချို့ကို တွေ့ရသည်။ ထိပ်မှာတော့ နီညိုရောင်ကတ္တီပါစဖြင့်
ခုပ်ထားသော အရာတစ်ခု။

"ကျွန်မပုံကော"

အမှန်ပြောရလျှင် သူမ၏ပုံတူကို တွေ့ရမည်ဆိုတာကြောင့်
ဒိ်လှုပ်ရှားတာ အမှန်ပင်။

သူပြုံးကာ သူမကို ကြည့်၏။

"တစ်ခုတော့ ကတိပေးရမယ်၊ ကိုယ်က ဒီပုံကို မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြရုံပဲ၊ မင်းကိုပေးဖို့မဟုတ်ဘူး''

''ဟင်''

''ဟုတ်တယ် မီမီ၊ မင်းက ကာယကံရှင်ဆိုတော့ မင်းပုံ မင်းအမြဲမြင်နိုင်တယ် မဟုတ်လား''

''အို…ဒါကတော့''

''ဘယ်လိုလဲ၊ ကတိမပေးနိုင်ရင် ဒီပုံကို ကျုပ်မပြနိုင် ဘူး''

တကယ်အခက်တွေ့သည့် ကိစ္စပဲ။ သူမပုံကို သူ့ဆီထား ခဲ့ရမည်ဆိုတာ အစီပွာယ်မရှိပါ။

''ကျွန်မ ကတိပေးတယ်''

''အဟွန်း…ဒီလိုဆိုရင် ကိုယ်ပြရမှာပေါ့ကွယ်''

စောစောက နီညိုစအုပ်ထားသော အရာဆီသို့သွား သူ့အသာအယာ ဆွဲဖယ်လိုက်၏။ ထိုစဉ်

''အို''

သူမမြင်လိုက်ရတာက ပင်လယ်ကြီးကို ငေးမျှော်ကြည့် နေသည့် ဆံပင်ရှည်များ လွင့်မျောလျက် မိန်းကလေးတစ်ယောက်

ထိုမိန်းကလေးမှာ သူမဖြစ်နေပါလား။ ကြည့်ရင်း အသက်ဝင်လှုပ်ရှားလာတော့မည့်ဟန်။ ပန်းချီကား၏ အောက်ခြေ မှာ





''အချစ်နတ်သမီး''တဲ့''

''အို…ဒါက''

''ဒီပုံကို ကိုယ်နာမည်ပေးထားတာလေ မီမီ''

သူမမျက်နှာ အနည်းငယ်နီသွားသည်။

''ဒီခေါင်းစဉ်ကို ရှင်ဘာအဓိပ္ပာယ်နဲ့ တပ်တာလဲ ဦးကျော်ဇေယျ''

''အဟွန်း…အဖြေကရှင်းပါတယ်၊ မျှော်လင့်ဘဲ ပင်လယ်ကမ်းခြေမှာ အချစ်နတ်သမီးတစ်ယောက်ကို တွေ့လိုက်ရ လို့လေ''

''ရှင်…ရှင် ဘာကိုဆိုလိုတာလဲ ဦးကျော်ဇေယျ''

နီမြန်းသောမျက်နှာလေးမှာ ဒေါသကြောင့် မျက်လုံးလေး တွေ စူးလက်နေ၏။ သူက သူမကိုတည့်တည့်စိုက်ကြည့်သည်။

''ကိုယ် မင်းကို မြင်မြင်ချင်းပဲ ချစ်ခဲ့တယ် မီမီ''

''အို''

ကြည့်စမ်း သူ့အိမ်ပေါ်ခေါ်ပြီး သူမကို ရည်းစားစကား ပြောနေတာပါလား။

''ဒါကြောင့် မင်းရဲ့ပုံရိပ်ဟာ ကိုယ့်နှလုံးသားမှာ စွဲထင်ခဲ့ တယ်၊ မင်းပြန်သွားတော့ ကိုယ် ကမ်းခြေမှာ တစ်ယောက်တည်း မင်းကိုတမ်းတခဲ့ရတယ် မီမီ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ရှင် ဘာတွေပြောနေတာလဲ ဦးကျော်ဇေယျ"

သူက ခြေတစ်လှမ်းချင်းတိုးလာ၏။ သူမ နောက်ဆုတ်လိုက်သည်။

"ဒေါက်တာသော်ဇင်အတွက် မင်း ဝေဒနာခံစားရတာကို ကိုယ်မကြည့်ရက်ဘူး မိမိ"

"ဩော်...ရှင်က ကျွန်မကို သနားနေခဲ့တယ်ပေါ့ ဦးကျော်ဇေယျ"

သူမဟာ ယောကျ်ားတစ်ယောက်ရဲ့ သနားစရာအဖြစ် အမြင်မခံနိုင်ပါ။ သူ ခေါင်းခါယမ်းသည်။

"ကိုယ်က မင်းကို ပျော်ရွှင်တာပဲမြင်ချင်တယ် မိမိ"

တကယ်တော့ သူနှင့်တွေ့စအချိန်တွေမှာ သူမရင်ထဲက ဝေဒနာတွေပင် မေ့ပျောက်၍ ပျော်မိခဲ့သလိုပါပဲ။ ယခု ဘာကြောင့် ဒီခံစားချက်တွေ ပျောက်သွားရတာပါလိမ့်။





"ကျွန်မကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲဒေါက်တာ"

မမျှော်လင့်ဘဲ ကိုကိုက သူမဆီ ရောက်လာ၏။ ဧည့်သည်ဆို၍ ဦးကျော်ဇေယျဟုသာ ထင်ခဲ့သည်။ တကယ်တမ်း တွေ့ရတာက ကိုကို။

သူမရဲ့ ဒေါက်တာဟုအခေါ်ကြောင့် ကိုကို မျက်နှာပျက်သွား၏။

"ဩော်...မိမိက ကိုကို့အပေါ် ဒီလောက်တောင် စိမ်းပြီလားဟင်"

"ကျွန်မတို့က သူစိမ်းတွေပဲမဟုတ်လား ဒေါက်တာ"

ထိုအမေးကြောင့် ကိုကိုခံရခက်သွားဟန်။ သို့သော် အမှန်တရားလည်းဖြစ်နေတာမို့ မချိသလိုပြုံး၏။

"မိမိ ဘာကြောင့် ဒီလောက်ထိစိမ်းသွားတယ်ဆိုတာ ကိုကို သိပါတယ်"

"ဘာကြောင့် ဟုတ်လား၊ ကျွန်မက ဒေါက်တာ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



စပြီးစိမ်းကားတယ်လို့ ပြောတာလားရှင်''

တရှိုးခံကိုကိုက သူမကို ပြန်၍စွပ်စွဲနေတာ ရယ်စရာပါလား။ ကိုကိုက ခပ်မဲ့မဲ့ပြုံးသည်။

''ဒါပေါ့…မီမီနားမှာ ကိုကို့ထက်သာတဲ့ ဦးကျော်ဇေယျလို ကုမ္ပဏီပိုင်ရှင် သူဌေးကြီးတစ်ယောက်လုံး ရှိနေခဲ့တာကြောင့် မဟုတ်လား''

ဘုရားရေ…

ကြည့်စမ်း…ကိုကိုဟာ ကိုယ့်အပြစ်ကို မမြင်ဘဲ သူ့တစ်ပါးအပြစ်ကိုသာ မြင်တတ်ပါလား။ ကိုကို့နှုတ်ဖျားမှ ဒီလို စကားထွက်လာတာ သူမအတွက် အံ့သြစရာဖြစ်နေ၏။

သူမက ခပ်ရွဲ့ရွဲ့လေး ရယ်လိုက်သည်။

''အဟင်း…ဟင်း ကိုကို တယ်အပြောကောင်းပါလားဟင်၊ ကျွန်မကို သစ္စာစဖောက်တာ ဘယ်သူလဲ ဒေါက်တာ''

''သစ္စာဖောက်တယ်ဆိုတာ ချယ်ရီနဲ့တွဲတာကို ပြောတာလား မီမီ၊ ဒါပေမယ့် ကိုကိုလက်ထပ်မယ်လို့ ပထမဆုံးပြောခဲ့တာက မီမီကိုပါ''

သူမ နှုတ်ခမ်းလေးဖိကိုက်လိုက်၏။

''တော်ပြီ ဒေါက်တာ၊ အဲဒီအကြောင်းတွေ မပြောကြရင်





ကောင်းမယ်၊ အခုပဲ ဒေါက်တာနဲ့ ချယ်ရီတို့ လက်ထပ်တော့မှာ မဟုတ်လား၊ ကျွန်မကို ဘာကိစ္စ လာနှိပ်စက်နေတာလဲ''

ကိုကိုဟာ ဘယ်လိုလူပါလိမ့်။ ကိုယ်တိုင်ကလည်း တန်ဖိုးမထား၊ သူတစ်ပါးတန်ဖိုးထားတာကိုလည်း မနာလိုဖြစ်နေသည့် ကလေးတစ်ယောက်လိုပင်။

''နောက်ဆုံးအနေနဲ့ ကိုကိုလာမေးတာ၊ မီမီ တကယ်ပဲ ဦးကျော်ဇေယျကို လက်ထပ်မှာလားဟင်''

သိပ်ကို သိချင်စိတ်ပြင်းနေသည့် ကိုကို့အား သူမ အံလေးကြိတ်ကာ ကြည့်လိုက်၏။ ထို့နောက် အေးစက်သောလေသံဖြင့်

''ဟုတ်တယ်၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ ဒေါက်တာ''

''ဩော်…အဟွန်း…နောက်ဆုံးတော့ မင်းလည်း ဂုဏ်ပကာသန မက်တဲ့ မိန်းကလေးတစ်ယောက်ပါလား မီမီ''

ထိုစကားကြောင့် ကိုကို့အပေါ် ပထမဆုံးအကြိမ် အထင်သေးမိ၏။ တကယ်ဆို ယောကျာ်းဖြစ်တဲ့ သူကိုယ်တိုင်က ဂုဏ်ပကာသနမက်၍ ဒေါက်တာချယ်ရီနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ မဟုတ်လား။

ကိုကို့စကားကို သူမ မနာကျင်ဟန်ဖြင့်ရယ်သည်။

''အဟင်း…ဟင်း ဒါဘာဆန်းလဲ ကိုကို၊ ကျွန်မလို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားမပြောနဲ့ ကိုကို့လို ယောကျ်ားတစ်ယောက်တောင် ဝုဏ်ပကာသနမက်လို့ ဒေါက်တာချယ်ရီနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပဲလေ"

"ကိုကို့ကို အပြစ်မလွှဲချပါနဲ့၊ မင်းကို လက်ထပ်ပါမယ်လို့ ကိုကို ပြောခဲ့တုန်းက မင်းလက်မခံခဲ့ဘူး မဟုတ်လား မိမိ"

ကိုကို့မိဘတွေက သူမထက် ကိုကိုနှင့် ဒေါက်တာချယ်ရီကို ပိုပြီးသဘောတူနေခဲ့တာ သိလျက်နဲ့ ဘာကြောင့် လက်ခံရမှာလဲ။

မိမိဦးဆိုတဲ့ မိန်းမသားမှာလည်း မာနရှိတယ်ဆိုတာ ကိုကို မသိဘူးလား။

"ဒီတော့ ဒေါက်တာချယ်ရီနဲ့ လက်ထပ်မှာ ကျွန်မကြောင့်လို့ ကိုကိုဆိုလိုတာလား"

ခပ်ပြတ်ပြတ် သူမမေးပစ်လိုက်၏။ အဓိက ကိုကိုဘာပြောချင်တာလဲ။

"တကယ်တော့ ကိုကိုလာတာ မိမိကို အပြစ်ပြောဖို့မဟုတ်ဘူး၊ ကိုကိုနဲ့ချယ်ရီက လူကြီးချင်း စေ့စပ်ထားတာပဲရှိသေးတယ်၊ မင်္ဂလာကိစ္စကိုလည်း သူတို့အမြန်စီစဉ်နေကြပြီ"

"ဒီတော့"





သူမစကားတောက်လိုက်၏။ ကိုကိုက သူမကို နူးညံ့စွာကြည့်သည်။

"ကိုကိုတို့အတွက် အချိန်မီပါသေးတယ် မိမိ၊ မိမိသာလက်ခံမယ်ဆိုရင် ကိုကိုလေ မိမိကိုပဲ လက်ထပ်ချင်တယ်"

"ဘယ်လိုပြောလိုက်တာလဲ ဒေါက်တာ၊ ကျွန်မချစ်ခဲ့တဲ့ ဒေါက်တာသော်ဇင်ဟာ ဒီလောက် အတ္တစိတ်များမယ့်လူတစ်ယောက်လို့ မထင်ထားမိဘူး၊ ဒေါက်တာနဲ့ ချယ်ရီ စေ့စပ်တာ အားလုံးသိကုန်ကြပြီ၊ ယောကျ်ားသားမို့ ဒေါက်တာက ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ထည့်မတွက်ပေမယ့် ကျွန်မနဲ့ ချယ်ရီကတော့ မိန်းမသားတွေမို့ ထည့်တွက်ရမယ်၊ အထူးသဖြင့် ချယ်ရီကိုကျွန်မ မိန်းမသားချင်း စာနာတယ် ဒေါက်တာ၊ ဒီစကားကို ကျွန်မကြားလိုက်ဘူးလို့ သဘောထားလိုက်ပါ့မယ်၊ ဒေါက်တာပြန်ပါတော့"

ကိုကိုနှင့် လက်မထပ်ဖြစ်တာ သူမအတွက် ကံကောင်းခြင်းပဲဟု ပထမဆုံးအကြိမ် တွေးဖြစ်သွားသည်။ ကိုကို့ကို စိတ်ပျက်စွာ နှင်ထုတ်မိ၏။

"မဟုတ်သေးဘူး မိမိ၊ ပြန်စဉ်းစားပါဦး၊ ကိုကိုနဲ့ မိမိ ချစ်ခဲ့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ဒေါက်တာ၊ တစ်ချိန်က အဖြစ်အပျက်တွေဟာ ပြီးခဲ့ပါပြီ၊ ကျွန်မလည်း မကြာခင် ဦးကျော်ဇေယျနဲ့ လက်ထပ်တော့မှာပါ"

"ဟင်"

အစီအစဉ်မရှိဘဲ ဦးကျော်ဇေယျနာမည်ကို သူမထည့်သုံးလိုက်ရ၏။ ကိုကို့မျက်နှာ ပျက်သွားသည်။ ထိုအချိန် တိုက်ဆိုင်စွာပင် ဦးကျော်ဇေယျကား ရောက်လာ၏။

"ဟော…ကို"

"မိမိ"

ကားပေါ်မှဆင်းလာသော ဦးကျော်ဇေယျကို အပြုံးဖြင့် နှုတ်ဆက်ရင်း သူမသွားလိုက်သည်။ သူမအပြုအမူအတွက် ရှုတ်တရက် ဦးကျော်ဇေယျက အံ့သြနေဟန်။

ကိုကိုက အနားရောက်လာကာ…

"ကွန်ဂရက်ကျူးလေးရှင်းပဲ ဦးကျော်ဇေယျ"

"ဗျာ…ဒါက"

"အဟွန်း…ခုပဲ မိမိကပြောပါတယ်၊ ဦးကျော်ဇေယျနဲ့ မိမိတို့ မကြာခင်လက်ထပ်တော့မယ့် အကြောင်းလေ"

"အို"





ဦးကျော်ဇေယျက သူမကို အံ့သြနားမလည်သလို ကြည့်ပြီးမှ ချက်ချင်းပြုံးသည်။

"အဟွန်း…ဟွန်း ဟုတ်တယ် ဒေါက်တာ၊ လူကြီးတွေလည်း သဘောတူတော့ မိမိစိတ်ကြိုက် မင်္ဂလာပွဲကို ကျွန်တော် အထူးစီစဉ်နေတယ်ဗျာ၊ ကျေးဇူးပဲ"

ခပ်တည်တည်ဖြင့် ယောကျ်ားသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြ၏။

တကယ်ဆို ဦးကျော်ဇေယျနှင့် သူမ စကားများစွာ မခေါ်ပါ၊ ဒီအဖြစ်အပျက်ကတော့ တကယ့်ကို မမျှော်လင့်စွာ တိုက်ဆိုင်သွားတဲ့အဖြစ်။

"ဒေါက်တာတို့ ဝလ်ဒင်းကော"

"ကျွန်တော်တို့လည်း ဒီလထဲမှာပါ ဦးကျော်ဇေယျ၊ အဲဒီအကြောင်း မိမိကို လာပြောတာပါ"

"အဟွန်း…ဒါကြောင့် မိမိက ပြန်ကြွားတာကိုး၊ မိမိက လေးလိုပဲဒေါက်တာ၊ ဒီလိုကြွားမယ်ဆိုတာ ကျွန်တော့်ကိုတောင် အသိမပေးဘူး"

ဦးကျော်ဇေယျက သူမပခုံးကိုဖက်ကာ ခပ်ပြုံးပြုံးပြော၏။ သူမစိတ်အိုက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကျွန်တော်ပြန်ဦးမယ် ဦးကျော်ဇေယျ၊ ဝဲလ်
ကြရင် ဖိတ်စာပို့လိုက်ပါ့မယ်"

"စိတ်ချပါဗျာ၊ ကျွန်တော်တို့ ဆက်ဆက်လာခဲ့ပါမေ
မဟုတ်ဘူးလား မီမီ"

ဦးကျော်ဇေယျက သူမကို ငုံ့ကြည့်၍ ပြုံးကာမေး
သူမ ဟန်မပျက်အပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်ရ၏။

ကိုကိုသည် မျက်နှာတစ်ချက်ပျက်သွားပြီးနောက် ချက်
ပင် အပြုံးမျှော့ဖြင့်…

"ကျွန်တော်တို့ ဆက်ဆက်စောင့်မျှော်နေပါ့မယ်
ခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ကိုကို နှုတ်ဆက်ထွက်သွားလေ၏။ သူမ အမှတ်မေ
ကိုကိုနောက်ကျောပြင်ကို ငေးကြည့်မိသည်။

"ဘယ်လိုလဲ နှောင်တရနေပြီလား မီမီ"

"ရှင်…ဘာပြောလိုက်တာလဲ ဦးကျော်ဇေယျ"

သူ့အသံကြားမှ သတိဝင်လာလျက် မေးလိုက်
ဦးကျော်ဇေယျက ခပ်ပြုံးပြုံးဖြင့်…

"ဪ…ဘာမှမဟုတ်ပါဘူး၊ ဒေါက်တာသော်





မီမီပြောလိုက်တဲ့အတိုင်း ကိုယ်တို့မင်္ဂလာပွဲ မကြာခင် ကျင်းပကြ
တော့မှာပေါ့ဗျာ"

"အို…ရှင့်ကိုလက်ထပ်ဖို့ ဘယ်သူက လက်ခံလို့လဲ"

"ဟောဗျာ…စောစောကပဲ မီမီ လက်ခံခဲ့ပြီလေ၊
ဒါကြောင့်သာ လူသိရှင်ကြား ဒေါက်တာသော်ဇင်ကို မီမီ ကြေငြာ
လိုက်တာမဟုတ်လား"

သူမစကားကို နိုင်ကွက်ယူကာ သူပြောသည်။ သူမ
မျက်စောင်းလေးထိုးမိလိုက်၏။

"အဲဒါ အခြေအနေအရပြောလိုက်ရတာရှင့်၊ တကယ်
တော့ ရှင့်လို လူလိမ်လူညာတစ်ယောက်ကို ကျွန်မက ဘာကြောင့်
လက်ထပ်ရမှာလဲ"

"မီမီနော် ကိုယ့်ကို လူလိမ်လူညာဆိုတာကြီး ထည့်
မပြောနဲ့၊ ကိုယ် မီမီကို ဘယ်တုန်းကမှ မလိမ်ခဲ့ဘူး၊ ခုလည်း
မီမီကိုချစ်တာ တကယ်ပဲ၊ လက်ထပ်ဖို့လည်း ဆုံးဖြတ်ပြီးပြီ၊
ပြီးတော့ မီမီက လူသိရှင်ကြား ကြေငြာပြီးမှတော့ ကိုယ့်ရဲ့
ဂုဏ်သိက္ခာလည်း အကျမခံနိုင်ဘူး"

"အမယ်"

သူက အသားစီးကြီးနှင့် ပြောနေတာမို့ သူမ အသည်း



www.burmeseclassic.com

www.burmeseclassic.com



ယားသွားရ၏။

"တကယ်ပြောတာဗျာ၊ ကိုယ်က ခုချိန်ထိ လက်မထပ်

သေးတဲ့ လူပျိုစစ်စစ်၊ ကိုယ့်ရဲ့လူပျိုဂုဏ်သိက္ခာကို အပျက်မခံ

တာမို့ မီမီနဲ့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်မယ်၊ ဒါပဲဗျာ"

ကိုကို့ရှေ့မှာ အနိုင်ယူလိုစိတ်ဖြင့် ဦးကျော်ဇေယျမှာ

ဆွဲထည့်မိတာ မှားပါပြီဟု တွေးမိသည်။

"ရှင်က တယ်အပြောကောင်းပါလား ဦးကျော်ဇေ

ကျွန်မကလည်း အပျိုစစ်စစ်ရှင့်"

"မှန်တာပေါ့ဗျာ၊ ဒါကြောင့် အပျိုစင်လေး မီမီကို ကို

လက်ထပ်ဖို့ ဆုံးဖြတ်တာပေါ့"

"သေလိုက်"

သူ့ကိုနိုင်အောင် မပြောနိုင်သော သူမက နှုတ်ခမ်းဆေ

စေ့ကာ အနားမှ ချာခနဲလှည့်ထွက်ခဲ့တော့၏။

"မသေနိုင်ဘူးဗျို့၊ ကျွန်တော် ချစ်သူနဲ့ပေါင်းရဦးမယ်

နောက်မှသူ့အသံကြောင့် သူမတစ်ယောက် ရယ်ရ

ငိုရခက်လေ။





သူမအနေဖြင့် ဘယ်လိုပဲ ဦးကျော်ဇေယျနှင့် မတွေ့ချင်

ဘူးဆိုစေ ဖေဖေတို့ တာဝန်ပေးခဲ့သော တိုက်ဆောက်သည့်ကိစ္စ

နေတာမို့ သူနဲ့မျက်နှာချင်းဆိုင် ဆုံရ၏။

"ဒါတွေအားလုံးက ကိုယ်ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး

ဆောက်ပေးခဲ့တဲ့ တိုက်တွေပဲ မီမီ၊ အဲဒီထဲက မီမီ ဘယ်ပုံစံကို

ကြိုက်လဲ"

ခေတ်မီဒီဇိုင်းအမျိုးမျိုးဖြင့် လှပသောတိုက်များကို

နောက် ဘေးတစ်ခုခြင်းစီ ရောင်စုံဓာတ်ပုံရိုက်ထားတာများ

ထုတ်ပြသည်။

တိုက်ပုံစံတွေအားလုံးက လှကာ ကြာတော့ သူမ မရွေး

တော့ပါ။

"ကျွန်မအကြိုက်ထက် ဖေဖေနဲ့မေမေတို့ အကြိုက်က

အရေးကြီးပါတယ် ဦးကျော်ဇေယျ"

"အပြွန်း...အန်ကယ်နဲ့ အန်တီတို့က မီမီအကြိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



သာ မေးပါတဲ့ဗျာ၊ ကဲ ဒီတော့ မိမိပဲရွေးပေတော့''

ခက်ပြီ၊ သူမက သမီးအကြီးဆုံးဆိုတော့ တိုက်ဆော

တဲ့ကိစ္စ သူနှင့်တိုင်ပင်ကာ မျက်နှာလွှဲထား၏။

''ကျွန်မအကြိုက်ကတော့ ဟောဒီမှာ ပေါ်တီကိုလည်

ပါပြီး ဝရန်တာကျယ်ကျယ်နဲ့ တစ်ထပ်ခွဲတိုက်လေးပဲ ဦးကျော်ဖေ

ကျွန်မတို့မိသားစုက သိပ်မများတော့ ဒီတိုက်လောက်ဆို အဆော

မဟုတ်လား''

သူမပြသောပုံကို သူယူကြည့်သည်။ ခေတ်မီလှပသော

တိုက်ကလေးပါ။

''ကောင်းပါတယ် မိမိ၊ ကိုယ်လည်း ဒီပုံကိုကြိုက်

တယ်''

''ဟို...တိုက်ဆောက်ဖို့ကိစ္စအတွက် ငွေကြေးကို ဖေ

တို့က ဘာပြောလဲဟင် ဦးကျော်ဖေယျ''

ထိုအမေးကြောင့် သူပြုံး၏။

''အဟွန်း...အဲဒီကိစ္စအတွက် မိမိ ဘာမှမပူပါ

အန်ကယ်စီစဉ်ခဲ့ပါတယ်''

''ဩော်''

သည်ငွေကိစ္စကိုတော့ ဖေဖေတို့က သူမအား ဘာပြော





ပြောခဲ့တာပါလိမ့်။ အင်းလေ...သူက တာဝန်ယူဆောက်လုပ်မည်

ဆိုတော့ သူ့ထံလွှဲခဲ့တာဖြစ်မည်။

''ဒီတိုက်ကို နှစ်လအတွင်း ကိုယ်ပြီးအောင်ဆောက်မယ်''

''အို...မြန်လိုက်တာ''

''အဟွန်း...အန်ကယ်တို့ စိတ်အေးသွားအောင်လေ၊

တော့ ကိုယ်တို့မင်္ဂလာဆောင်က ရှိသေးတယ်မဟုတ်လား''

''ရှင်နော်''

သူရယ်နိုင်သလောက် သူမမျက်နှာလေးက အနည်းငယ်

နီးနေ၏။

''မိမိသိထားရမှာက အရင်ကဆောက်တဲ့ တိုက်တွေမှာ

ကိုယ်က ဒီဇိုင်းထုတ်ပေးပြီး ဆောက်တဲ့အခါ ကိုယ့်လက်ထောက်

အင်ဂျင်နီယာတွေနဲ့ မျက်နှာလွှဲတယ်၊ အခု မိမိတို့တိုက်ကို ကိုယ်

ကိုယ်တိုင်ပဲ ကြီးကြပ်ဆောက်မှာကလေးမ''

''အဲဒီအတွက် ဦးကျော်ဖေယျ လုပ်အားခရတယ်မဟုတ်

လား''

''ဗျာ...အဟွန်း...ဟွန်း''

သူကရယ်တော့ သူမ မျက်မှောင်လေး မသိမသာတွန့်

သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျွန်မစကားထဲ ဘာရယ်စရာမှ မပါဘူး ဦးကျော်ဇေယျ"

"ဆောရီး မိမိ၊ ဒါပေမယ့် နေရာတကာမှာ ငွေနဲ့တိုင်းတာ လို့မရဘူး၊ ဥပမာ အန်ကယ်နဲ့ဆို ကိုယ့်မိဘများလက်ထက်က ခင်မင်လာခဲ့တာကွ၊ ခုလို အကူအညီလိုအပ်နေတဲ့ အချိန်မှာ ကိုယ်က သူစိမ်းတွေလို ငွေကြေးနဲ့ တန်ဖိုးဖြတ်မယ်ထင်နေလား"

သူမကို ဘာမှမသိသော ကလေးတစ်ယောက်လိုကြည့် ကာ သူမေး၏။

"ကျွန်မကတော့ ဒါတွေသိပ်နားမလည်ဘူး၊ ဦးကျော်ဇေ ယျ၊ ဖေဖေ့ကိုပြောမယ် ရှင့်ကို ပိုက်ဆံပေးဖို့"

"ကြည့်စမ်း...အန်ကယ်ကို မင်းက စိတ်အနှောင့်အယှက် ပေးမလို့ပေါ့လေ၊ ဟုတ်လား မိမိ၊ မလုပ်ပါနဲ့ကွာ၊ ကိုယ်က တိုက် ပြီးရင် အန်ကယ်ဆီက လက်ဆောင်တောင်းယူမှာပါ"

ထိုအပြောကြောင့် စောစောက သူ့ကိုအထင်ကြီးနေသော စိတ်တွေ ပျောက်သွားရ၏။

"နောက်ဆုံးတော့ ရှင်က ဖေဖေ့ဆီက တန်ရာတန်ကြေး ယူမှာပဲမဟုတ်လား"

"အင်း...ဟုတ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်တောင်းတဲ့





ဆုလည်းက အန်ကယ်ကိုယ်တိုင်လည်း ပေးနိုင်တာမျိုးဖြစ်မှာပါ မိမိ"

"ကျွန်မကတော့ အပေးအယူကိစ္စတွေ စိတ်မဝင်စားဘူး ဦးကျော်ဇေယျ၊ နောက်ပြီး ကျွန်မလည်း စာမေးပွဲနီးပြီမို့ စာအေး အေးဆေးဆေး ကျက်ချင်တယ်"

သူနှင့် မကြာခဏ တွေ့နေရတာမို့ သူမ စိတ်ရှုပ်ထွေး ၏။ ခန့်ညားချောမောသော သူလာတိုင်း အဆောင်သူတွေ ဝိုင်းစပ်စု တာမျိုးလည်း မကြိုက်ချင်ပါ။

"ကောင်းပြီလေ၊ မိမိ အနှောင့်အယှက်ဖြစ်အောင် ကိုယ် လုပ်ပါဘူး၊ စာကိုသာ ကောင်းကောင်းကျက်ပါ၊ စာမေးပွဲအောင် ပြီး ပြန်လာမယ့်သမီးကို အန်ကယ်နဲ့ အန်တီက ဝမ်းသာအားရ စောင့်နေမှာပါ"

"ကျွန်မ သိပါတယ်"

ဖေဖေတို့ စိတ်ချမ်းသာဖို့ သူမကြိုးစားရမည်။ ကိုကိုနှင့် ကိစ္စမှာ ဖေဖေတို့စိတ်အနှောင့်အယှက်ဖြစ်တာ သူမ စိတ်မကောင်း ပါ။

"ဒေါက်တာသော်ဇင်ရဲ့ မင်္ဂလာပွဲကို မင်းသွားမယ်မဟုတ် လား မိမိ"

"ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားရမယ် မီမီ၊ ဒါမှ မင်းက မရှုံးနိမ့်ပါဘူးဆိုတာ သူတို့သိသွားမယ်"

သူမကိုယ်စား သူဝင်၍ဆုံးဖြတ်၏။ ကိုကိုတို့ မင်္ဂလာဆောင်က ဒီလထဲမှာဖြစ်သည်။

"ကောင်းပြီလေ ကျွန်မ သွားမယ်"

"အဟွန်း…ဒီလိုမှပေါ့၊ အဲဒီနေ့ ကိုယ်လာခေါ်မယ်"

သူမဘာမှမပြောဘဲ ငြိမ်သက်နေလိုက်၏။ ဒါဟာ လက်ခံခြင်းသဘောပဲလေ။ သူပြုံးသည်။

"ကိုယ်ထင်တဲ့အတိုင်းပဲ မင်းဟာ သတ္တိရှိတဲ့မိန်းကလေးပါ မီမီ"

"ကျွန်မ ရှင်နဲ့တွဲသွားရင် သူများတွေ ဘာထင်မလဲ ဦးကျော်ဇေယျ"

ကလေးတစ်ယောက်လို သူမအမေးကြောင့် သူရယ်၏။

"အနည်းဆုံးတော့ ကိုယ်တို့လည်း မကြာခင် လက်ထပ်တော့မယ့်သူတွေလို့ သူတို့ထင်မှာပေါ့"

"အို"

"ဘာလဲ…အဲဒီလို အထင်မခံချင်ရင် ဒေါက်တာသော်ဇင် မင်္ဂလာပွဲကို မသွားရုံပဲလေ"





သေချာတယ်…ဒါဟာ သူမကို အကျပ်ကိုင်ခြင်းတစ်မျိုးဆိုတာ။ ဘာပဲဖြစ်ဖြစ် ကိုကိုတို့ အသိုင်းအဝိုင်းကိုတော့ သူမက တစ်ချက်လောက် အနိုင်ယူချင်၏။

"ရှင်က ဒီလိုခြိမ်းခြောက်တတ်သလားဟင်"

"အဟွန်း…လိုအပ်ရင်ပေါ့ဗျာ"

"ဟင်း…ရှင်ဟာ မုန်းဖို့ကောင်းတယ် ဦးကျော်ဇေယျ"

သူမ မျက်စောင်းထိုးတာများ သူ့အတွက် ပန်းနဲ့ပေါက်သလိုပါပဲ။

"ကိုယ်ကတော့ မင်းကိုချစ်နေတယ် မီမီ"

"ရှင် ဒီလိုပဲ မိန်းကလေးဘယ်နှစ်ယောက်ကို ပြောခဲ့ပြီလဲ ဦးကျော်ဇေယျ"

ထိုအမေးကြောင့် သူက စဉ်းစားဟန်ပြုသည်။ ထို့နောက် သက်ပြင်းတစ်ချောင်းထောင်ကာ…

"တစ်ယောက်"

"ဘာလဲ…နိုင်ငံခြားထွက်သွားတဲ့ အမျိုးသမီးလား ဦးကျော်ဇေယျ"

သူ ခေါင်းခါယမ်းသည်။

"နီး…ကျုပ်နှုတ်ဖျားက ချစ်ပါတယ်လို့ပြောတာ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်တည်း''

''အို''

သူမမျက်နှာကို စိုက်ကြည့်ကာ သူ့အပြောကြောင့် ပါးပြင်လေး နွေးခနဲဖြစ်သွားရ၏။

''ကိုယ်တကယ်ပြောတာ မီမီ၊ မင်းဟာ ကိုယ့်ဘဝအတွက် ပထမဆုံးပဲ''

''ကျွန်မကို ဘာကြောင့်ချစ်တာလဲ၊ ကျွန်မအကြောင်းတွေ ရှင်သိတယ်နော်''

ကိုကိုနှင့်ဓာတ်လမ်းကို ရည်ရွယ်ကာ သူမမေး၏။ သူခေါင်းညိတ်သည်။

''ဒေါက်တာသော်ဇင်ကို ကိုယ်ကျေးဇူးတင်တယ် မီမီ၊ ဘာကြောင့်လဲဆိုတော့ မီမီ့ကိုထားခဲ့လို့လေ၊ ဒါကြောင့် ကိုယ်နဲ့ဆုံရတာ မဟုတ်လား''

''အို''

ကြည့်စမ်း...သူဟာ ဘယ်သူမှခွင့်မလွှတ်နိုင်တဲ့ ကိစ္စကိုပဲ သူတစ်ပါးအား ကျေးဇူးတင်လိုက်သေး၏။ သူမနဲ့ တွေ့ကတည်းက သူဟာ လူထူးလူဆန်းတစ်ယောက်ပဲလေ။





ဒေါက်တာသော်ဇင်နှင့် ဒေါက်တာချယ်ရီတို့ လက်ထပ်မင်္ဂလာပွဲကို ဦးကျော်ဇေယျနှင့်တွဲကာ သူမတက်ရောက်သည်။

သူမအတွက် ဝတ်စုံကို ဦးကျော်ဇေယျက နိုင်ငံခြားမှ အထူးမှာပေးတာကြောင့် ဘယ်သူနှင့်မှ ယှဉ်လို့မရအောင်ဖြစ်သွား၏။

''ဒီစိန်တွေကတော့ ကိုယ့်အဘွားလက်ထက်က စိန်တွေပါ၊ မာမီလက်ထက်က ပစ္စည်းတွေဆိုပေမယ့် အဘွားရဲ့အမွေကိုတော့ ကိုယ်ပိုမြတ်နိုးတယ်၊ ဒါကြောင့် ဒေါက်တာသော်ဇင်ရဲ့ မင်္ဂလာပွဲမှာ မီမီ ဒါကိုခဏဝတ်ခဲ့ပါ''

ကြည်လင်သော အဖြူရောင် အပါးစပေါ်မှ ကျောက်ဖြူသေးသေးလေးတွေ အပွင့်ဖော်စီခြယ်ထားသည့် ဝတ်စုံက သူမနှင့် အထူးလှပလိုက်ဖက်နေ၏။

ပွဲတက်မည့်နေ့ မနက်ကျမှ သူက ကတ္တီပါဗူးကြီးယူလာကာ သူမကို ပစ္စည်းငှားနေ၏။ ရှေးဟောင်းစိန်များမို့ အရည်

www.burmeseclassic.com



အသွေးကောင်းမွန်ကာ တောက်ပနေသည်။

"မှန်တာပြောရရင် ကျွန်မက သူများပစ္စည်း ငှားဝတ်တာ ဝါသနာမပါဘူး၊ ဒါပေမယ့် ခုတော့ ကျွန်မအတွက် လိုအပ်မယ်ထ လို့ ရှင့်ဆီက ဒီစိန်တွေ ငှားဝတ်လိုက်မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

သူ ခပ်ပြုံးပြုံးပြောလေ၏။ မေမေသာ အနားမှာရှိလျှ "ငါ့သမီးကတော့ သူများပစ္စည်းလည်း ငှားဝတ်သေးတယ်၊ စကာ ကိုလည်း တင်တင်စီးစီး ပြောသေးတယ်"ဟု အပြစ်ဆိုဦးမလာ မသိပေ။

စိန်ထည်တွေဝတ်ပြီးချိန်မှာ အဖြူရောင်ဝတ်စုံလေးဖြ သူမအလှက မိုးပေါ်မှ လမင်းတစ်စင်းလို၊ ဖြူနုသောအသားအ အချိုးကျပြေပြစ်သော ကိုယ်ခန္ဓာတို့ဖြင့် ဖြောင့်စင်းနက်မှောင်ဖြာ နေသည့် ဆံပင်တို့ကြောင့် မြင်သူတိုင်း ငေးချင်စဖွယ်။

"မင်းသိပ်လှတာပဲ မိမိ"

"သင့်ခ်"

ဝတ်စုံပြည့်နှင့် သူမကို သူငေးစိုက်ကြည့်ကာ တစ်ခ ခြင်း ကျေနပ်စွာပြောလေ၏။ တကယ်တော့ သူကိုယ်တိုင်လည ကြွေရောင်တောက်နေသော အဖြူရောင်လည်ကတုံး ရှပ်အင်္ကျီ





မှ သက္ကလပ်အပေါ်စား အဖြူရောင်တိုက်ပုံဝတ်လျက် အဖြူဖောက် ထားသော ပိုးပုဆိုးဖြင့် အရပ်မြင့်မြင့်၊ မျက်ခုံးထူထူ၊ မျက်လုံးမျက်ခုံး ကောင်းကောင်းဖြင့် အထူးခန့်ညားချောမောနေတာပါ။

"ဒေါက်တာသော်ဇင်တို့ စုံတွဲတော့ ဘယ်လိုနေမယ်မသိ ဘူး၊ ဦးကျော်ဇေယျနဲ့ ရှင်ကတော့ နေနဲ့လ ရွှေနဲ့မြ သိပ်ကိုလိုက်ဖက် တာပဲ မိမိ"

"အို…ရှင်တို့ကလဲ"

အခဆောင်က သူငယ်ချင်းတွေ ကြိတ်ဝေဖန်တာကို မသိ ချင်ယောင်ဆောင်လျက် သူမက ဦးကျော်ဇေယျနှင့်အတူ ထွက်ခဲ့ သည်။

သူမတို့ရောက်ချိန် မင်္ဂလာဆောင်က လူအတော်စည်နေပြီ။ ချက်နှာကြီး မင်္ဂလာဆောင်မို့ တက်ရောက်သူများပြား၏။

သတို့သားနှင့် သတို့သမီးထွက်လာချိန်မှာ…

"သူတို့ကို အားမကျဘူးလား မိမိ"

သူမနားကပ်၍ ဦးကျော်ဇေယျ တိုးတိုးမေးတော့ လူကြား ထဲ မသိမသာ မျက်စောင်းထိုးမိရသေး၏။

"ကျွန်မက သူများကို အားကျတတ်တဲ့ လူမျိုးမဟုတ်ဘူး ဦးကျော်ဇေယျ"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ကိုယ်ကတော့ အားကျတယ်ဗျာ၊ အဲဒီနေ့ရ ရင် ကိုယ့်ရဲ့သတို့သမီးဟာ သိပ်ကိုလှနေမှာပဲဗျ"

"ဘယ်သူ့ကိုပြောတာလဲ"

သူမအမေးကြောင့် သူ ခပ်လွန့်လွန့်ရယ်၏။ ထို့နောက် လေသံတိုးတိုးဖြင့်…

"အခုမေးနေတဲ့ ကောင်မလေးပေါ့ဗျာ"

"ရှင်နော်"

နှုတ်ခမ်းလေးဖိကိုက်ကာ သူမကြည့်တော့ သူ ပခုံးသာ တွန့်လေ၏။ ထိုစဉ် သတို့သား သတို့သမီး သူတို့နားရောက်လာ သည်။

"ဩော်…ဦးကျော်ဇေယျနဲ့ မိမိတို့ ကကယ်ပဲ ရောက်လာ ချီးမြှင့်တာကိုး"

ဒေါက်တာသော်ဇင်က ထင်မှတ်မထားအောင် လှပနေ သော သူမကို တစ်ချက်ငေးကြည့်ပြီး မချိပြုံးဖြင့် ပြောသည်။ ဒေါက်တာချယ်ရီကတော့ နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ…

"ခုလို လာရောက်အားပေးတာ အတူးကျေးဇူးတင်ပါ ဟယ်ရှင်၊ ဦးကျော်ဇေယျနဲ့ မိမိတို့ စုံတွဲက သိပ်လိုက်ဖက်တာပဲ"

"ဒေါက်တာတို့စုံတွဲကလည်း လိုက်ဖက်ပါတယ်ဗျာ"





ဦးကျော်ဇေယျ ရယ်မောကာ ပြန်ပြောလေ၏။

"သင့်ခ်…ဦးကျော်ဇေယျ၊ မောင်ရေ ကြားတယ်နော်၊ မောင်နဲ့ချယ်ရီက လိုက်ဖက်တယ်တဲ့"

ဒေါက်တာသော်ဇင်ကို ခပ်ပြုံးပြုံးလေးကြည့်ကာ ချယ်ရီ ပြောသည်။ ကိုကိုက မချိပြုံးဖြင့်…

"ကျေးဇူးပါပဲဗျာ၊ ကဲ ကျွန်တော်တို့လည်း တခြားဝိုင်း တွေ ဆက်ပြီးဧည့်ခံလိုက်ဦးမယ်"

သူတို့ထွက်သွားမှ သူမ သက်ပြင်းကြိတ်ချနိုင်သည်။ ဦးကျော်ဇေယျက သူမကိုကြည့်ကာ

"မျက်နှာလေးပြုံးနေပါ မိမိ၊ ဒေါက်တာသော်ဇင် မျက်စိ ထဲ တစ်မျိုးမမြင်ပါစေနဲ့"

သည်တော့ သူမ သတိရလျက် နှုတ်ခမ်းပြည့်ပြည့်လေး ကို လှပစွာ ပြုံးလိုက်ရ၏။

"ဒီမင်္ဂလာပွဲမှာ သတို့သား၊ သတို့သမီးထက် ပိုလှပြီး လိုက်ဖက်တာ ဟိုအစ်ကိုကြီး အစ်မကြီး စုံတွဲပဲကွ"

"ဟုတ်တယ်နော်၊ နှစ်ယောက်လုံးက ကျက်သရေရှိရှိ ချောတာ၊ လှတာ၊ နတ်ရေးတဲ့ဖူးစာဆိုတာ ဒါပဲဖြစ်မယ်"

ချာတိတ်မတချို့က ဦးကျော်ဇေယျနှင့် သူမကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝေဖန်ကြသည်။

"ကြားလား မိမိ၊ ကိုယ်တို့ကို သူများတွေကတော်
လိုက်ဖက်တဲ့စုံတွဲလို့ ပြောနေပြီ"

"ဟုတ်လား၊ ကျွန်မတော့ မကြားလိုက်မိဘူး"

ခပ်တည်တည် သူမအပြောကြောင့် သူ ခံရခက်ဟန်
ပြုး၏။ ထို့နောက် သူမမျက်နှာကို စိုက်ကြည့်သည်။

"မိမိ နားလေးတာ ကိုယ် ခုမှပဲသိတယ်ဗျာ"

"ဘာရှင့်...ဘယ်သူက နားလေးလို့လဲ"

အမှန်တရားမပျောက်စေ့ သူမ မခံချင်စိတ်လေး
ခပ်ဆတ်ဆတ်ကြိတ်မေး၏။

"ဟောဗျာ...ခုနကပဲ သူများဝေဖန်တာ မကြားဘူးဆို

"အို...ကြားသားပဲ၊ ရှင့်အကြောင်းပါနေလို့ မကြား
ယောင်ဆောင်တာ"

"ဟောဗျာ...အဟွန်း...ဟွန်း"

သူ့အတွက်ကတော့ သူမပြောသမျှ သဘောကျမို့
သည်။ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်မို့ မျက်စောင်းထိုး
ရန်ထောင်တာကအစ ချစ်စရာကောင်းနေ၏။

မင်္ဂလာပွဲမှာ ဒေါက်တာသော်ဇင်တို့ကို နှုတ်ဆက်





...တို့ ပြန်ခဲ့သည်။

"ဒင်နာကိုလည်း ဦးကျော်ဇေယျတို့စုံတွဲ ဆက်ဆက်လာ
...ယ်နော်"

"ကောင်းပါပြီဗျာ"

ပြန်ကာနီး ချယ်ရီက အတူးမှာကြားနေသည်။ ဦးကျော်
...ယျကတော့ လူမှုရေးကောင်းသူမို့ မငြင်းပေ။

ဒေါက်တာသော်ဇင်ကတော့ လှပလွန်းနေသော သူမကို
...ကြည့်ကာ မျက်နှာပျက်ချင်ချင်။

"မောင်...မိမိကိုလည်းဖိတ်လေ"

"ဪ...အင်း ချယ်ရီဖိတ်တာ အတူတူပါပဲကွာ"

ချယ်ရီက ခပ်ငိုင်ငိုင်ဖြစ်ချင်နေသော ဒေါက်တာသော်ဇင်
... သတိပေး၏။

"အဟင်း...မိမိရေ ကြားတယ်နော်၊ မောင်က ဒီလိုပဲ
...နည်းတယ်"

"ရပါတယ် မချယ်ရီ၊ ကျွန်မအားရင် လာခဲ့ပါ့မယ်၊
...တော့ ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

ဦးကျော်ဇေယျက သူမအတွက် ကားတံခါးဖွင့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းခရီးမှာ သူမ တိတ်ဆိတ်နေသည်။

"အဟမ်း…ညနေခြောက်နာရီ ကိုယ်လာခေါ်မယ်၊ မီမီ"

"ကျွန်မ မလိုက်ချင်ဘူး"

သူမငြင်းတော့ သူမကြိုက်ဟန်ဖြင့် ကြည့်၏။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒေါက်တာသော်ဇင်တို့… က သေချာဖိတ်လိုက်တာမဟုတ်လား မီမီ"

"အို…ဒါပေမယ့်…"

"ဘာမှငြင်းမနေနဲ့ မီမီ၊ ကိုယ်ဘာမှ မဖြစ်ကြောင်း… ဒင်နာကို မီမီတက်ရမယ်"

သူက အမိန့်ထုတ်နေ၏။ တကယ်တမ်းမှာ သူမက မီ… ပွဲမျိုးတွေတက်တာ ဝါသနာမပါပေ။

"ကျွန်မကို အဲဒီစကားနဲ့ အနိုင်မယူပါနဲ့၊ ဒေါက်… သော်ဇင်နဲ့ပတ်သက်ပြီး ခုချိန် ကျွန်မရင်ထဲမှာ ဘာမှမရှိတော့ဘူး…"

"လူဆိုတာ ပတ်ဝန်းကျင်ရှိတယ် မီမီ၊ ကိုယ့်ခံစားချ… ကိုယ်သိနေလို့ မဖြစ်ဘူး၊ ပတ်ဝန်းကျင်က ယုံအောင်သက်သေ… တယ်၊ ဒါကြောင့် မင်းကို ဒင်နာတက်ဖို့ ကိုယ်ပြောနေတာ မီ…"

သူမထက်စာလျှင် ဦးကျော်ဇေယျဟာ အသက်အရွ… သာမက ဘဝအတွေ့အကြုံပါများသူမို့ သူ့စကား ခေါင်းညိတ်လို…





…၏။

"ကဲ…ကဲ ရှင်ပဲ ကျွန်မကို အမိန့်တွေပေးတော့ ဦးကျော်ဇေယျ"

စူအောင့်အောင့်လေး သူမပြောတော့ သူ ခပ်လွလွနှင့်ရယ် …၏။

"အဟွန်း…မင်းအတွက်ပါ ကလေးမရယ်"

"အဓိက ရှင့်စိတ်ထဲ သံသယရှင်းချင်တာမဟုတ်လား"

သူ့ဘက်လှည့်ကာ သူမ ဆတ်ခနဲမေးလိုက်၏။ သူ့ …ခုံးတွန့်ခနဲဖြစ်လျက်…

"ဘယ်နှယ့်ကြောင့် ကိုယ့်ကို စွပ်စွဲရက်လား မီမီ"

"အို…ရည်းစားပျက်မတစ်ယောက်ကို တကယ်တမ်းမှာ …လက်ထပ်ဖို့ စိတ်မရှင်းဘူးမဟုတ်လား"

"ကျွိ"

"အမေ့"

ခပ်စွာစွာလေး သူမစကားအဆုံး သူက ကားကို လမ်း …သစ်ပင်ရိပ်အောက် ထိုးရပ်လိုက်၏။

"ဒါဘာလုပ်တာလဲ ဦးကျော်ဇေယျ"

"မင်းစကားကြောင့်လေ၊ ကိုယ့်ကို ဘယ်လိုလူထ…

www.burmeseclassic.com



လဲ၊ ဒီမှာ ကိုယ်ကချစ်မိရင် ရည်းစားတစ်ယောက်ပျက်မဖြေ ကလေးဆယ်ယောက်အမေလည်း လက်ထပ်ယူမှာဗျ၊ ခုတေ မင်းက ကိုယ့်အချစ်ကို သိပ်စော်ကားတယ် မိမိ၊ ဒီလောက် မယုံရင် ခုပဲ မင်းနဲ့ကိုယ် လက်ထပ်ကြမယ်"

"အို…ရှင်နော်"

မျက်နှာကြီးတည်ကာ သူပြောတော့ တကယ်လုပ်မ သူ့ဟန်ကြောင့် သူမ ခပ်ရှုံ့ရှုံ့လေးဖြစ်သွား၏။ ဘာကြောင့်မှ စိန်ခေါ်စေမယ့်စကား သူမပြောလိုက်ရတာပါလိမ့်။





ဒေါက်တာ သော်ဇင်နှင့် ဒေါက်တာချယ်ရီတို့၏ ဒင်နာပွဲ ကို အီတလီပိုးသားပျော့အနက်ရောင် လက်ပြတ်မက်ဆီဂါဝန်ရှည် ရှည်ဖြင့် သူမတက်ရောက်၏။ ဖြူနုသော အသားအရေကြောင့် အနက်ရောင်မှာ ထင်ပေါ်လျက် နက်မှောင်သောဆံပင်ရှည်များ ဖြန့်ချ ထာ စိန်နားဆွဲတစ်ခုတည်းသာ ဝတ်ထားသည်။

"မင်းရဲ့အလှဟာ မနက်တုန်းကတော့ မဟာဆန်ဆန်နဲ့ တစ်မျိုးကျက်သရေရှိသလို ခုလိုကြတော့လည်း နုပျိုသစ်လွင်တဲ့ ညအလှနတ်သမီးတစ်ပါးပဲ မိမိ"

သူကိုယ်တိုင်က အနောက်တိုင်းဝတ်စုံဖြင့် ချောမောခန့် ညားသော ဦးကျော်ဇေယျက သူမကိုပြုံးကြည့်၍ ပြောသည်။

"ကျွန်မ ဒင်နာမှာ ခဏပဲနေမယ်နော် ဦးကျော်ဇေယျ"

"ကလေးမဆန်စမ်းပါနဲ့ကွာ၊ အခြေအနေအရပေါ့ မိမိ"

သူ့ထံက မျော့တော့လတ်ဆတ်သော ရနံ့ သင်းပျံ့နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒင်နာပွဲမှာ လူငယ်တွေလောက်ဖိတ်တာမို့ အားလုံးနောက်ဆုံးပေါ် ဒီဇိုင်းတွေနှင့် ခေတ်ရေစီးကိုပြေးနေ၏။ သည်ထဲမှာ သူမက မရိုးမဆန်းလေးနှင့် အလှဆုံး။

"ဟော…ဦးကျော်ဇေယျတို့ ကြွပါရှင်၊ ကြွပါ၊ မောင်ရေ ဒီမှာ မိမိတို့လာတယ်"

"ဩော်…ဦးကျော်ဇေယျနဲ့ မိမိ"

ယခုတော့ သတို့သား သတို့သမီးတွေသည် အနောက်တိုင်းဝတ်စုံဖြင့် ဖြစ်ကုန်ပြီ။ ချယ်ရီက ကြိုးတစ်လုံး လက်ပြတ်ဂါဝန်နှင့် ဆံပင်များကို တွန့်လိမ်ထား၏။

"အဟင်း…မိမိတို့ကတော့ ဘယ်အချိန်ကြည့်ကြည့် လှနေတာပဲနော်"

"မချယ်ရီကိုတော့ မမီပါဘူးရှင်"

အမျိုးသားနှစ်ယောက်က ဟန်ဆောင်ပြုံးဖြင့် လက်ဆွဲနှုတ်ဆက်ကြ၏။ ကိုကို့မျက်လုံးတွေက သူမထံ ဖျတ်ခနဲရောက်လာသည်။ ကိုကို့မျက်ဝန်းမှာ သူမကို နမြောရိပ်တွေ။ အဟင်း…ရှုံးနောင်တရနေသလား ကိုကို။

"ကျွန်တော်တို့ရဲ့ မင်္ဂလာပွဲကို မနက်ဖက်၊ ညဘက်တွေပါ တက်ကြွစွာ လာရောက်ချီးမြှင့်တဲ့ ဒီက ဦးကျော်ဇေယျနဲ့ မိမိတို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"အဟွန်း…ဒါပြောစရာမလိုပါဘူးဗျာ၊ ကျွန်တော်တို့က မိတ်ဆွေရင်းတွေပဲ ဒေါက်တာ၊ မဟုတ်ဘူးလား မိမိ"

ဦးကျော်ဇေယျက သူမဘက်လှည့်ကာပြုံး၍ မေး၏။ သူမပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်မတို့ကို ကျေးဇူးတင်စရာမလိုပါဘူး"

"ကဲ…မောင်ရေ ဒီလိုဆို ဦးကျော်ဇေယျနဲ့ မိမိတို့ အလှည့်ကျရင်လည်း မောင်နဲ့ချယ်ရီ သေချာသွားဂုဏ်ပြုစို့"

ဒေါက်တာချယ်ရီ ဝင်ပြောတော့ ဦးကျော်ဇေယျမျက်နှာပြုံးနိုင်သလောက် သူမကတော့ မျက်နှာလေး မသိမသာရဲကာ ခေါင်းငုံ့သွားရ၏။ ကိုကို့အပြုံးသည် မဲ့နေသယောင်ပါ။

ဒင်နာပွဲမှာ ဂီတသံများ စကားပြောသံ၊ ဆူညံရယ်မောသံများ၊ ပုလင်းသံ၊ ဖန်းသံများဖြင့် လွှမ်းမိုးနေ၏။

"သတို့သားနဲ့ သတို့သမီးကို ဂုဏ်ပြုတဲ့အနေနဲ့ ခွက်မြှောက်ကြစို့"

ဖန်ခွက်ချင်းထိသံတွေ ရယ်မောသံတွေ။ သူမအတွက် ခေါင်းထဲ နောက်ကျိစရာ။

www.burmeseclassic.com



"မိမိက ဦးကျော်ဓေယျလို ဝုဏ်သိက္ခာရှိပြီး ဟိုက်ဘော့စ် ကိုရတာ၊ တကယ်ကံကောင်းတာပဲ၊ အဟင်း"

လှုတွေအလယ်မှာ ဒေါက်တာချယ်ရီက သူမနားကပ်ပြော တာမို့ အံ့သြသွားရ၏။

"မချယ်ရီအတွက်လည်း ဒေါက်တာ သော်ဇင်ဏ အကောင်းဆုံးမဟုတ်လား"

"အဟင်း…အလကားပါကွာ၊ သူက လူပျော့အခွံကြီး"

"ဟင်"

လက်ထပ်တာ တစ်ရက်ပင်မပြည့်သေးပေ။ ချယ်ရီနှုတ် များက ဒီစကားမျိုးထွက်တာ အံ့သြစရာပါလား။

ကိုကိုတော့ ချယ်ရီအပေါ် ဘယ်လိုနားလည်သဘော ပေါက်ထားပါလိမ့်။

"ဦးကျော်ဓေယျကတော့ သိပ်ကံကောင်းတယ်ဗျာ၊ မိမိုး လို အချောအလှထိပ်တင် မိန်းကလေးကို ဇနီးလောင်းရထားတာ"

"ဟုတ်တယ်ဗျို့၊ တကယ်အားကျစရာပဲဗျ"

ဒင်နာပွဲမှာ ဦးကျော်ဓေယျ မိတ်ဆွေတချို့နှင့်လည်း တွေ့ကာ သူမတို့ကို ဝိုင်းချီးကျူးနေသည်။ ကိုကိုက သူမကို မကြာခဏကြည့်ပြီး မျက်နှာပျက်နေ၏။





"မိမိ ခဏ"

"ဟင်…ဘာလဲ"

သူများတွေအလယ်မှာ ကိုကိုက သူမကို လှုရှင်းသော နေရာ ခေါ်သွားသည်။

"ဘာပြောမလို့လဲ ဒေါက်တာ"

"ကိုကိုမေးတယ်၊ မှန်မှန်ဖြေပါ မိမိ၊ ဦးကျော်ဓေယျကို ခင်းတကယ်လက်ထပ်တော့မှာလား"

"သြော်…အဟင်း ဘာများလဲလို့ရှင်၊ ဒေါက်တာတောင် လက်ထပ်ပြီးပြီပဲ၊ ကျွန်မလက်ထပ်မှာ ဘာဆန်းလဲရှင်"

ခပ်မဲ့မဲ့လေးပြုံးကာ [illegible]ပြောတော့ ကိုကို သက်ပြင်းချ၍ ခေါင်းခါယမ်းသည်။

"မဟုတ်ဘူး၊ ခင်းတကယ်တော့ ဦးကျော်ဓေယျကို မချစ်ဘူး၊ သူ့ရဲ့ပိုင်ဆိုင်မှုတွေနဲ့ ဂုဏ်ကိုမက်လို့ မဟုတ်လား မိမိ"

"ဘာ"

ရုတ်တရက် ထိုစကားက သူမကို ဓော်ကားသလိုလိုပါပဲ။ သို့သော် သွေးအေးအေးဖြင့် ကိုကို့အား တုံ့ပြန်ဖို့ ကြိုးစား၏။

"အဟင်း…ဒေါက်တာပြောတာ ဖြစ်နိုင်ပါတယ်၊ နေပါဦး ဒေါက်တာကော မချယ်ရီကို ဘာအတွက် လက်ထပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်၊ အချစ်ကြောင့်တော့ မဟုတ်ပါဘူးနော်"

ထိုအမေးကြောင့် ကိုကိုမျက်နှာ အကြီးအကျယ် ပျက်သွားသည်။ ပြီးတော့ သူမကိုတောင်းပန်သလိုကြည့်၏။

"မိမိ…ကိုကို့အပေါ် စိတ်နာပြီး အရွဲ့မတိုက်ပါနဲ့၊ ကိုကို လေ မချစ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်မိလို့ နောင်တရနေပါပြီ"

ကျွတ်…ကျွတ် သနားစရာကိုကိုပါလား။ သူမ ဖြည်းညှင်းစွာ ခေါင်းခါယမ်းလိုက်၏။

"ဒေါက်တာလို့ နောင်ဆာမျိုး ကျွန်မလည်း ရှုကြည့်ချင်တယ်"

"မိမိ"

သူမအဖြေဆုံးမှာ ကိုကို မခံနိုင်သလိုအော်၏။ ကိုကို့ မျက်နှာနီနေပြီ။ ထိုစဉ်ခြေသံတွေ ကြား၍ လှည့်ကြည့်တော့ ဦးကျော်ဖေယျနှင့် ချယ်ရီ။

"ကြည့်စမ်း…မောင်တို့ပျောက်သွားလို့ ချယ်ရီတို့ လိုက်ရှာတာ၊ ဒီရောက်နေကြတာကိုး"

"ဪ…ဟို မိမိက ခေါင်းမူးတယ်ဆိုလို့ ဒီခေါ်လာတာပါ ချယ်ရီ"





ကြည့်စမ်း…ကိုကိုဟာ သတ္တိမရှိတဲ့လူပါလား။ ချယ်ရီ ကွယ်ရာမှာ စိတ်ပျက်ဟန်ဆောင်ပြီး ရှေ့မှာတော့ မျက်နှာလုပ်တဲ့လူ။

ဦးကျော်ဖေယျက သူမပခုံးလာဖက်၏။

"အပွန်း…မိမိရယ် ခေါင်းမူးတာ ကိုယ့်ကိုဘာလို့ မပြောတာလဲ၊ ဒေါက်တာအလုပ်ရှုပ်အောင်၊ သင့်ခ် ဒေါက်တာ"

"ရပါတယ် ဦးကျော်ဖေယျ"

"ကဲ…မောင် ဟိုမှာဧည့်သည်တွေ စောင့်နေတယ်၊ ဪ မိမိသက်သာရဲ့လား၊ ဆေးယူပေးရဦးမလားဟင်"

ချယ်ရီက သူမဘက် တစ်ခါတည်းလှည့်ကြည့်မေးသည်။ သူမ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း…ရပါတယ်၊ ကျွန်မတို့လည်း ခုပဲပြန်တော့မယ်"

"ဟုတ်တယ် ဒေါက်တာ၊ မိမိက လူစည်ကားရင် ဒီလို မူးတတ်လို့ ကျွန်တော်တို့စောစောပြန်မယ်"

"ကောင်းပါပြီရှင်"

သူမတို့နှုတ်ဆက်ပြီး ထွက်ခဲ့၏။ အပြန်ခရီးမှာ ညလေ အေးအေးကြောင့် ခေါင်းထဲအနည်းငယ်ကြည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇေယျက ကားကို ကန်တော်ကြီးစောင်းတွင် ရပ်၏။

"လေညှင်းခံဖို့ ဆင်းပါဦး မိမိ"

"ဟင့်အင်း. . .ကျွန်မနားချင်ပြီ ဦးကျော်ဇေယျ"

တည်ငြိမ်သော မျက်ဝန်းများဖြင့် သူက သူမကိုကြည့်လာသည်။

"ဒေါက်တာသော်ဇင်နဲ့ ပတ်သက်ပြီး မင်းမှာ ဘာခံစားချက်မှ မရှိတော့ဘူးဆို"

"ဟုတ်တယ်လေ၊ ကျွန်မ ပြောခဲ့တာပဲ"

"အဟွန်း. . .ဒီလိုဆို ကိုယ့်စကားကို ထိန်းသိမ်းသင့်တာပေါ့ မိမိ၊ ခုတော့ ဒေါက်တာသော်ဇင်နဲ့ နှစ်ယောက်တည်း"

သူမကိုယ်လေး မတ်ခနဲဖြစ်သွား၏။

"ရှင်ဘာကိုဆိုလိုတာလဲ ဦးကျော်ဇေယျ"

"ချယ်ရီသာ တစ်မျိုးထင်သွားရင် မင်းအတွက် မကောင်းဘူးလို့ ပြောတာပါ မိမိ"

စောစောက တက်နေသော ဒေါသရှိန်လေးလျော့သွားသည်။ ထို့နောက် သူနှင့် မျက်လုံးချင်းဆုံလိုက်၏။

"ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ် ဦးကျော်ဇေယျ





လောလောဆယ်တော့ ကျွန်မ အနားယူချင်တယ်"

"အိုကေ"

ထိုနေရာမှ သူချက်ချင်း ကားမောင်းထွက်ခဲ့၏။ အဆောင်ဖြန့်ရောက်တဲ့အထိ သူ့ထံက စကားတစ်လုံးမှ မကြားရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒင်နာပွဲနောက်ပိုင်းမှစကာ ဦးကျော်ဇေယျကို သူမ အဆင်
ပြတ်သွား၏။ သူကလည်း ပေးထားသည့်ကတိတည့်သလားမသိ
သူမကို ဖုန်းလေးပင်တစ်ချက်မှဆက်တော့။

"ဘယ်လိုဖြစ်တာလဲ မီမီ၊ ရှင့်လူကြီးနဲ့ ရှင်စိတ်ကောက်
နေကြသလား"

သူမလာတာ ကြာ၍ သူငယ်ချင်းတွေကပင် သူမ
စိတ်ဝင်စားစွာ မေးနေကြပြီ။ ယခုချိန်ကြမှတော့ ဦးကျော်ဇေယျ
သူမနဲ့ဘာမှမဆိုင်ပါဘူးဟု ပြောရမှာလား။ သူကိုယုံမည်မထင်
"သူက အလုပ်များလို့ပါ"

မခိုင်မာသော အကြောင်းပြချက် ပေးလိုက်ရ၏။ စိတ်
ကတော့ တွေ့လျှင်ချစ်ကြောင်း၊ လွမ်းကြောင်း ပြောတတ်
ကွယ်တာနှင့် မေ့လွယ်သော ယောကျ်ားတွေပါလားဟု တွေး
သည်။

ထိုနေ့က ထိုက်ဆိုင်စွာပင်





"မမီမီဦးအတွက် ဒါတွေပို့ခိုင်းလိုက်ပါတယ်"

"ဘယ်သူကလဲ"

"ကျွန်တော်တို့သူဌေးကပါ"

ပန်းခြင်းနှင့် စားစရာသောက်စရာတွေ။ ပန်းခြင်းမှာ စာပါ
သာ၏။

*မီမီအတွက်*

*အစဉ်မြဲသတိရနေတဲ့*

*ကို*

အောက်မှာလက်မှတ်သည် ကျော်ဇေယျတဲ့။ သူငယ်ချင်း
တွေအားလုံး ရှိုးရှိုးရှဲရှဲရောက်လာတာမို့ သူမ မျက်နှာပွင့်သွားတာအမှန်။

"ဟယ်…ပန်းတွေကလည်း လှလိုက်တာနော်"

"တန်ဖိုးကြီးတဲ့ သဇင်နဲ့ သစ်ခွတွေချည်းပဲ"

"စားစရာသောက်စရာတွေကလည်း အများကြီး၊ မီမီတို့
တော့ တကယ်ကံကောင်းတယ်"

များပြားလှသော စားစရာတွေကို သူမ သူငယ်ချင်းများ
အား ခွဲဝေကျွေးလိုက်၏။ မုန့်ဘူး၊ ကိတ်မုန့်မျိုး၊ အသီးအနှံ ဖျော်ရည်
များ၊ အချဉ်ထုပ်ကအစပါ၏။

"ဦးကျော်ဇေယျက ရှင့်ကို တော်တော်ချစ်တာပဲနော်၊



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်ဂရုစိုက်တယ်"

"မိန်းကလေးတစ်ယောက် ကံကောင်းခြင်းဆို
ယောက်ျား ဒါမှမဟုတ် ချစ်သူရဲ့ ကြင်နာစွာ ဂရုစိုက်ခြင်းပဲကွယ်

ထိုည သူမထံဖုန်းလာသည်။ ဦးကျော်ဇေယျဆက်တ

"ဟဲလို"

"ကိုယ်ပါ မိမိ"

"ဪ"

အောင်မြင်ကာ ကြည်လင်သော သူ့အသံက နားမထေ
ရတာ ကြာလို့လားမသိ ကောင်းနေ၏။

"နေ့လယ်က ကိုယ်ပို့လိုက်တဲ့ပစ္စည်းတွေ ရလား"

"အင်း"

"မိမိ ဘာဖြစ်နေတာလဲ၊ ကိုယ်မလာလို့ စိတ်ကော
တာလားဟင်"

ကြည့်စမ်း…သူမရင်ထဲကို သူ လှမ်းမြင်နေရပါလ

"ဟင့်အင်း…ကျွန်မက စိတ်ကောက်ရအောင်
ကျွန်မက ဘာဆိုင်လို့လဲ ဦးကျော်ဇေယျ"

"အဟွန်း…အဲဒါကိုက ကိုယ့်ကို စိတ်ကောက်လို့
တာပဲ၊ ကိုယ်က လာချင်ပါတယ်ဗျာ၊ ဒါပေမယ့် မိမိက စာ





မှာ အနှောင့်အယှက်မဖြစ်ချင်ဘူးဆို၊ ကိုယ့်ကြောင့် မိမိ စာကျက်
ပျက်မှာစိုးလို့လေ၊ နောက်တစ်ခုက အန်ကယ်တို့တိုက်ကို ကိုယ်ပဲ
ကြီးကြပ်ဆောက်နေတော့ ဘယ်လိုမှမအားဘူး"

သည်တော့မှ သူမတို့ တိုက်ဆောက်တာ သတိရ၏။
သူလုပ်နေတာ သူမတို့ကိစ္စပဲ။

"တိုက်ဆောက်တာ ပြီးပြီလား"

"အဟား…ဟား မိမိရယ်၊ တိုက်တစ်လုံးဆောက်တာ
ဒီလောက်အချိန်လေးနဲ့ ဘယ်ပြီးပါ့မလဲ၊ ဒါပေမယ့် မိမိ စာမေးပွဲ
ဖြေပြီးတဲ့အချိန် ပြီးမှာပါ"

"ကျွန်မ လာကြည့်ဖို့ လိုသလားဟင်"

ဖေဖေပေးခဲ့သော တာဝန်ကို သတိရကာ သူမမေးသည်။

"မှန်တာပြောရရင် မိမိကို လာခေါ်ချင်တာပဲ၊ ဒါပေမယ့်
စာမေးပွဲက နီးတော့ မိမိ စာကျက်ပျက်ပါ့မယ်၊ စာမေးပွဲပြီးမှ
ကိုယ်လာခေါ်မယ်၊ အောင်မယ်မဟုတ်လား"

"အင်း"

မိဘတွေကို ကတိပေးထားတာမို့ ဒီနှစ် သူမစာမေးပွဲ
အောင်ဖို့လိုသည်။ ထို့ကြောင့် ဝါသနာပါသော စာရေးခြင်းအလုပ်
ကို သူမ ခဏရပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"မိမိ စာမေးပွဲအောင်ရင် ကြိုက်တာပြော၊ ကိုယ်ဆု
မယ်"

"တကယ်လား၊ ကျွန်မ ၄ ကယ့်တောင်းမှ ဦးကျေ
ဇေယျ မပေးနိုင်ဘဲဖြစ်မယ်"

"အဟွန်း…တောင်းမှာသာ တောင်းပါဗျာ၊ ကိုယ်ပေး
အောင် ကြိုးစားမှာပေါ့ မိမိ"

သူကတော့ သူမတောင်းဆိုလျှင် ဘာမဆို လိုက်လျေ
မည့်ဟန်။ ဒီလိုလူတစ်ယောက် သူမနားရှိတာလည်း တစ်မျိုးကော
တာပါပဲ။

"ဒါပဲနော်…ဦးကျော်ဇေယျပေးထားတဲ့ ကတိ နော
မဖျက်ရဘူး"

"စိတ်ချပါဗျာ"

သေချာစွာ သူကတိပေးနေတာမို့ သူမကျေနပ်သွား
သူမ မျက်စိထဲ ဦးကျော်ဇေယျ ဆွဲထားသော သူမ၏ပုံတူပ
ကားချပ်ကို ဖျတ်ခနဲ မြင်ယောင်မိသည်။

"ဒီပုံက ကိုယ့်အသည်းနှလုံးနဲ့ ရင်းပြီးဆွဲထားတာ
ဘယ်သူမှ မပေးနိုင်ဘူး မိမိ"

ထိုပန်းချီကားတောင်းစဉ် လေးနက်စွာ သူငြင်းခဲ့





အမှတ်ရ၏။

ကျွန်မတောင်းမှာ အဲဒီပန်းချီကားဆိုရင် ဦးကျော်ဇေယျ
ပေးမှာတဲ့လား။

"မိမိ"

"ရှင်"

သူမအသံတိတ်သွားတာမို့ သူခေါ်တော့ ယောင်ရမ်းကာ
ထူးမိ၏။ သူသဘောကျစွာရယ်သည်။

"ထူးပုံလေးက ချစ်စရာကောင်းလိုက်တာ ကလေးရယ်"

"အို…ဒီကယောင်လို့"

"နောက်ကို ကိုယ်ခေါ်တိုင်း အဲဒီလို ထူးရမယ်နော် မိမိ"

"ဟင့်အင်း"

ဘာကြောင့်မှန်းမသိ သူ့ကို ဆန့်ကျင်ပြောရတာကိုပဲ သူမ
ကျေနပ်နေသည်။

"ကြည့်…ဒီကောင်မလေး လိမ္မာပါတယ်ဆိုမှကွာ"

"ကျွန်မက မိုက်ချင်တယ်ရှင်"

"အင်း…ဒါဆို နောက်တစ်ခါ မုန့်မပို့တော့ဘူး"

ကလေးတစ်ယောက်လို ခြိမ်းခြောက်တာမို့ သူမရယ်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဒါဘာသဘောပဲကော၊ အခုပဲ အဆောင်သူ တွေက သူတို့မုန့်တွေ စားရလို့ ဦးကျော်ဇေယျကို ဆုတောင်းပေး နေကြတာ"

"ဘာတဲ့လဲ ကိုကိုနဲ့မိမိ အမြန်ဆုံး လက်ထပ်ဖြစ်ပါစေ တဲ့လားဟင်"

"ဦးကျော်ဇေယျနော်"

"ဗျာ"

တစ်ဖက်မှာ သူက နောက်နေတာမို့ သူမပြုံးမိရသည်။

"ဘာကြောင့် ရှင်ဒီနေ့ အူမြူးနေတာလဲ ဦးကျော်ဇေယျ အချစ်ဟောင်းကို ပြန်တွေ့လို့လား"

"အဟွန်း…မဟုတ်ပါဘူးဗျာ၊ အချစ်သစ်နဲ့ စကားပြော နေရလို့"

"ဘာ…ဘယ်သူက အချစ်သစ်လဲ ဦးကျော်ဇေယျ"

သူမ စိတ်ဆိုးဟန်လေး မေးတော့ သူချော့လေ၏။

"အချစ်သစ်ဆိုတာ မိမိလေ"

"ကြည့်စမ်း…ဒါဆို ရှင့်မှာ တကယ်ပဲ အချစ်ဟောင်း ရှိခဲ့တယ်ပေါ့လေ"

"ဟာ…မဟုတ်ဘူး၊ အချစ်ဟောင်းကော အချစ်သစ်





…ာ မိမိတစ်ယောက်တည်း"

"တော်ပြီ"

သူမစိတ်ဆိုးကာ ဖုန်းချပစ်လိုက်၏။ နောက်ထပ် သူဖုန်း …ါပေမယ့် မကိုင်တော့ပေ။

မကြာပါ၊ သူသည်ညအချိန်ကို ဂရုမစိုက်နိုင်ဘဲ သူမ …ဆောင်ရှေ့ ကားဖြင့်ရောက်လာ၏။

"ဟယ်…မိမိ ဟိုမှာရှင့်လူကြီး"

"ဟင်"

သူတကယ်ရောက်လာတာကိုပဲ သူမ အံ့ဩမိ၏။ ပြတင်း …ါက်မှ လှမ်းကြည့်တော့ သူ လက်လှမ်းပြသည်။

"ဆင်းတွေ့လိုက်ပါလား မိမိ"

"အို…ဒီအချိန်ကြီး"

"အဆောင်မှူး အိပ်နေပါပြီ၊ သွားပါဟယ်"

သူငယ်ချင်းတွေက ဖွတ်တွန်းလွှတ်၏။ အနွေးထည်ပါး …ထက်ကာ သူမဆင်းခဲ့သည်။

"ဘာလို့ လိုက်လာတာလဲ"

မျက်နှာချင်းဆိုင်တွေ့တာနှင့် သူ့ကို မျက်စောင်းလေးထိုး …ာ မေးမိ၏။ သူပြုံးကာ…



www.burmeseclassic.com

www.burmeseclassic.com



""မီမီ စိတ်ကောက်မှာစိုးလို့""

""စိတ်ကောက်ရအောင် ရှင်နဲ့ကျွန်မက...""

""ဒီလိုလေ""

""အို...ရှင်""

ဖျတ်ခနဲ သူမကိုယ်လေး ရင်ခွင်ထဲဆွဲယူကာ ပါးပြင်မို့လေးကို နမ်းလိုက်တဲ့အချိန် စောစောက မီးလင်းနေသော ပြတင်းပေါက် ပိတ်သွားလေ၏။

""ရှင်...လူဆိုး""

ထိုတစ်ခွန်းသာပြောပြီး သူမ ချာခနဲ လှည့်ပြေးခဲ့လေသည်။ ပါးပြင်နုနုလေးမှာ သူ့အနမ်းတို့စွန်းပေခဲ့ပြီ။





သုံးလဆိုသော အချိန်သည် သူမအတွက် ဘယ်လိုကုန်သွားမှန်း မသိပေ။ စာမေးပွဲပြီးချိန်မှာ သူမကို ကြိုနေသူက ဦးကျော်ဇေယျ။

""ဟင်...ဦးကျော်ဇေယျ""

""ဘယ်လိုလဲ မီမီ၊ စာမေးပွဲဖြေနိုင်ရဲ့လား""

""ရှင်၊ ဟုတ်ကဲ့""

သူက သူမအတွက် ကားတံခါးဖွင့်ပေး၏။

""ဘယ်သွားမလို့လဲ""

""မီမီကို အထူးဧည့်ခံမလို့လေ""

နောက်ထပ် သူမဘာမှမမေးဘဲ သူနှင့်လိုက်ခဲ့သည်။ ဝင်ပန်းခဲ့သော စာမေးပွဲရက်တွေ ကုန်ခဲ့ပြီ။ ကားထဲမှာ အဲယားကွန်းက အေးစိမ့်နေ၏။

""စာတွေကျက်ရလို့ ထင်တယ်၊ မီမီ မျက်နှာလေး နည်းနည်းချောင်သွားတယ်""



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

သူခေါင်းညိတ်သည်။

"မိမိ ဗိုက်ဆာနေရောပေါ့"

"အင်း"

"အဟွန်း…မပူနဲ့ဗျာ၊ မိမိကို စပါယ်ရှယ်လက်ရာ ကျွေးမှာ"

"ဘယ်မှာလဲ ဦးကျော်ဖေယျ"

အမှန်မှာ သူမ စာမေးပွဲရက်တွေက အစားမမှန်ခဲ့ပေ။ ထို့ကြောင့် ယခုအချိန်မှာ အရသာရှိကာ ပူနွေးသော စားစရာရချင်သည်။ သူမမေးတော့ သူပြုံး၏။

"ရောက်တော့သိမှာပေါ့ မိမိ"

"ဦးကျော်ဖေယျက လျှို့ဝှက်လိုက်တာ"

သူမက ဟိုတယ်တစ်ခုခုဟု ထင်ခဲ့၏။ သို့သော် သူကား ရပ်ပေါ့ခိုက်ချိန်မှာတော့…

"ရောက်ပြီ မိမိ"

"အို…ဒါ"

"သမီး"

"ဟင်…မေမေ"





အသစ်စက်စက် လှပစွာဆောက်လုပ်ပြီးသွားသည့် သူမ တို့တိုက်ရှိရာသို့ သူခေါ်လာခြင်းပါလား။ သူမကို အကြောင်းမကြား ဘဲ မေမေရောက်နေတာမို့ အံ့ဩဝမ်းသာသွားရ၏။

"စာမေးပွဲဖြေနိုင်ရဲ့လားသမီး"

"ဟုတ်ကဲ့ မေမေ၊ ဒါနဲ့ မေမေတစ်ယောက်တည်းလား"

"အဟင်း…သမီးဖေဖေလည်းပါတယ်၊ အခု ရုံးချုပ်သွား နေတယ်"

"သြော်"

သူမက ဦးကျော်ဖေယျကို ကြည့်လိုက်သည်။

"လမ်းမှာ မေမေရောက်နေတာ ဘာကြောင့်မပြောတာ လဲဟင် ဦးကျော်ဖေယျ"

"အဟွန်း…အဲဒါ မိမိ အံ့ဩသွားအောင်လို့ဗျ"

"ဟုတ်တယ် သမီး၊ ဒီတိုက်ပြီးလို့ မေမေတို့လာကြည့် တာ၊ မောင်ကျော်ဖေယျပဲ အကြောင်းကြားတာလေ"

"ကဲ…မိမိ ကိုယ်ဆောက်ပေးတဲ့ သဘောကျရဲ့လား ကြည့်ပါဦး"

သည်တော့မှ သစ်လွင်လှပသော တိုက်လေးကို သူမ သေသေချာချာ ကြည့်မိ၏။ အိမ်ထောင်ပရိဘောဂ စုံလင်စွာနဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သိမ်လှတာပဲ၊ ဒါနဲ့ ဒီပန်းစည်းတွေက"

ခေတ်မီလှပသော အိမ်ထောင်ပရိဘောဂများကိုကြည့်ပြီး သူမမေးတော့ မေမေနှင့် ဦးကျော်ဇေယျ ပြုံးသည်။

"ဒါတွေအားလုံး မေမေနဲ့ မောင်ကျော်ဇေယျ တိုင်ပင် စီစဉ်ခဲ့တာပဲ"

"ဟင်…မေမေက သမီးကို ဘာလို့အသိမပေးတာလဲ"

"ဪ…သမီးက စာမေးပွဲတစ်ဖက်နဲ့ မဟုတ်လား ဒါကြောင့် အနှောင့်အယှက် မပေးစေချင်လို့လေ"

ဒါလည်းဟုတ်တာပဲဟု သူမတွေးမိ၏။ အချိန်တိုတို အတွင်း ဒီလောက်လှတဲ့ တိုက်လေးကို ဆောက်ပေးသည့် ဦးကျော်ဇေယျကို ကျေးဇူးတင်မိ၏။

"ဒီတိုက်လေး ဆောက်ပေးတဲ့အတွက် ဦးကျော်ဇေယျကို ကျေးဇူးတင်ပါတယ်"

"အဟွန်း…မလိုပါဘူးဗျာ၊ မိမိကြိုက်ရင် ပြီးတာပါပဲ"

ထိုစကားကြောင့် သူမမျက်နှာလေး နီချင်ချင်၊ မေမေ ပြုံးကာ…

"မောင်ကျော်ဇေယျက မေမေတို့အပေါ် သိပ်စေတနာ ထားတာ၊ ဒီတိုက်ကို သူကိုယ်တိုင်ကြီးကြပ်ဆောက်လို့ ခုလောင်





မြန်မြန်နဲ့ လှလှပပပြီးသွားတာ သမီး"

"ဒီလောက်လည်းမဟုတ်ပါဘူး အန်တီ"

"ဘယ်နှယ့်မဟုတ်ရမှာလဲ မောင်ကျော်ဇေယျ၊ မင်း အန်ကယ်က ချီးကျူးနေတာ၊ ဟော…ပြောရင်း ဟိုမှာ မင်းအန်ကယ်ပြန်လာပြီ"

သူမတို့ကြည့်လိုက်တော့ ကားပေါ်မှဆင်းလာသည့် ဖေဖေ။ သူမပြေး၍ ဖေဖေ့ကို ကြိုလိုက်၏။

"ဖေဖေ"

"ဟော…သမီး စာမေးပွဲဖြေနိုင်ရဲ့လားကွ"

"ဟုတ်ကဲ့ဖေဖေ"

"ကဲ…ကဲ အဖေကြီး ခဏနားပြီးရင် မိသားစုအားလုံး ထမင်းစားဖို့ ကျွန်မ ပြင်လိုက်ဦးမယ်"

မီးဖိုထဲက ဟင်းရနံ့က အပြင်မှာမွှေးလို့။ ဦးကျော်ဇေယျ က ပြုံးကာ သူမနားကပ်၍ ခပ်တိုးတိုးပြောသည်။

"ကိုယ်ပြောတဲ့ အထူးစပါယ်ရှယ်ဆိုတာ အန်တီလက်ရာ လေ မိမိ"

"အဲဒါအမှန်ပဲ မေမေ၊ မိလည်း ကူလုပ်ပေးမယ်"

သန့်ရှင်းလှပကာ ကျယ်ပြန့်သော ထမင်းစားခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လူခြောက်ယောက်စာ စားပွဲဝိုင်းကအသင့်။

"ဟင်းတွေမွှေးနေတာပဲ မေမေ၊ ဘာဟင်းတွေလဲ"

"သမီးဖေဖေအကြိုက် ဘဲသားပေါင်း၊ သမီးအကြိုက်ဖ ပုဇွန်တုပ်ကြီးပြုတ်ပြီး သုပ်ထားတယ်၊ ဆိတ်ကလီဇာချက်၊ ကြက်သားကိုပဲနဲ့ချက်တယ်၊ ဗလာချောင်ကြော်၊ သရက်ချဉ်သနပ် ဆယ့်နှစ်မျိုးဟင်းချိုကွယ့်"

"ဟာ…ဟင်းတွေကို စုံနေပာပဲ၊ သမီးတောင် ဗိုက်ဆ လာပြီ မေမေ"

"ဒါကြောင့် မေမေ အများကြီးချက်ထားတာပေါ့ကွယ်"

ထမင်းပွဲပြင်ပြီးတာနှင့် ဖေဖေနဲ့ ဦးကျော်ဇေယျာ သွားခေါ်၏။

"မိသားစုကြားထဲမှာ ကျွန်တော် ကန့်လန့်ဖြစ်နေမလာ ပဲ"

"ဘယ့်နှယ့် မောင်ကျော်ဇေယျ မင်းလည်း အန်တီတို့ မိသားစုဝင်ပေါ့ကွယ်"

"အို"

မေမေက ရိုးသားစွာပြောလိုက်ပေမယ့် ဦးကျော်ဇေယ အကြည့်နှင့်ဆုံသော သူမမျက်နှာလေး ပန်းနုရောင်သန်းသွား





"ဘာမှအားမနာနဲ့ မောင်ကျော်ဇေယျရေ၊ မင်းလုပ်ပေး တာတွေထက်စာရင် အန်ကယ်တို့က ဒီထက်ကျွေးရဦးမှာပါ"

"ဒီလောက်နဲ့ရပါပြီ အန်ကယ်ရယ်"

သူမကတော့ လူကြီးတွေကို ဟင်းဦးချပြီး အခဆောင်မှာ စားရတာ ချို့တဲ့သမျှ အားပါးတရစားမိ၏။

"မိမိ အတော်ဆာနေတာထင်တယ်"

သူပြောတော့ သူမ အသာခေါင်းညိတ်မိသည်။

"ဟုတ်တယ် ဦးကျော်ဇေယျ၊ မေမေ့လက်ရာ မစားရတာ ကြာပြီလေ"

"အင်း…သမီးလည်း ရှေ့နှစ်ဆို အခဆောင်နေတဲ့ကိစ္စ လွတ်ပါပြီ"

ဖေဖေဝင်ပြောတော့ သူမ မျက်လွှာအသာပင့်ကြည့်မိ၏။

"ဒါဆို ဖေဖေတို့က"

"ဟုတ်တယ် သမီး၊ ဖေဖေတို့ ဒီကိုပြောင်းလာတော့မှာ"

"ဟင်…တကယ်လား ဖေဖေ၊ မိ ဝမ်းသာလိုက်တာ"

ယခုမှ ဖေဖေတို့ပြောင်းလာမည်ဆိုတာ သိရ၍ ဝမ်းသာ မိ၏။ မေမေက သူမပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။

"သမီးဖေဖေက ပင်စင်နီးပြီလေ၊ ဒါကြောင့် ဒီကိုဘစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ပြောင်းတာ"

"သြော်"

ပထမဆုံးအကြိမ် မိဘတွေအကြောင်း အတွေးဝင်မိ[illegible]

ဖေဖေတောင် ဘာလိုလိုနဲ့ ပင်စင်နီးပြီဆိုပါလား။

ဖေဖေ ပင်စင်ယူလျှင် အိမ်၏ဝင်ငွေသည် ဘယ်လိုဖြ[illegible]

မလဲ။ ဟင်…ဒါဟာ အကြီးဆုံးဖြစ်တဲ့ သူမတာဝန်ပါလား[illegible]

တွေးမိရသည်။

"အန်ကယ်အနေနဲ့ ပင်စင်စောစောယူလိုက်တာလည်း[illegible]"

ကောင်းပါတယ်၊ ဒါမှ အပြင်လုပ်ငန်းကို လှေလာနိုင်မှာ"

"ဖေဖေက ဘာလုပ်မလို့လဲဟင်"

ကလေးတစ်ယောက်လို သူမမေးတော့ ဦးကျော်ဖေ[illegible]

နှင့် ဖေဖေ ပြုံးသည်။

"ပင်စင်ယူပြီးရင် မောင်ကျော်ဖေယျနဲ့ ပာစ်ခုခုတိုင်[illegible]

ရမှာပေါ့ သမီး"

"ဟုတ်တယ် မီမီ၊ ပင်စင်ယူပြီး ဒီတိုင်းထိုင်နေ[illegible]

အစား အန်ကယ့်အလုပ်လုပ်တော့ ပိုကောင်းတာပေါ့"

"အို…ပင်စင်ယူတာ အနားယူဖို့ပဲ ဖေဖေ ဘာမှမလုပ်[illegible]

နဲ့၊ မီ လုပ်မှာပေါ့"





"အမယ်လေး…ဒီလိုပြောတာနဲ့တင် ငါ့သမီးကို ကျေးဇူး[illegible]

[illegible]င်ပါပြီဗျာ"

"တကယ်ပြောတာပါ ဖေဖေရဲ့"

သူမစကားကို လူကြီးတွေက ပြုံးလို့။ ဦးကျော်ဖေယျ

[illegible]တော့ သူမကို တစ်ချက်လှမ်းကြည့်သည်။

"မီမီက သမီးလိမ္မာလေးပါ အန်ကယ်"

"ဒါပေါ့ကွယ်၊ အန်တီ့သမီးလိမ္မာတာ အန်တီသိတာ

[illegible]"

ဦးကျော်ဖေယျနှင့် မေမေတို့ အတိုင်အဖောက်ညီနေ

[illegible]သား။ သူမစိတ်ထဲ တစ်စုံတစ်ရာ ထူးခြား သလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုက်ခန်းရောက်တာ ဦးကျော်ဇေယျကို ဘယ်လော
ပေးလိုက်ရလဲ မမေ"

ဦးကျော်ဇေယျ ပြန်သွားပြီးနောက် ညနေမိသားစုဆုံ
မှာ သူမစပ်စုမိသည်။ မေမေပြုံး၍ . .

"သမီးက ဘယ်လောက်ပေးရမယ် ထင်လို့လဲကွယ်"

"အင်း . . အနည်းဆုံးတော့ ဒီမိုင်းခ၊ ဆောက်လုပ်ခ၊ သု
အင်ဂျင်နီယာခနဲ့ဆိုရင်"

သူမက ဖြူနုသောလက်ချောင်းလေးတွေ ချိုးကာ ရေတွ
နစဉ် ဖေဖေ့အသံပေါ်လာ၏။

"မောင်ကျော်ဇေယျက ဒီတိုက်ကို စေတနာနဲ့ ဆော
ပေးတာသမီး"

"ဟင်"

လုပ်အားခမယူဘူးဆိုတာကြောင့် သူမအံ့သြသွား၏





"သူက ဘာကြောင့်မယူတာလဲ ဖေဖေ၊ အနည်းဆုံးတော့
သူ့လုပ်အားခကို ယူသင့်တယ်မဟုတ်လား"

"ဒါပေမယ့် လူတစ်ဦးနဲ့တစ်ဦးကြားမှာ စေတနာဆိုတာ
ရှိတယ်လေ"

"ဟုတ်တယ်သမီး မောင်ကျော်ဇေယျက လူတော်တစ်ဦး
။ မေမေတို့အပေါ် မိသားစုလိုသဘောထားတယ်ကွယ့်"

မေမေကပါ ဝင်ပြော၏။ သူမ ခေါင်းလေးခါယမ်းကာ

"ဒါဆို . . . မေမေတို့ဆီက သူ ဘာပြန်တောင်းလဲဟင်"

"သူက တောင်းတယ်ဆိုတာထက် မေမေတို့ ကိုယ်တိုင်
က လိုလိုချင်ချင်ပေးချင်တာသမီး"

"မေမေတို့က ပေးချင်တာ၊ ဒါဆို သူတောင်းတာ ဘာလဲ
ဟင်"

တောင်းတဲ့သူနဲ့ ပေးတဲ့သူ ဆန္ဒတူညီနေတဲ့ပစ္စည်းဟာ
ဘာပါလိမ့်။

မေမေက သူမကို ပြုံးပြုံးလေးကြည့်၏။ ထို့နောက် နူးညံ့
သော သူမရဲ့လက်လေးကို အသာဆုပ်ကိုင်သည်။

"မောင်ကျော်ဇေယျ တောင်းတာက ဟောဒီသမီးလေးကို
ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

သူမ မျက်လုံးလေးဝိုင်းလျက် မေမေ့ကိုကြည့်မိ၏

မေမေက အေးဆေးစွာ ဆက်ပြောသည်။

"မောင်ကျော်ဖေယျာက သမီးကို ချစ်မြတ်နိုးလို့ မေမေ

ဆီ လက်ထပ်ခွင့်တောင်းခဲ့တယ်သမီး"

"ဒါ...ဒါဆို မေမေတို့ဆန္ဒက"

"သြော်...သမီးရယ်၊ မောင်ကျော်ဖေယျာဟာ လူတော်

တစ်ယောက်ပဲ၊ မေမေတို့အနေနဲ့ ဘာငြင်းစရာရှိလဲ၊ သူခွင့်တောင်း

တာကို မေမေတို့ ဝမ်းသာစွာ လက်ခံခဲ့တာပေါ့"

"အို"

ဦးကျော်ဖေယျာဟာ သူမမိဘတွေကို အပိုင်စည်းရုံးလိုက်

တာပါလား။

"ဒေါက်တာသော်ဇင်တို့ မင်္ဂလာပွဲမှာ သမီးတို့ လက်ထ

တော့မယ့်အကြောင်း တစ်ခါတည်းပြောခဲ့တယ်ဆို"

"အို...အဲဒါက"

"ဘာပဲဖြစ်ဖြစ် အဲဒီလိုပြောခဲ့တာ မေမေတော့ ဝမ်းသ

တယ်သမီး၊ မောင်သော်ဇင်ထက်စာရင် မောင်ကျော်ဖေယျာဟာ သ

အပေါ် တကယ်ချစ်မြတ်နိုးပြီး အရည်အချင်းရှိတဲ့ လူတစ်ယော





ခဲ့ကွယ့်"

ကြည့်စမ်း. ဦးကျော်ဖေယျာက ကိုကိုတို့မင်္ဂလာပွဲမှာ ပြောခဲ့

သောစကားကို မေမေတို့ လူကြီးတွေဆီ လာအတည်ပြုတာပဲ။

"ဒါပေမယ့် မေမေ၊ သမီးနဲ့သူက"

"မောင်ကျော်ဖေယျာကို ဖေဖေလည်း သဘောတူတယ်

သမီး၊ ဒါကြောင့် မင်္ဂလာရက်ကိုတောင် ဖေဖေတို့ သတ်မှတ်ပြီး

ပြီ"

"ရှင်...ဘာ...ဘာပြောလိုက်တယ် ဖေဖေ"

သူမကြားနေရသော စကားတွေက ဦးကျော်ဖေယျာ၏

တစ်ဖက်သတ်အစီအစဉ်တွေမို့ ထူးဆန်းနေသည်။

"သမီးတို့ စာမေးပွဲကြောင့် မင်္ဂလာကိစ္စကို မောင်ကျော်

ဖေယျာနဲ့ တိုင်ပင်ပြီး စီစဉ်ခဲ့တာပဲ၊ မင်္ဂလာပွဲဟာ ရှေ့တစ်ပတ်ဆန်းအေး

ခဲ့ သမီး"

"အို...ဒီလောက်မြန်တာ"

လုံးဝမထင်မှတ်တဲ့အဖြစ်မို့ သူမ နေရာမှ ထမိမတတ်၊

မေမေက သူမပခုံးလေးကို အသာဖိ၍ ထိုင်စေ၏။

"မြန်တယ်လို့ ပြောမရပါဘူး သမီး၊ ဒီတိုက်ဆောက်

တာပဲ အချိန်သုံးလကြာတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မေမေ၊ တကယ်ဆို ဒီကိစ္စကို သမီး
အရင်တိုင်ပင်သင့်တယ်မဟုတ်လား"

ထိုစကားကြောင့် ဖေဖေ ဆတ်ခနဲကြည့်သည်။

"မိဘက ကောင်းလို့စီစဉ်တာ ဘာကိုတိုင်ပင်ရမှာ
မီမီ၊ ဒေါက်တာသော်ဇင်တို့ မင်္ဂလာပွဲမှာ သမီးတို့အတူတွဲတ
ပြီး လူသိရှင်ကြား ပြောခဲ့တာပဲ၊ အဲဒီလိုကြေငြာပြီးမှတော့ မိန်း
လေးတစ်ယောက်အနေနဲ့ အမြန်ဆုံး လက်ထပ်တာ အကောင်း
ပဲသမီး"

တင်းပြတ်သောဖေဖေ့စကားကြောင့် သူမ ငိုချင်မိရ

သေချာတယ် ဒီကိစ္စမှာ ဦးကျော်ဇေယျ တရားခံပဲ။ သူ
ကို လူလိုထင်ရင် စောစောကပြောပါလား။

"မနက်ဖြန် မင်္ဂလာဝတ်စုံ လာတိုင်းလိမ့်မယ်၊ ပိတ်
မောင်ကျော်ဇေယျ နိုင်ငံခြားကမှာပေးတာ"

"ဖိတ်စာတွေလည်း ရတော့မှာမဟုတ်လား အမေကြီး"

"ရှင်...ဟုတ်ကဲ့"

အားလုံးဟာ သူမ ဘာတစ်ခုမှ မငြင်းနိုင်အောင်
ထားတာပါလား။ မျက်ဝန်းထဲမှာ ဦးကျော်ဇေယျပုံရိပ်ကို မြင်ယော
ကာ နှုတ်ခမ်းလေး ဖိကိုက်မိ၏။



"တကယ်ဆို ဖေဖေနဲ့မေမေတို့ သမီးရဲ့ဆန္ဒကို မေးသင့်
ပါတယ်"

"ဘာဆန္ဒလဲ မီမီ၊ ပထမအကြိမ် နင့်သဘောဆောင်ပြီး
သော်ဇင်ကို ရွေးခဲ့တုန်းက ငါတို့မိဘတွေ သဘောတူခဲ့တာပဲ မဟုတ်
လား၊ အခု ငါတို့အလှည့်၊ မိဘက ကောင်းလို့စီစဉ်တာ နင်နာခံရ
မယ် မီမီ"

ပြောရင်း ဖေဖေ့မျက်နှာ နီရဲလာတာမို့ သူမ တိတ်ဆိတ်
သွားလိုက်ရ၏။ မေမေက သူမကို နှစ်သိမ့်သည်။

"မောင်သော်ဇင်ထက်စာရင် မောင်ကျော်ဇေယျဟာ
အများကြီးသာပါတယ်ကွယ်၊ သမီးကို တကယ်ချစ်လို့သာ
မောင်သော်ဇင်နဲ့ကိစ္စကို မောင်ကျော်ဇေယျ ခွင့်လွှတ်ခဲ့တာပေါ့"

ဩော်...သူက မေမေတို့အတွက် တကယ့်သူတော်
ကောင်းကြီး ဖြစ်နေပါလား။ အေးလေ...အခြေအနေက ဒီလိုဖန်တီး
ထားမှကိုး။

"ကောင်းပါပြီ ဖေဖေ၊ မေမေတို့ဆန္ဒကို သမီး မငြင်း
တော့ပါဘူး"

"အို...လိမ္မာလိုက်တဲ့သမီးလေးရယ်၊ ဒါကြောင့် မေမေ
တို့က အကောင်းဆုံး စီစဉ်တာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပျော်သွားသော မေမေတို့မျက်နှာကြည့်ရင်း သူမ ရ
သလိုပြုံးမိ၏။

ကိုယ်စိတ်ချမ်းသာဖို့ထက် မိဘတွေစိတ်ချမ်းသာဖို့
အရေးကြီးပါတယ်လေ။

ဒါပေမယ့်...

ဦးကျော်ဇေယျ...ရှင့်ကို ကျွန်မ မကျေနပ်ဘူး။

ရှင်က အရင်းရှင်တစ်ယောက်လို ကျွန်မကို ငွေနဲ့သိ
ပိုက်ဖို့ ကြိုးစားတာပဲ။





"ရှင်က ကျွန်မကို ငွေနဲ့ပေါက်ပြီး သိမ်းပိုက်ဖို့ကြိုးစား
တာလား ဦးကျော်ဇေယျ"

ကန့်ရေပြင်ကို ကိုက်ခတ်လာသော လေအေးအေးက သူမ
ရင်မှာ မအေးမြနိုင်ပေ။ ရှေ့မှာရှိနေသော ဦးကျော်ဇေယျ၏ ခန့်ညား
ချောမောနေသည့် မျက်နှာကို ခပ်စူးစူးလေးကြည့်၍ မေးလိုက်မိ၏။

"ဗျာ...ဘယ်လိုပြောလိုက်တာလဲ မိမိ႕-ကိုယ်က မိမိကို
လက်ထပ်ချင်တာ၊ ဟောဒီ အသည်းနှလုံးက တောင်းဆိုလို့ဗျ"

ဟန်ပါပါနှင့် သူ့ရင်ဘတ်ကို ပုတ်ပြနေသော ဦးကျော်
ဇေယျကြောင့် သူမ မျက်နှာလေး တည်ခဲနဲ့ဖြစ်သွား၏။

"နေပါဦး...ရှင်က နှလုံးသားစကားပြောရအောင် အချစ်
ကို နားလည်လို့လား ဦးကျော်ဇေယျ"

"ဩော်...မိန်းကလေးရယ်၊ အချစ်ဆိုတာ နားလည်လို့
ခင်းကို လက်ထပ်ချင်တာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာကို စိုလက်သော မျက်ဝန်းများဖြင့် စိုက်ကြည့်ရင်း ၍ူပြောသည်။ ဘာကြောင့်များ ထိုမျက်ဝန်းတွေ၏အကြည့်ကို ရင်မဆိုင်ရဲစွာ သူမ မျက်လွှာချမိပါလိမ့်။

"အဲဒါ အချစ်မဟုတ်ဘူး၊ ရှင့်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တပဲ ဦးကျော်ဇေယျ၊ ဒါကြောင့်သာ ရှင်က လက်ထပ်ဖို့ကိစ္စကို ရှင်သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်တာ"

ဒေါသလေးကဲကာ သူမရန်ထောင်တာကိုပဲ သူ့အတွက်တော့ ပန်းနဲ့ပေါက်သလိုပဲ ထင်ပါ၏။

"ကိုယ်ကချစ်ဖို့ အဓိကလေ၊ ဒါမှ ကိုယ်ချစ်တဲ့မိန်းကလေးကို တစ်သက်လုံး စောင့်ရှောက်နိုင်မှာပေါ့ဗျာ"

"အို···ရှင်ကချစ်ပေမယ့် ကျွန်မက မချစ်ဘူးရှင့်"

သူတစ်ချက်ပြုံးသည်။

"ဒါပေမယ့် ကိုယ့်ကိုလက်ထပ်ဖို့ ဆုံးဖြတ်ထားတယ် မဟုတ်လား"

သူအပိုင်မေးတော့ သူမ မျက်နှာလေး နီမြန်းသွား၏

"ကျွန်မ အဲဒီလိုဆုံးဖြတ်တာ မေမေတို့ကြောင့်ရှင့်"

"ဘာပဲဖြစ်ဖြစ် ကိုယ်က ကျေးဇူးတင်ပါတယ်"

"ကောင်းပြီလေ၊ ရှင် ကျွန်မကို လက်ထပ်ပေမယ့် ကျွ



အချစ်ကိုတော့ ရမှာမဟုတ်ဘူး"

လက်လေးပိုက် ခေါင်းလေးမော့ကာ သူမပြောလာပုံမှာ သူ့အတွက် ချစ်စရာ ယမင်းရုပ်လေးတစ်ခုလိုပင်။

"ကိုယ်ကတော့ ဒီလိုမထင်ဘူး မိမိ၊ စစ်မှန်တဲ့ ကိုယ့်အချစ်ကြောင့် မိမိတစ်နေ့ ကိုယ့်ကို ပြန်ချစ်လာမယ်လို့ ယုံကြည်တယ်"

"အဟင်း···ကာယကံရှင် ကျွန်မထက်ပဲ ရှင်က သေချာနေသလား ဦးကျော်ဇေယျ"

မခိုးမခန့် သူမအမေးကို သူခေါင်းခါယမ်းသည်။

"ကိုယ်က ကိုယ့်အချစ်ကို ကိုယ်ယုံတယ်လေ၊ ဒါကြောင့် မိမိ့အချစ်ကို ကိုယ်ပိုင်ရမယ်"

"ရှင်ဟာ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးပါလား ဦးကျော်ဇေယျ၊ ကျွန်မအချစ်တွေအားလုံး ဒေါက်တာသော်ဇင်ဆီ ကျန်ခဲ့ပြီရှင့်"

ထိုစကားကြောင့် သူ့ မျက်နှာပျက်သွားမယ် ထင်ပေမယ့် အပြုံးမပျက်ပါ။

"မိမိက ညာတတ်တာပဲ"

"ဘာရှင့်"

www.burmeseclassic.com



"ဟုတ်တယ်လေ…တကယ်တော့ ဒေါက်တာ သော်ဇင်ကို မီမီတကယ်မချစ်ခဲ့ပါဘူး၊ ဒါကြောင့် ဒေါက်တာနဲ့ မီမီ လက်မထပ်ဖြစ်တာပေါ့"

"အို…ဒါက"

မျက်တောင်ကော့ကြီးများ တဖျပ်ဖျပ်ခတ်လျက် သူမ ဘာပြောရမှန်းမသိတော့။ သူက အေးဆေးတည်ငြိမ်စွာ ဆက်ပြောသည်။

"တကယ်ချစ်ခဲ့ရင် မီမီဟာ ဘာအကြောင်းနဲ့မှ ဒေါက်တာသော်ဇင်ကို လက်လွှတ်ခံမှာမဟုတ်ဘူး"

"အို…ဒါက…"

"ဟုတ်ပါတယ်၊ တကယ်ချစ်တဲ့သူဆိုရင် ရယူပိုင်ဆိုင်ဖို့ပဲ ကြိုးစားကြတယ်၊ ကိုယ့်ကိုကြည့်ပါလား၊ မီမီကို စတွေ့ကတည်းက ချစ်တယ်၊ ဒါကြောင့် လက်ထပ်ဖို့ ဆုံးဖြတ်တာ အချစ်ပဲ"

သူပြောသလို ဟုတ်နေမလားဟု စဉ်းစားမိ၏။ ကိုကိုနှင့်သူမ တကယ်ချစ်ခဲ့တာကော ဟုတ်ရဲ့လား။

"ကျွန်မကတော့ မေမေတို့ကို ရှင် ငွေနဲ့စည်းရုံးလိုက်တာလို့ပဲ ယူဆတယ်"

"မိဘကို အဲဒီလိုအထင်မလွဲကောင်းဘူးလေ၊ မိဘဆိုတာ



သားသမီးကို ကောင်းစားစေချင်တဲ့ စေတနာအပြည့်ရှိကြတယ် မီမီ"

"သြော်…ရှင်နဲ့လက်ထပ်တာ ကျွန်မကောင်းစားဖို့ပေါ့ ဟုတ်လား"

ခပ်ရွဲ့ရွဲ့လေး သူမမေးတာကို သူအပြုံးဖြင့် ခေါင်းညိတ်သည်။

"ဒါပေါ့ဗျာ…အန်ကယ်တို့ မျက်စိထဲ ကိုယ်ဟာ မီမီ့အတွက် အကောင်းဆုံးလူလို့ ယူဆကြလို့ လက်ခံတာ"

"အမယ်…လိပ်ကြီး"

ကိုယ့်ဘာကိုယ်ယက်နေသော သူ့ကို မျက်စောင်းထိုးမိ၏။ သူရယ်သည်။

"လူဆိုတာ လိပ်မျိုးလေ၊ အားလုံး ကိုယ့်ဘာကိုယ်ယက်ကြတာပဲဗျ"

"ဟင်း…ကျွန်မတော့ မပါဘူး၊ ဦးကျော်ဇေယျ"

သူ့ကိုလက်ထပ်ဖို့ဆိုတာ ဖေဖေနှင့်မေမေတို့ စိတ်ချမ်းသာစေလို၍ သဘောထား၏။ ကိုကိုနှင့်ပတ်သက်ပြီး မေမေတို့မျက်နှာ ငယ်ခဲ့တာကို ပြန်အလျော်ပေးခြင်းပါ။

"အနည်းဆုံးတော့ မိဘတွေစိတ်ချမ်းသာအောင် လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့တာ၊ မိမိ သိတတ်တာပဲလေ၊ အဲဒီလိုသမီးမျိုး ဘယ်တော့မှ ဒုက္ခမရောက်ဘူးကွ''

''ဒါဆို ရှင်က ကျွန်မကို တစ်သက်လုံး စိတ်ချမ်းသာအောင်ထားမယ်ပေါ့လေ''

''အစစ်ပေါ့ဗျာ၊ မိမိက ကိုယ်ချစ်တဲ့သူပဲ''

သူမကို ရွှန်းရွှန်းစားစားကြည့်ကာ သူ့အပြောကြောင့် ရင်ခုန်ချင်သလိုလို။ သူငယ်ချင်းတွေကတော့ ဦးကျော်ဖေယျကို ရတာ ဂုဏ်ယူစရာတဲ့။

''ကျွန်မတော့ ယောကျ်ားတွေရဲ့အချစ်ကို သိပ်မယုံချင်ဘူး''

''ခံမှန်ဘူးတဲ့စာသူငယ်လိုလား''

''အင်း…ဒါလည်းဖြစ်နိုင်တာပဲ၊ ဦးကျော်ဖေယျတို့ ယောကျ်ားတွေက သစ္စာမရှိဘူးလေ''

သူ့ကို အားမနာတမ်း သူမပြောချလိုက်၏။ သူ ခေါင်းခါယမ်းသည်။

''လောကမှာ သစ္စာမဲ့သူတွေများပေမယ့် ကတိတစ်လုံးကို တန်ဖိုးထားပြီး သစ္စာရှိတဲ့ ယောကျ်ားတချို့လည်း ရှိပါတယ် မိမိ၊ အဲဒီထဲမှာ ကိုယ်ပါတယ်''





''တကယ်လို့ ရှင်သစ္စာမဲ့ခဲ့ရင် ဘယ်လိုလုပ်မလဲ''

''ကြိုက်သလို အပြစ်ပေးကွာ၊ မိမိ စိတ်ချမ်းသာသလို လုပ်ပေးမယ်''

''ဟင်း…ရှင်တကယ်ကတိတည်ရမယ်နော် ဦးကျော်ဖေယျ''

မျက်စောင်းလေးဝင့်ကာ သူမပြောတော့ သူခပ်သွက်သွက် ခေါင်းညိတ်၏။

''ဩော်ဗျာ…တကယ်ပါ၊ ကဲ…ကဲ မိမိကကော ကနေ့နောက်ဖြန့် လက်ထပ်မယ့် ကိုယ့်ခင်ပွန်းလောင်းကို ဦးကျော်ဖေယျလို့ပဲ ခေါ်နေမှာလား''

''အင်း…ဟုတ်တယ်၊ ကျွန်မ ဒီလိုပဲခေါ်တတ်တယ်''

သည်တော့ သူက သူမကို ခပ်စိုက်စိုက်လေးကြည့်၏။

''ဒါကို ကိုယ်လက်မခံဘူးမိမိ၊ အများကြားလို့မှ မကောင်းတာပဲကွ''

''ခက်ပါလား ဦးကျော်ဖေယျ၊ ကျွန်မနှုတ်က ကျိုးနေပြီရှင့်''

''အဟွန်း…ဒါကပြင်ရမှာပေါ့ဗျာ၊ မိမိက ဉာဏ်ကောင်းတဲ့မိန်းကလေးပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့သို့ တစ်လှမ်းခြင်းတိုးလာလျက် သူပြောသည်။

"ကျွန်မက မခေါ်ချင်လို့ဆိုရင်ကော"

"ကိုယ်က ခေါ်ချင်လာအောင် လုပ်ပေးမှာပေါ့ မိမိ"

"အို…ရှင်"

ရုတ်ခနဲ သူက သူမကိုယ်လေးကို လှမ်းဆွဲဖက်သည်။ ထို့နောက် ပါးပြင်နုနုကို ရှိုက်နမ်း၏။

"မောင် မိုကိုချစ်တယ်"

"ဟင်"

လက်ထပ်ဖို့ရက်ရွေးပြီးသား လူတွေအဖြစ် သူက အတင့်ရဲတာလားမသိ။ သူမကိုယ်လေး သူ့ရင်ခွင်ထဲ မွန်းမွန်းကြပ်ကြပ်ဖြစ်သွား၏။

"ဖယ်ပါ"

"မောင်လို့ခေါ် မိ"

ကြည့်စမ်း…ဒါ သူမကို အကြပ်ကိုင်နေတာပါလား။ ကိုကိုနှင့်တုန်းက ဒီလောက်မရင်းနှီးခဲ့တာမို့ သူ့အယုအယကြားမှာ ရင်တွေခုန်တာ ငြင်းမရပေ။

"ဦးကျော်ဇေယျ"

သူမလေသံတိုးတိုးလေးဖြင့် သူ့ရင်ဘတ်ကို တွန်းဖယ်ကြိုးစား၏။ သူ၏သန်မာသောလက်တွေက ပို၍နိုင်မြဲလာသလိုပါပဲ။ သူ့ရိပ်တချို့တွေ့လိုက်ရတော့ သူမ အလန့်တကြားလေးဖြင့်…

"ကဲ…ကဲ"

သူ့ရင်ဘတ်ကြီးကို တအားတွန်းဖယ်ပစ်လိုက်၏။

"ဟိတ်"

"ရှင်နော်…ဟိုမှာလူတွေ"

"ဒါဆို မောင်လို့ခေါ်"

"အို…လက်ထပ်ပြီးမှ"

"အပွန်း…ဒါဆို ကတိတည်ရမယ်နော်၊ ခုတော့ သနားသို့"

"အမယ်"

"ဘာလဲ…ဒါဆို"

"အို…ဦးကျော်ဇေယျနော်"

သူမနောက်တစ်လှမ်း ဆုတ်သွားတော့ သူရယ်၏။

"သိပ်လည်းကြောက်မနေပါနဲ့ဗျာ၊ ကိုယ်က ကိုက်မစားဘတ်ပါဘူး"

"ကျွန်မပြန်ချင်ပြီ"

"အိုကေ"







www.burmeseclassic.com

www.burmeseclassic.com



သည့်ရှိတော့ သူမသဘောလိုက်လျော၏။

"ကိုယ်မှာပေးတဲ့ ဝတ်စုံ ကြိုက်ရဲ့လား မီ"

"အင်း"

မြန်မြန်ပဲ ခေါင်းညိတ်လိုက်၏။

"ဒေါက်တာသော်ဇင်နဲ့တုန်းက ဒီလိုမနေခဲ့ဖူးဘူးလား"

သူမ ခေါင်းလေး ဆတ်ခနဲဖြစ်သွား၏။

"ရှင်က လူကို ဘာထင်နေလဲ၊ ကိုကိုနဲ့ကျွန်မ ဒီလိုတိတ် ဆိတ်တဲ့နေရာမျိုး ဘယ်တော့မှမသွားဘူး ဦးကျော်ဇေယျ"

သူကျေနပ်စွာပြုံး၏။

"ယုံပါတယ်ဗျာ၊ ဒါကြောင့် မီ ဒီလောက်စိတ်လှုပ်ရှား နေတာ၊ မျက်နှာလေးကို နီနေတာပဲ"

"အို"

သူမ ဘယ်လောက်ရှက်နေတယ်ဆိုတာ သူကောင်း ကောင်း အကဲခတ်မိပါလား။ ဒါဟာ သူ့ရဲ့ကျွမ်းကျင်မှုထင်ပါရဲ့







*

ဦးကျော်ဇေယျနှင့် သူမတို့၏ လက်ထပ်မင်္ဂလာပွဲကို ဟိုတယ်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးခဲ့သည်။ မင်္ဂလာပွဲ ပြီးချိန်မှာ သူမက ဦးကျော်ဇေယျအိမ်သို့ လိုက်ရ၏။

လူကြီးတွေကို ကန်တော့ချိန် သူမ မိဘတွေနှင့် ခွဲရမည် မို့ မျက်နှာပျက်ချင်ချင်။ ဖေဖေနှင့် မေမေကတော့ ကျေနပ်စွာ ဆုတွေပေးလျက်။

"သာဓု...သာဓု...သာဓု ဒီလင်ဒီမယား နှံ့အောင်မင်း ဆောင် ပေါင်းရပါစေ၊ သားသမီးရတနာတွေလည်း အမြန်ဆုံး ထွန်းကားပါစေကွယ်"

"အို"

မေမေတို့ပေးသော ဆုကြောင့် သူမမျက်လွှာလေးချသွား ပြီ။ သူကတော့ သဘောတွေကျလျက်...

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ ခင်ဗျာ"

ဟု သွက်သွက်လက်လက်ပြောတာကြောင့် မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးမိရသေး၏။

"ခုချိန်ကစပြီး မောင်ကျော်ဇေယျလက်ထဲကို အန်ကယ် သမီးကို ယုံယုံကြည်ကြည် အပ်လိုက်ပြီကွယ့်၊ ဒါကြောင့် သ ဘက်က ချို့ယွင်းအားနည်းချက်တွေရှိရင် မောင်ကျော်ဇေယျ ပြုပြင်ဆုံးမခွင့်လွှတ်စေချင်တယ်"

"စိတ်ချပါ အန်ကယ်၊ မီမီအပေါ် ကျွန်တော် တစ်ယောက်လိုကော ညီမတစ်ယောက်လိုကော သဘော စောင့်ရှောက်မှာပါ"

"အေးကွယ်...ဒီစကားကြားရတာ အန်တီ သိပ်ဝမ်းသာတာပဲ၊ သမီးကလည်း ခုချိန်ကစပြီး အရင်လိုမနေ ဘဲ ဇနီးမယားကောင်းပီသစွာ ကိုယ့်ခင်ပွန်းအပေါ် ပြုစုစောင့်ရှေ ပါ"

မေမေက သူမကို ဩဝါဒတွေ ပေးနေသည်။ ယခု ရောက်မှ သူမက သမီးလိမ္မာပီသစွာ ခေါင်းညိတ်ရ၏။

"ဟုတ်ကဲ့ပါမေမေ"

"ကဲ...ကဲ ဒါဆို သမီးတို့လည်း ပင်ပန်းနေပြီ၊ အ ယူကြတော့၊ မေမေတို့လည်းပြန်မယ်"

"ဟင်"

သူမကိုထားခဲ့ကာ မေမေတို့သွားမည်ဆိုတော့





းနည်းငိုချင်သွားရ၏။

သူမ မျက်နှာလေးပျက်တော့ သူ ပခုံးအသာလာဖက် သည်။

"မေမေတို့ စိတ်မကောင်းအောင် မလုပ်နဲ့ မီ"

မေမေတို့ကို ကားနားထိ လိုက်ပို့ပေးကြသည်။ မေမေတို့ း မျက်စိထဲက ပျောက်သွားမှ သူမတို့ တိုက်ထဲဝင်၏။

"ခုချိန်ကစပြီး ဟောဒီတိုက်ကြီးတစ်ခုလုံး မီ့ရဲ့လက်ထဲ ောင် အပ်လိုက်ပြီဗျာ၊ မီ့စိတ်တိုင်းကျ စီစဉ်တော့ ဟုတ်လား"

ကြီးကျယ်ခမ်းနားလွန်းသော အဖြူရောင်တိုက်ကြီး၏ ခင်မအဖြစ် သူမပျော်ရပါ၏။ သို့သော် အံ့ဩစရာကောင်းစွာ ၌တွင် ဘာခံစားချက်မှမရှိပါ။

သူက သူ၏အလုပ်သမားတွေနှင့် သူမကို မိတ်ဆက်ပေး သည်။

"ခင်ဗျားတို့အားလုံး ခုချိန်ကစပြီး မီရဲ့သဘောအတိုင်း ပ်တိုင်ဆောင်ရွက်ကြပါ၊ မီ့ကို ဂရုစိုက်ပါ"

"စိတ်ချပါ သူဌေး"

အဖြူရောင် သတို့သမီးဝတ်စုံလေးနှင့် လှပနေသော တို့ အလုပ်သမားတွေ သဘောကျခင်မင်လေးစားဟန်။ သူမ အားလုံးကို ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ သက်သာသလိုနေကြပါ၊ ကျွန်မကိုလည်း ရှင့်
ဆွေမျိုးတစ်ယောက်လို သဘောထားဆက်ဆံပါရှင်"
"မမလေးကို ကျွန်တော်တို့အားလုံး လိုက်လဲ့စွာကြို
ပါတယ်ခင်ဗျာ"
အလုပ်သမားအားလုံးက ညီညွတ်စွာ ပြောတော့ သူ
အတွက် သူကျေနပ်သွားရ၏။ အထက်နှင့်အောက် ဆိုပေ
ဒီလိုစည်းရုံးမှုလေ။
"ကျေးဇူးတင်ပါတယ်ရှင်"
အလုပ်သမားတွေအားလုံး ထွက်သွားတော့ သူတို
သူမကို မင်္ဂလာအိပ်ခန်းသို့ ခေါ်လာ၏။
အို...အဖြူရောင်တွေ။
တစ်ခန်းလုံးကို အဖြူရောင်တွေချည်း သုံးထား
အထူးလှပနေ၏။
"သဘောကျရဲ့လား မီ"
သူမမျက်နှာလေးကို အသာဆွဲမော့ယူကာ သူပြုံး
သည်။ သူမ ခေါင်းလေးအသာညိတ်လိုက်၏။
"အင်း"
"အဟွန်း...မီ သဘောကျတယ်ဆိုလို့ ကိုယ်ပေ
တယ်၊ ဟောဒီအဖြူရောင်ဝတ်စုံလေးနဲ့ မီက သိပ်လှတာပဲ"



"အို"
ဖြူနုသောပါးပြင်မို့မို့ပေါ်သို့ သူ့အနမ်းများ ကျရောက်လာ
သည်။
"ကျွန်မ အဝတ်အစားလဲတော့မယ်"
သူ့ရင်ခွင်မှ အသာရုန်းထွက်ကာ မှန်တင်ခုံရှေ့ထိုင်သည်။
"ကိုယ် ကူလုပ်ပေးမယ်"
သူမခေါင်းမှ ဆံထုံးကို သူဝိုင်း၍ ကူဖြုတ်ပေး၏။
"ညနေကျရင် ဒင်နာရှိတယ်နော် မီ"
"ကျွန်မတော့ ပင်ပန်းနေပြီး ဦးကျော်ဇေယျ"
"ဟော့...ဘယ်လိုခေါ်လိုက်တာလဲ၊ မင်း ကိုယ့်ကို
ဘယ်လိုကတိပေးထားလဲ မီ"
ရုတ်တရက် သူမပါးလေးကို ဆွဲသိမ်းဖက်ကာ သူမေး
သည်။
"ကျွန်မမေ့သွားပြီ"
"အဟွန်း...ဒီလိုလား၊ ဒါဆိုရင် သတိရအောင်"
"မီ...မင်းကို မောင်ချစ်တယ်"
"ဟင့်အင်း"
သို့သော် သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာလေ။
"ဒေါက်...ဒေါက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ကျွန်တော်ပါသူဌေး၊ အောက်မှာ သူဌေးညည်းသည်တွေ ရောက်နေပါတယ်"

"အေး…လာခဲ့မယ်"

ထို့နောက် သူက သူမကိုကြည့်သည်။ ကပိုကယိုအဝ နှင့် သူမ။

"ကဲ…မီ ဒင်နာအတွက် အသင့်ပြင်ထား၊ မောင်လာခေ မယ်"

သူထွက်သွားမှ သူမ သက်ပြင်းချနိုင်၏။ စိတ်မပါဘ အလှပြင်ရပြန်သည်။ အနက်ရောင်ဝတ်စုံ ဖြူနုသောအသားကြော ထင်းခနဲ။

"သိပ်လှတာပဲ မီ"

သူရောက်လာကာ သူမကိုယ်နောက်မှ သိုင်းဖက်လျ ကုပ်သားဖြူဖြူကို ရှိုက်နမ်းသည်။

"သူတို့စောင့်နေကြပြီ၊ သွားစို့"

သူမလက်ကို တင်းတင်းဆုပ်ကိုင်ကာ သူခေါ်လာသည့် ခင်မင်ရင်းနှီးသော သူငယ်ချင်းတွေသာ ဖိတ်တာမို့ လူအနည်း ဟိုတယ်မှာ လိုက်ညွှန်ခဲ့၏။

"ဦးကျော်ဇေယျနဲ့ မမီမီတို့ ဒီနေ့ ဒီအချိန်ကစပြီး အိုး





မင်းအောင် ပျော်ရွှင်စွာပေါင်းကြပါစေဗျာ"

"သားတစ်ရာ မြေးတစ်ဖြာလည်း ရပါစေဗျာ၊ ဟား… ဟား"

"အို"

ပျော်တတ်သည့်လူတွေအကြား သူမ မျက်နှာလေး မထား တတ်အောင်ပါပဲ။ သူမတို့အိမ် ပြန်ရောက်တော့ ညဉ့်နက်ပြီ။

"ပင်ပန်းသွားပြီလား မီ"

မိတ်ဆွေတွေ ဝိုင်းတိုက်တာကြောင့် သူသောက်ထား၏။ သို့သော် လူက ဟန်မပျက်။

"ရှင့်အတွက် ကျွန်မ အဝတ်အစားထုတ်ထားတယ်"

"အင်း"

သူမ ရေချိုးခန်းဝင်လိုက်၏။ အခန်းထဲဝင်လာတော့ သူက အိပ်နေပြီ။ သူမသက်ပြင်းလေးချကာ ပန်းနုရောင် ညဝတ်အင်္ကျီ လေး ဝတ်လိုက်သည်။

တစ်နေကုန်မို့ လူက ပင်ပန်းနေပြီ။ ထို့ကြောင့် အိပ်ရာ ထက် အသာလှဲချစဉ်…

"မီ"

"အို"

စောစောက အိပ်နေပြီထင်သော သူက သူမကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ခွင်ထဲ ဖျတ်ခနဲဆွဲယူသည်။

"ဖယ်ပါ၊ ကျွန်မ အိပ်ချင်ပြီ"

"အိပ်လေ၊ မောင်ချော့သိပ်မှာပေါ့"

ထို့နောက် သူက မီးခလုတ်ကို ဆွဲပိတ်လိုက်ချိန် တစ်ခန်းလုံးမှောင်လို့။ အသက်ရှူသံပြင်းပြင်းအောက်တွင် မကြာခင် သူမ အိပ်ပျော်သွားရလေ၏။

"ခွီ"

"ဟင်"

"မောင့်ကိုချစ်လား"

"ဟင့်အင်း"

"ကြည့်စမ်း... ဒီနှုတ်ခမ်းလေး"

"အို"

မျက်ဝန်းများဖွင့်ကြည့်တော့ သူ့မျက်နှာက သူမရင်ခွင်ထဲမှာ။ ဪ စောစောက အိပ်မက်မက်နေတာပါလား။





မနက်ခင်း၏ နေရောင်ခြည်က အခန်းထဲသို့ ဖြာကျလာတာကြောင့် သူမမျက်ဝန်းတို့ ဖျတ်ခနဲပွင့်လာသည်။

အို... မိုးတောင်လင်းနေပြီ။ သူမ အိပ်ရာမှဆတ်ခနဲအထ

"ဟော့"

"ဟင်"

နောက်မှ သူမကိုယ်လေးကို လှမ်း၍ ဆွဲဖက်လိုက်တာကြောင့် သူ့ရင်ခွင်ထဲ ပြန်ရောက်သွားရသည်။

"ဖယ်ပါ၊ မိုးလင်းနေပြီ"

"အစောကြီးရှိသေးတယ်ဗျ"

အိပ်ရာထက်က မထလိုသော သူ့သည် မျက်ဝန်းများ ပြန်မှိတ်ဖို့ ကြိုးစား၏။

"ရှင် ဒီလိုပဲ နေမြင့်အောင်အိပ်နေကျလား ဦးကျော်ခေယျ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…ကိုယ့်ယောကျ်ားကို ဘယ်လိုခေါ်လိုက်တာတုံး အမိလေး"

"အို…ကျွန်မ"

"ကတိတည်စမ်းပါ မီရယ်၊ မောင်က ကတိတည်မှကြိုက်တာ"

သူမမျက်နှာလေးကို ညင်သာစွာ ရှိုက်နမ်းရင်း သူ့တောင်းဆိုသည်။ ယခုတော့ သူမရဲ့ခင်ပွန်းဟာ သူ။ ဘာပဲဖြစ်ဖြစ် သူ့အကြိုက်လိုက်လျောရတော့မည် မဟုတ်လား။

"ဘယ်လိုလဲ၊ ခေါ်မှာလား မီ"

"ခေါ်ရင် အိပ်ရာကထမှာလား"

"အင်း"

ကလေးဆန်စွာ သူမခြိမ်းခြောက်မှုကို သူသဘောကျဟန်ပြုး၏။

"ကျွန်မကို လွှတ်တော့မောင်"

"အဟွန်း…နားထောင်လို့ကောင်းလိုက်တာဗျာ၊ ကဲ မောင်ကတိတည်တယ်နော်"

ရင်ခွင်ထဲမှ သူမကိုယ်လေးကို အသာအယာ လွှတ်ပေး၏။ သူမ သက်ပြင်းလေးချကာ ရေချိုးခန်းဝင်ခဲ့သည်။ နှုရအေးအေး





ကြောင့် စိတ်တို့ လန်းဆန်းသွားရ၏။

မယားဝတ္တရားတဲ့။ မေမေပြောတဲ့ ထိုဝတ္တရားကို သူမ သေချာနားမလည်ပေမယ့် သူ့ကိုပြုစုရမည်ပြောတာပဲလား။

သူမအခန်းထဲဝင်လာတော့ သူ ဖုန်းပြောနေသည်။ သူမ ခြေသံဖွဖွဖြင့် မှန်တင်ခုံရှေ့ထိုင်လိုက်၏။

"ဟော…မီ"

ဖြူနုသော အသားအရေပေါ်တွင် ရေစက်ရေပေါက်လေးတွေက ပုလဲလုံးပမာ။

"ရှင့်အတွက် ကျွန်မ မနက်စာဘာလုပ်ပေးရမလဲ မောင်"

မှန်ထဲမှတစ်ဆင့် သူ့ကို လှမ်းမေးမိ၏။ သူပြုံးကာ သူမကိုယ်လေးကို နောက်မှသိုင်းဖက်သည်။

"အဟွန်း…မလိုပါဘူးဗျာ၊ မောင်တို့အတွက် ဘရိတ်ဖတ်စ် ခဏနေရင် ရောက်လာလိမ့်မယ်"

"ဒါဆို ကျွန်မက ဘာမှလုပ်မပေးရဘူးပေါ့"

သူမအမေးကို သူ ခေါင်းခါယမ်းသည်။ ထို့နောက် သူမ ကုပ်ဖြူဖြူလေးကို အသာရှိုက်နမ်း၏။

"မီက မောင့်ကိုပြုစုရမယ်လေ၊ ဥပမာ မီက မောင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကော်ဖီဖျော်ပေးတာမျိုး၊ အဝတ်အစားထုတ်ပေးတာမျိုး၊ အလုပ်သွားရင် ကားနားထိ လိုက်ပို့တာမျိုးပေါ့ဗျာ"

ဒါတွေဟာ ဇနီးမယားတစ်ယောက်ရဲ့ ဝတ္တရားလားဟု ပထမဆုံးအကြိမ် သူမတွေးမိ၏။

"ကောင်းပြီလေ၊ ကျွန်မ မှတ်ထားပါ့မယ် မောင်"

"အဟွန်း...မီက လိမ္မာတယ်"

"ကျွန်မ မောင့်ကိုတောင်းဆိုစရာရှိတယ်"

"ဘာများလဲ မီ"

"ဒီနေ့ကစပြီး ကျွန်မ ကျောင်းဆက်တက်မယ်"

"ဟင်"

ထိုတောင်းဆိုချက်ကြောင့် သူ မျက်နှာပျက်၏။ တကယ်တော့ သိပ်လှသော သူမကို သူ စိတ်မချပါ။

"ကျွန်မ ကျောင်းပြီးဖို့ တစ်နှစ်ပဲလိုတော့တာ မဟုတ်လား၊ မောင်ခွင့်ပြုပါ"

"မောင်တော့ သဘောမတူချင်ဘူး၊ ဘွဲ့ယူဖို့ဆိုရင် အဝေးသင်ပြောင်းလိုက်ပါလား"

"အို...တစ်နှစ်ပဲကျန်တာ၊ ဒါလည်း ခဏလေးပါ မောင်၊ ကျွန်မတော့ ပြီးအောင်ဆက်တက်မယ်"





လှပသောမျက်နှာလေး အလိုမကျဟန်ဖြစ်လာတော့ သူ သက်ပြင်းချသည်။

"ကောင်းပြီလေ၊ မီ ဆန္ဒရှိမှတော့ မောင် ခွင့်ပြုမယ်၊ ဒါပေမယ့် ကျောင်းကို မောင်ကိုယ်တိုင် လိုက်ပို့ကြိုမယ်"

"ကျွန်မ ကလေးမဟုတ်ဘူး မောင်"

"အဟွန်း...သိပ်မှန်တာပေါ့ဗျာ၊ ကလေးမဟုတ်လို့ မောင်က စိတ်မချတာပေါ့၊ မီက သိပ်လှတယ်မဟုတ်လား"

သူမကိုယ်လေးကို ပွေ့ဖက်ကာ သူပြောသည်။ စိတ်ဆိုးချင်နေသော သူမနှုတ်ခမ်းလေးတွေကို ဖွဖွရှိုက်နမ်း၏။

"ကျွန်မ ကျောင်းမတက်တော့ဘူး"

ပြောပြီး သူမနေရာမှ ဆတ်ခနဲထတော့ သူလှမ်းဆွဲသည်။ သူမနှင့် ရင်ချင်းအပ်သွား၏။

"ဒါ စိတ်ဆိုးတာလား"

"အို...ရှင့်သဘောအတိုင်းပဲနေမလို့လေ"

"မောင်က မီ့ကိုချစ်လို့ပါဗျာ"

သူမ မျက်နှာလေးအနှံ့ နမ်းရှိုက်ရင်း သူပြောသည်။

"မဖြစ်နိုင်ပါဘူး၊ တကယ်ချစ်တယ်ဆိုရင် ကျွန်မဆန္ဒကို ရှင်လိုက်လျောရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်များကို ဖယ်ရှားပစ်ရင်း သူမပြော၏။ သူ သူမ

ကို စိုက်ကြည့်သည်။

""ဒီလိုမှ မင်းက ချစ်တယ်ထင်မှာလား မိ""

သူမ ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။ သူ ခေါင်းညိတ်

သည်။

""ကောင်းပြီမိ၊ မင်းဆန္ဒအတိုင်း မောင်ခွင့်ပြုမယ်

ဒါပေမယ့် မောင့်ကို မင်းရဲ့အချိန်ဇယားပေးထားရမယ်""

""ကျွန်မက မပေးနိုင်စရာမရှိဘူး မောင်""

""အိုကေ…ဒါဆို မိ့အတွက် မောင် ကားတစ်စီး ရှာပေး

မယ်၊ မိကိုယ်တိုင်မောင်းပေါ့""

သည်လိုလိုက်လျောတော့ သူမ ကျေနပ်သွားရ၏။

""ကျေးဇူးတင်ပါတယ်""

""ကြည့်စမ်း…ဒါ လင်မယားချင်း ပြောစရာလားမိ""

သူက မချင့်မရဲဟန်ဖြင့် သူမကိုယ်လေးကို အသက်ရှူ

ကြပ်မတတ် ဖက်၏။

""ကျွန်မက""

""မောင့်ကိုချစ်လား မိ""

မျက်ဝန်းခြင်း ဆုံကာ သူမေးသည်။ သူမ ချက်ချင်းခေါင်း





ညိတ်မိ။

""ရှင့်ကို ကျွန်မပြောခဲ့တာ မှတ်မိတယ်နော်""

""ဘာလဲ မင်းဆီမှာ အချစ်မရှိတော့ဘူးဆိုတာလား""

""အင်း""

သူ မျက်နှာကွက်ခနဲပျက်၏။

""တကယ်ဆို ဒီစကားမျိုး မင်းမသုံးသင့်ဘူးထင်တယ်

ဘာကြောင့်လဲဆိုတော့ ကိုယ်တို့က လင်မယားဖြစ်နေပြီ""

""အချစ်ဆိုတာ လင်မယားဖြစ်တာနဲ့ ဆိုင်သလားဟင်""

ထိုအမေးကြောင့် သူ့မျက်နှာကြီး တည်ခနဲဖြစ်သွား၏။

""ကောင်းပြီ၊ အဲဒီအဖြေကို အခုမင်းသိစေရမယ်""

""အို""

သူမကိုယ်လေး သူ့ရင်ခွင်ထဲမှာ ဖွေ့ခနဲ။ အချစ်ဆိုတာကို

သူက ခပ်ကြမ်းကြမ်းလေး သက်သေပြတော့ သူမ နှုတ်ဆိတ်သွား

၏။

ဒါဟာ အချစ်မဟုတ်ဘူး။

ပေးဆပ်မှုတစ်ခုပဲ မောင်။

အချစ်ဆိုတာ အရောင်မပါတဲ့ အရာတစ်ခုပါ။ နှလုံးသား

လာသော အချစ်သည် အမှန်တရားဟု သူမထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်ရင် အလှတွေမပြင်ရဘူးနော်"

"ကျွန်မက မိန်းကလေးတစ်ယောက်ပါ မောင်"

"ဒါပေမယ့် မောင့်မိန်းမက မပြင်လည်းလှပြီး

မဟုတ်လား"

သူ့ကို ဒီလိုသဝန်တိုတတ်လိမ့်မည်ဟု ထင်မထား

ဒါဆို သဝန်တိုတာ အချစ်ဟု သူထင်နေသလား။

"ဘယ်လောက်ရုပ်ဆိုးဆိုး၊ ဘယ်လေစက်လှပါစေ

တိုင်းဟာ အလှအပပြင်တာကို သဘောကျနှစ်သက်တယ် မော

"ဟုတ်ပါပြီဗျာ၊ တကယ်တော့ မောင့်မိန်းမလှတာ

သဘောကျတာပေါ့ မီ"

"သဘောထားကြီးတဲ့ ယောကျ်ားမျိုးကို ကျွန်မ အ

ကြီးတယ်မောင်"

သည်တော့ သူက သူမကို ကြည့်၏။

"မောင်က သဘောထားသေးတာမဟုတ်ဘူး၊ မီတို့

တာ"

"အချစ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လူတစ်ဖက်သ

ချုပ်ချယ်တာကော မဖြစ်နိုင်ဘူးလားဟင်"

သူမရင်ထဲက ခံစားချက်ကို မေးမိ၏။ သူ ခေါ





ထမ်းသည်။

"အချစ်ဟာ ချုပ်ချယ်တာမဟုတ်ဘူး၊ ပိုင်ဆိုင်ချင်တာ၊ ခြွတ်နိုးတာ၊ ကိုယ်နဲ့ဝေးမှာကို မလိုလားတာ မီ၊ တကယ်ချစ်ရင် အဲဒီလို စိုးရိမ်စိတ်တွေ ဝင်လာတတ်ကြတာပဲလေ"

"ကျွန်မတော့ အဲဒီလိုမျိုး တစ်ခါမှ မခံစားဖူးဘူး"

"ဒါကြောင့် မီဟာ တကယ်ချစ်တတ်ခဲ့ပါဘူးလို့ မောင်ပြောတာ"

ထိုအခါ သူပြောသလို ဟုတ်နေသလားဟု ဖျတ်ခနဲ တွေးမိ၏။ ကိုကို့အပေါ် သူမ ဘယ်လိုစိတ်နဲ့ ချစ်ခဲ့တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူမကျောင်းတက်ဖို့ဟုဆိုကာ လုပ်သော အဖြူရော
ကားလေးတစ်စီး ဝယ်ပေးသည်။ ကားမောင်းခြင်းကို သူမ အ
ကြီးကတည်းက သင်ထားတာမို့ အခက်အခဲမရှိပေ။

"မောင်ကျော်ဇေယျကတော့ ငါ့သမီးလေးကို တက
ချစ်တာပဲ"

"မေတ္တာစစ်ဆိုတာ ဒါမျိုးပေါ့"

မိဘတွေက သာယာလှပနေသော သူမ၏ဘဝကို ကြ
ကာ ကျေနပ်ကြသည်။ ယခုဆို သူ၏အကူအညီဖြင့် ဖေဖေသ
လုပ်ငန်းထူထောင်ထားပြီ။ သူမ မိသားစုအပေါ်မှာ သူဟာ သ
တစ်ယောက်လို သိတတ်တာအမှန်။

"ကျွန်မ မိသားစုအပေါ် မောင် ဒီလောက်မကောင်း
နဲ့"

"ဘာဖြစ်လို့လဲ မီ"





"ကျွန်မ အားနာတယ်"

ထိုစကားဟာ အမှန်ပင်။ သူ့ထံမှ သူမအခွင့်အရေးယူ
သူမျိုး မဖြစ်ချင်ပေ။

သူကတော့ ထိုစကားကို မကြိုက်ဟန်ဖြင့် မျက်မှောင်တွန့်
သည်။

"ကြည့်စမ်း... ဒီစကားဟာ ဘယ်လောက်သူစိမ်းဆန်
သလဲ၊ တကယ်ဆို မီရဲ့မိသားစုဟာ မောင့်မိသားစုပဲပေါ့"

"ဒါပေမယ့် ကျွန်မဘက်က မောင့်အပေါ် ပေးဆပ်စရာ
မရှိဘူးလေ"

"ဘာကြောင့်မရှိရမှာလဲ မီ၊ မီ တကယ်ပေးဆပ်ချင်တယ်
ဆိုရင် ရှိတယ်ဗျ"

"ဘာလဲဟင်"

မျက်ဝန်းဝိုင်းများဖြင့် နားမလည်ဟန်မေးသော သူမကို
သူပြုံးကာ ကြည့်သည်။

"မီ့ရင်ထဲက အချစ်လေ"

"အို"

"တကယ်ပြောတာ မီ၊ မီ့နှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့
စကား ကြားရတဲ့နေ့ဟာ မောင့်ဘဝအတွက် အပျော်ဆုံးဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ် ဒီအချိန်မှာ သူမကသာ သူ့ကို ချစ်တယ် ဟု ပြောလိုက်လျှင် အားလုံး အဆင်ပြေသွားမှာ။ သို့သော် သူမသိ က ချစ်ခွင့်ကို အရင်မတောင်းဘဲ မေမေတို့ထံ အရင်ပြောခဲ့တာ ကြောင့် ခွင့်မလွှတ်ချင်။ ဒါ ငွေနဲ့သိမ်းပိုက်တာပဲ သူမစိတ်ထဲ ခံစားနဲ့တာကြာပြီ။

"အချစ်ဆိုတာ အလဲအလှယ်လုပ်လို့ရတဲ့ အရာမှမဟုတ် ဘဲ၊ သူ့ဘာသာ အလိုလို ဖြစ်ပေါ်လာတာမျိုးလို့ ကျွန်မထင်တယ်"

"အမှန်ပေါ့ မီ၊ တကယ်တော့ အချစ်ဆိုတာ လုပ်ယူလို့ ရတာမျိုး မဟုတ်ဘူး၊ ကိုယ်က မီ့ကိုချစ်တော့ မီဘာပဲလုပ်လုပ် ချစ်နေတာမျိုးလေ"

အလုပ်သွားချိန်မှိုးမှာတောင် သူမကျောင်းက ပြန်ရောက် ချိန်ကိုလှမ်းပြီး ဖုန်းဆက်မေးတတ်သေး၏။ အဲဒါဟာ အချစ်လား

ကလပ်စ်အချိန်ဇယားကို သူယူထားတာမို့ သူမသွားလာ တတ်သည့် အချိန်တွေ သိနေသည်။

သူမများ နည်းနည်းနောက်ကျလျှင် သူမျက်နှာပျက်သည်။

"ဘာလို့ နောက်ကျတာလဲ မီ၊ မောင့်မှာ မီ့အတွက် ဘယ်လောက်စိုးရိမ်ရတယ်မှတ်လဲဟင်"

"သူငယ်ချင်းတစ်ယောက် ကားကြုံလိုက်လာလို့ ပို့ပေး



ရလို့ပါ မောင်"

အမှန်တရားကို သူမဖြေပေမယ့် သူ လက်မခံချင်ပေ။

"မီ အချိန်မှန်သွား၊ အချိန်မှန်ပြန်လာနိုင်အောင် ဒီကားကို ယ်ပေးထားတာ လူကြုံပို့ဖို့မဟုတ်ဘူး"

"ဘယ်လိုပြောလိုက်တာလဲ မောင်၊ တစ်ခါတလေ က်အခဲရှိတဲ့လူကို ကူညီတာပါ"

အစကတော့ သူဟာ သူတစ်ပါးကို ကူညီတဲ့ ယောကျ်ား ယောက်အဖြစ် သူမ သိခဲ့တာပါ။

"ဟုတ်ပါတယ်၊ မီ ကူညီချင်ရင် သူ့ကို ကားငှားစီးသွား ိုက်ဆံပေးလိုက်၊ အိမ်မှာ မောင်စိတ်ပူနေမှာကို မီ ထည့်တွက် င့်တယ်"

"အို…အရင်တုန်းက မောင် ဒီအချိန်နဲ့ အိမ်မရောက် တ်ပါဘူး"

တိုက်ဆိုင်ချင်လို့ ဒီလိုဖြစ်ရတာဟု သူမတွေးမိ၏။

"ဟုတ်တယ်လေ၊ ဒီနေ့ တမင်စောပြန်တာ၊ မီလည်း လပ်စ်စောပြီးမယ်ဆိုတာသိလို့၊ ညနေစာ အပြင်ထွက်စားဖို့ လာတာ မီ"

"ခုလည်း နောက်မကျသေးပါဘူးမောင်"

www.burmeseclassic.com

သို့သော် သူကတော့ သိပ်ကျေနပ်ဟန်မတူ။ ရေချိုးပြီး

အဝတ်အစားလဲကာ နှစ်ယောက်သား အပြင်ထွက်ခဲ့သည်။

ညလေပြေသည် အေးမြနေ၏။ မာကျူရီမီးတို့က ထိန်လင်း

ကာ လှပသောညရှုခင်းပါ။ စားသောက်ဆိုင်ရောက်တော့ သူမတို့

ကန်စပ်နားမှ စားပွဲတွင်ထိုင်ကြသည်။

ထိုစဉ်…

"ဟင်…ကျော်"

အနက်ရောင်စကာဒ်တိုတိုလေးဖြင့် ခေတ်မီလှပသော မိန်း

တစ်ယောက်က သူ့ကို လာနှုတ်ဆက်၏။

"သြော်…မေရီ"

သူကလည်း ထိုအမျိုးသမီးကိုမြင်တော့ မျက်နှာတစ်ချက်

ပျက်ကာ နှုတ်ဆက်သည်။

"မတွေ့ရတာ ကြာပြီနော် ကျော်၊ မေရီ ဒီကို မိဘ

ပြန်လာတာ ဒီရောက်တော့ ကျော့်ကို သတိရနေတာ"

သူ့ကို လွမ်းလွမ်းဆွေးဆွေး ကြည့်ကာ မေရီပြောသ

ကြောင့် သူမအတွက် စဉ်းစားစရာဖြစ်သွား၏။

ဦးကျော်ဇေယျနဲ့ မေရီ။

သူတို့ချင်း ဘယ်လိုပတ်သက်သလဲ။



"ကိုယ် လက်ထပ်လိုက်ပြီမေရီ၊ ဒါ ကိုယ့်ဇနီး မိမိတဲ့"

"သြော်…ကျော်က လက်ထပ်လိုက်ပြီကိုး"

မေရီက သူမကို ယခုမှသတိထားမိဟန်ဖြင့် ကြည့်သည်။

"တို့က မေရီပါ မိမိ၊ တွေ့ရတာဝမ်းသာပါတယ်"

"မောင့်မှာ မေရီလို မိတ်ဆွေရှိတယ်ဆိုတာ ကျွန်မ မသိ

ခဲ့ရပါလားဟင်"

မေရီကမ်းပေးသောလက်ကို သူမ မသိချင်ယောင်ဆောင်

ကာ တမင်ပြောလိုက်၏။ ဦးကျော်ဇေယျ မျက်နှာပျက်သွားပြီးမှ…

"မေရီက နိုင်ငံခြားမှာနေတာလေ မိ၊ ဒါကြောင့် မောင်

တို့ မင်္ဂလာဆောင်တုန်းက မတွေ့ရတာ"

"ဟုတ်ပါတယ် မိမိ၊ တို့က အခု ခဏပြန်လာတာပါ၊

ကျော်နဲ့တို့က သိပ်ရင်းနှီးခဲ့တာလေ"

"မေရီ"

သူကဟန့်ပေမယ့် မေရီ စကားကျွံခဲ့ပြီ။ ဇနီးတစ်ယောက်

ရှေ့မှာ မေရီ၏ 'သိပ်ရင်းနှီးတယ်' ဆိုတဲ့ စကားကြောင့် သူမ

မျက်နှာပျက်ချင်သွားရသည်။

"သိပ်ရင်းနှီးတယ် ဟုတ်လား မေရီ"

"ဒီလိုပါ မိ၊ ကိုယ်နဲ့မေရီက ကျောင်းနေဘက်တွေလေ၊

www.burmeseclassic.com



သူငယ်ချင်းတွေဖြစ်တာကို မေရီပြောတာပါ"

သူ့အမြန်ဝင်ရှင်းပေမယ့် သူမစိတ်ထဲ ဒီထက်မက ရင်းနှီးတယ်ဟု ထင်၏။

"မိမိက ဝန်တိုတတ်လား"

"မမေရီ..ဘာကိုဆိုလိုတာလဲ"

သူမ၏ စင်ရော်တောင်မျက်ခုံးလေး အနည်းငယ် မသိမသာတွန့်ချင်သွားရသည်။ သူမပြန်မေးတော့ မေရီ ဟက်ခနဲရယ်သည်။

"မိမိ သဝန်မတိုတတ်ဘူးဆိုရင် တို့က ပွင့်ပွင့်လင်းလင်းပြောချင်လို့လေ၊ တကယ်တော့ တို့နဲ့ကျော်က..."

"မေရီ မင်း သောက်ထားသလား"

အသံခပ်မာမာဖြင့် သူ လှမ်းမေး၏။ မေရီ့နှုတ်ကို ပိတ်လိုက်တာ တစ်မျိုးပင်။

"ဟင့်အင်း...တို့သောက်မထားပါဘူး ကျော်"

"ဒီမှာ မမေရီ၊ ကျွန်မ နားလည်တတ်ပါတယ်၊ ရှင်ဘာပြောချင်တာလဲ"

နောက်ဆက်တွဲစကားကို သူမ ဆက်မေး၏။ မေရီက သူ့ကိုလှမ်းကြည့်သည်။



"ပြောလိုက်ရမလား ကျော်"

"အို...ပြောပါ မောင်က သဘောထားကြီးပါတယ်"

ကြားက သူမဝင်ဖြေတော့ သူသက်ပြင်းချသည်။ မေရီ တစ်ချက်ပြုံးကာ သူမကိုကြည့်၏။

"အဟင်း...ဒါဆိုလည်း ပြောရတာပေါ့၊ တကယ်တော့ တို့နဲ့ကျော်ကို လူကြီးချင်းသဘောတူခဲ့ကြတယ် မိမိ"

"ဟင်"

မထင်မှတ်သောစကားမို့ သူမ မျက်နှာကွက်ခနဲပျက်သွားရသည်။

"လူကြီးချင်း သဘောတူခဲ့ပေမယ့် တို့နှစ်ယောက်က အယူအဆကွဲလွဲပြီး လမ်းခွဲခဲ့တာ၊ တို့နိုင်ငံခြားထွက်သွားခဲ့တယ်"

"သြော်...ဦးကျော်ဇေယျနဲ့ လူကြီးချင်းသဘောတူတဲ့ မိန်းကလေးဟာ မေရီကိုး"

သူမအပြုံးက ခပ်မဲ့မဲ့ဖြစ်လျက်။ သူမအသံက ခြောက်သွေ့သွေ့။ ရင်ထဲမှာတော့ အတော်ပူလောင်ခံရခက်နေ၏။

"ဒီလိုပါ မိ၊ လူကြီးချင်းသဘောတူပေမယ့် ကိုယ်တို့ချင်း သူငယ်ချင်းလိုပဲ ခင်လို့ရတာမို့ လမ်းခွဲခဲ့ကြတာပါ၊ ခုလည်း မေရီ အိမ်ထောင်ကျနေပြီမဟုတ်လား"

www.burmeseclassic.com



ဦးကျော်ဖေယျက သူမကို ရှင်းပြနေရာမှ မေရီထံ လှမ်းမေး၏။ မေရီ မချိုသလိုပြုံးကာ ခေါင်းခါယမ်းသည်။

"ဟင့်အင်း…ကျော် ခုချိန်ထိ မေရီ တစ်ယောက်တည်းပါ"

ထိုအဖြေကြောင့် အကြီးအကျယ် မျက်နှာပျက်သွားသူက ဦးကျော်ဖေယျ။ သူမကတော့ ယခု မေရီပြန်လာခြင်းသည် ဘယ်လိုအဓိပ္ပာယ်နှင့်လည်းဟု တွေးစရာဖြစ်နေ၏။





"မေရီကို တွေ့လိုက်ရတော့ ရှင်သိပ်ပျော်မှာပေါ့ မောင်"

အိမ်ပြန်ရောက်တာနှင့် သူမစိတ်ထဲ မထိန်းချုပ်နိုင်ဘဲ သူ့ကို ခနဲ့မိ၏။ သူက အံ့ဩသလိုကြည့်ကာ…

"မောင်က ဘာကိစ္စပျော်ရမှာလဲ မိ၊ မောင်နဲ့ မေရီ ဘာမှမဆိုင်ဘူး"

"အဟင်း…ဟုတ်လို့လားရှင်၊ လူကြီးချင်းတောင် သဘောတူခဲ့ရလောက်အောင် ရှင်တို့ချင်း ဘယ်လောက်ရင်းနှီးခဲ့လဲဆိုတာ"

"ကိုယ်တို့က သူငယ်ချင်းတွေပါလို့ မိ့ကိုပြောခဲ့တယ် မဟုတ်လား"

သို့သော် မေရီ ပြန်လာတာ ရိုးသားမှုမရှိဟု သူမထင်နေ၏။

"သူငယ်ချင်းတွေဟုတ်လား၊ ကျွန်မအမြင်တော့ မေရီက ရှင့်ကို ချစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းခါယမ်းသည်။

"မဖြစ်နိုင်ဘူး မီ၊ ကိုယ်တို့ကိစ္စမှာ သူအရင်လမ်းခွဲပြီး နိုင်ငံခြားထွက်သွားဟာပဲ"

"ဪ…ဒီလိုဆို မေရီသာ လမ်းမခွဲခဲ့ရင် ရှင်က"

"ဟော့…လျှောက်မပြောနဲ့နော်၊ ကိုယ် မေရီကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

ထိုစကားကို သူမကတော့ မယုံချင်ပါ။ မေရီကိုတွေ့တာနှင့် သူ့မျက်နှာပျက်ခဲ့တာပဲ။ ရိုးသားတဲ့လူဆိုရင် ဘာမျက်နှာပျက်စရာရှိလဲ။

"ကျွန်မ မယုံဘူး"

"ဘာကြောင့်လဲ မီ၊ ကိုယ်သာချစ်ခဲ့ရင် မေရီနဲ့ လမ်းခွဲခဲ့ပါ့မလား"

"အို…ဟိုက နိုင်ငံခြားထွက်သွားလို့ မဟုတ်လားဟင်၊ ရှင်ကုမ္ပဏီကိစ္စနဲ့ နိုင်ငံခြား မကြာခဏသွားနေတာ၊ ဟိုမှာ ရှင်တို့ချင်း မတွေ့နိုင်ဘူးလို့ ပြောလို့ရမလား"

သူ့မျက်နှာကို စိုက်ကြည့်ကာ သူမ တစ်ခွန်းချင်းမေးလိုက်သည်။ သူ အံ့သြသလိုကြည့်၏။

ကြည့်စမ်း…ဒါက မိန်းမတစ်ယောက်ရဲ့ ဝန်တိုမှုပဲ၊ မီ သူလက်ထပ်ခဲ့ပေမယ့် မီဆီက အချစ်ကိုရဖို့ မျှော်လင့်ခဲ့၏။ သို့သော်





မီ့အချစ်တွေက ဒေါက်တာသော်ဇင်ထံ ကျန်နေခဲ့ပြီလားဟု ထင်ထားသမျှ ယခုတော့ မဟုတ်ပါလား။

မီ ဒီမိန်းကလေး သူ့ကိုချစ်နေတာပဲ၊ ဒါကြောင့်သာ မေရီနဲ့ အထင်လွဲကာ သူ့ကိုသဝန်တိုနေခြင်းဟု နားလည်လိုက်တော့ ကြည်နူးပီတိဖြစ်သွားရသည်။

"ရှင်ဘာကြည့်နေတာလဲ မောင်၊ ကျွန်မမေးတာဖြေလေ"

"အဟွန်း…မောင်ဖြေရင် မီက ယုံမှာမို့လို့လား"

"မယုံဘူး"

သူမ ခပ်ပြတ်ပြတ်လေးပြော၏။ သူက သူမပခုံးလေးကို တင်းတင်းဆုပ်ကိုင်ကာ မျက်နှာလှလှလေးကို တစိမ့်စိမ့်စိုက်ကြည့်၏။

"မီ…မီ မင်းကို မောင်သိပ်ချစ်တယ်သိလား"

"အို…ရှင်"

သူမကိုယ်လေး သူ့ရင်ခွင်ထဲ တင်းကျပ်စွာရောက်သွား၏။ ထို့နောက် ညင်သာသောအနမ်းများ။

"အို…ရှင် ဖယ်ပါ၊ မေရီဆီသွား"

သူ့ရင်ဘတ်ကို တွန်းထုတ်ကာ ပြောသည်။ ဒါပေမယ့် သူ့လက်အစုံက ခိုင်မြဲလွန်း၏။

"မောင်က မေရီဆီ ဘာကြောင့်သွားရမှာလဲ မီ၊ မေရီနဲ့

www.burmeseclassic.com



မောင် ဘာမှမပတ်သက်ဘူး၊ မောင်နဲ့ဆိုင်တာ မောင်ချစ်တာ ဟောဒီက မောင့်ဇနီးမိပဲ''

ရှိုက်ထောင်ချင်နေသော နှုတ်ခမ်းလေးကို သူ အတန်ကြာ ထိတ်စေ၏။ သူ့ရင်ခွင်ထဲမှာ သူမမျက်ဝန်းလေး မှေးမှိတ်သွားရ၏။

''မိ…မောင့်ကိုချစ်လား''

''ဟင့်အင်း''

''အဟွန်း…မိက ညာတတ်တယ်နော်''

''အို…မိ ဘာညာလို့လဲ''

မျက်တောင်ကော့ကြီးများပင့်ကာ ကြည့်ပြီး သူမမေးတော့ သူပြုံးသည်။ သူမ မျက်ခွံလေးတွေကို အသာရှိုက်နမ်းလိုက်၏။

''ညာတာပေါ့ဗျာ၊ မိ မောင့်ကိုချစ်လို့ [illegible] တာ''

''အို…ဒါက''

''ဘာမှထပ်မညာနဲ့၊ ဇနီးမယားတစ်ယောက်က ကိုယ့်ခင်ပွန်းအပေါ် သဝန်တိုတယ်ဆိုတာ ချစ်လို့ဗျ''

သူပြောတာ ဟုတ်နေသလားဟု ပထမဆုံးအကြိမ် သူ စဉ်းစားမိ၏။ မှန်တာပြောရလျှင် ကိုကိုနှင့်တုန်းက ဒီလိုခံစားချက်မျိုး သူမ မဖြစ်ဘူးပါ။ သူနဲ့ကျမှ…

''မောင်တော့ သိပ်ဝမ်းသာတာပဲ မိ''





''ဟင်…ဘာအတွက်လဲ မောင်''

''ဟောဗျာ…အဟွန်း မိက မောင့်ကိုချစ်လို့ပေါ့''

''အံမယ်…ဘယ်သူက သူ့ကိုချစ်တယ်လို့ ပြောလို့လဲ''

သူမ မျက်စောင်းလေးထိုးကာမေးတော့ သူ အသည်းယားသွား၏။ ယခုထိ ညာချင်တဲ့ ကောင်မလေးကို အပြစ်ခပ်ကြမ်းကြမ်းလေးပေးမှ။

''ဪ…ဒီလိုလား ဒါဆို ဟောဒီနှုတ်ခမ်းလေးကို အပြစ်ပေးမယ်''

''မောင်''

သူမက ကြောက်လန့်ဟန်လေးဖြင့် သူ့ရင်ခွင်မှ ရုန်း၏။ သူက မလွှတ်ဘဲ ပိုတိုးဖက်ကာ…

''ကြောက်လား''

''အင်း''

''ဒါဆို…ချစ်တယ်လို့ပြော''

''သိပ်အကျပ်ကိုင်တာပဲ''

တကယ်တော့ သူမရင်ထဲ အမှန်တရားကို သိနေပါပြီ။ သည်လူကို တွေ့စကတည်းက သူမစိတ်ဝင်စားခဲ့တာ။ မေမေတို့ ဘယ်လောက်ပဲ တိုက်တွန်းပါစေ သူမစိတ်ထဲက သူ့ကို မချစ်ခဲ့လျှင် ဘာအကြောင်းပြချက်နဲ့မှ လက်ထပ်ခဲ့လိမ့်မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်မလေး…မပြောဘူးလား"

"ဘာပြောစရာလိုသေးလဲ မောင်၊ တကယ်ဆို မောင်သိသင့်နေပြီ"

"ဗျာ…ဘာကိုလဲ"

"မီဆိုတဲ့ ကျွန်မက ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ လက်ထပ်ခဲ့တာလား"

"ဟင်…မီ မီက မောင့်ကိုချစ်လို့ လက်ထပ်ခဲ့တာပေါ့"

သူ အံ့သြမယုံကြည်နိုင်စွာမေးတော့ သူမအပြုံးလေးဖြင့် ခေါင်းညိတ်လိုက်သည်။ သူမျက်နှာပေါ်က အပြုံးသည် ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့မရအောင်ပါ။

"မီ…မီရယ်၊ မောင်ဝမ်းသာလိုက်တာဗျာ"

"အို"

စိတ်လှုပ်ရှားစွာဖြင့် သူ့အနမ်းတို့ကို သူမ တုံ့ပြန်လိုက်မိသည်။ တကယ်ချစ်လာပြီဆိုလျှင် ဟန်မဆောင်တတ်ကြဘူးလေ။

"ပြောစမ်းပါ မီ၊ မောင့်ကို ချစ်တယ်လို့"

လေးနက်စွာ သူတောင်းဆိုလာတာကြောင့် သူမ မျက်တောင်ကော့ကြီးပင့်ကာ သူ့ကို လှပသောအပြုံးဖြင့် ကြည့်မိ၏။ ထို့နောက်…

"မောင့်ကို မီသိပ်ချစ်ပါတယ်"





"မီရယ်"

ယခုတော့လည်း သူတို့နှစ်ဦးကြားမှာ မေတ္တာမိုးတို့ ငြိုးငြိုးချင်ရွာသွန်းလေပြီ။ ထိုည အဆုံးမရှိ ပျော်ရွှင်လျက် အေးမြ သာလေပြည်နှင့်အတူ ချစ်ခရီးလမ်းထဲ မမောတမ်း အတူလက်တွဲ သော လှမ်းလျှောက်နိုင်ခဲ့ပြီ မဟုတ်လား။

ကမ္ဘာပေါ်မှာရှိတဲ့ ချစ်သူတွေအားလုံး သူမတို့လို ပျော်ရွှင် ပလယာချမ်းမြေ့လိမ့်မည်ဟု ယုံကြည်လျက်…။

ပျော်ရွှင်ချမ်းမြေ့ပါစေ။

ရွှေအဥ္ဇလီ

BURMESE CLASSIC



www.burmeseclassic.com